The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 25 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 8, 2019

# မြန်မာ့ဝဥ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားခြင်းမှ စျေးကွက်ခိုင်မာရေးဆီသို့ ....

စာမျက်နှာ - ၈ ➢



## မူဆယ်နယ်စပ်တွင် သောင်တင်နေသည့် မြန်မာ့ဆန်များ တရုတ် ပြန်ဝယ်နေ

စာမျက်နှာ - ၉ ➢

## ယခု ဘဏ္ဍာနှစ် ကိုးလအတွင်း ITC ကတ်ဖြင့် ကျပ်သိန်း လေးသောင်းခုနစ်ထောင်ကျော် ကုန်သွယ်ထား

စာမျက်နှာ - ၁၁ ➢

## သီးနှံဖျက် ပိုးမွှားအန္တရာယ် ဇီဝနည်းဖြင့် ကာကွယ်

စာမျက်နှာ - ၂၅ ➢

MTKN LOGISTICS

A Myintthukhanadi Company

Myint Thukha Nadi Logistics Co.,Ltd

✓ Export & Import By Sea , Air & Boarder Services
✓ Warehouse Services
✓ Distribution Services
✓ Door To Door Delivery Services
✓ Cold Chain Transportation Services
✓ Commercial Shipment Handling
Services Packing, Documentation, Application for Permit, Customs Clearance, Container Stuffing, Fumigation Certificate, Apply Import Licence and Country of Original certificate as per customer's requirements.

Head office
No.408, Tower (B), Myaing Hay Wun Condo, 8th Miles, Mayangone Township, Yangon , Myanmar.

North Okkalarpa Branch
K52, Thiriyatanar Wholesale Market, Thudhamma Road, North Okkalarpa Township, Yangon, Myanmar. Phone : 09 977203012

Mandalay Branch
No. Za 21, Htein Kone Quarter, Pyigyitagon Township, Mandalay , Myanmar. Phone : 09977203011

Naypyitaw Branch
No.2196 Sitaung Street, Shwe Kyar Pin Quarter, Zubu Thiri Township, Naypyitaw, Myanmar. Phone : 09977203008

Monywa Branch
No.2, Konesi Dine Street, North Point of Highway Bus Station, Myo Taw Quarter, Monywa, Sagaing, Myanmar. Phone : 09977203009

Myawaddy Branch
No.204, Mahawthadar Street, (4)War,d Myawaddy Township, Myanmar. Phone : 09 977814298

09977203000 | www.myintthukhanadilogistics.com | MTKN Logistics

# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**











No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887



ဗုဒ္ဓံ ဓမ္မံ သံဃံ

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

# BHOME YAUNG CHI TRADING CO.,LTD











ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mrs. Suphatra Srimaitreephithak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mrs. Suphatra Srimaitree-phithak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား ကာလရှည်ကြာတည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် အစိုးရချင်း၊ ပြည်သူချင်း၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဒေသတွင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစွာ ပေါင်းစည်းပါဝင်နိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

MOC(IR)

# Ease of Doing Business Ranking တိုးတက်စေရေး ညှိနှိုင်းအစည်းအဝေး ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သည့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး၊ အထူးလုပ်ငန်းအဖွဲ့ (ရုံးလုပ်ငန်းအဖွဲ့)နှင့် IFC (World Bank Group) မှ ကိုယ်စားလှယ်အဖွဲ့တို့သည် Ease of Doing Business Ranking မြင့်မားစေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပထမထပ်၊ အစည်းအဝေးခန်းမ၌ ဇွန် ၂၁ ရက်တွင် နှစ်ပတ်တစ်ကြိမ်ဆွေးနွေးညှိနှိုင်းခြင်း အစည်းအဝေးကို ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက Doing Business Action Plan နှင့်ပတ်သက်၍ လာမည့် ၂၀၂၁ ခုနှစ်အတွက် အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ တစ်ခုချင်းမှ Reform သုံးခုစီ ဆောင်ရွက်ရမည်ဟု နိုင်ငံတော်ဒုတိယသမ္မတ (၁) က လမ်းညွှန်ခဲ့ကြောင်း၊ Doing Business Ranking တိုးတက်ရေးအတွက် Indicators Support Group များကို အရှိန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Communication Strategy အတွက် Communication Plan ကို သေချာစွာချမှတ်ပြီး ယခုထက်ပို၍ ဆောင်ရွက်မှသာလျှင် အများပြည်သူများ ပိုမိုသိရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားပါသည်။

CSM

(မြှင့်တင်ပြည်တွင်း-ရန်ကုန်)

Commerce

JOURNAL

**အတိုင်ပင်ခံစာတည်း**

အောင်မောင်း

မြင့်သူရ

ဦးဦးဟန်

**စာတည်းမှူးချုပ်**

အောင်သူရ

**အုပ်ချုပ်ရေးမှူး**

အေးအေးမော်

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ရဲမင်းနိုင်

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး၊ မော်မော်အောင်၊

ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**

သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)

ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊

ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊

မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)

ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)

စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**

ဦးမြတ်ထွန်းကျော်(၀၁၀၅၅)

အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**

သန်းစိုး

**ဖြန့်ချိရေး**

ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊

အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

သင်းသီရိအောင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

Vol: 19, No.25 Monday July 8 2019

# ဇွန်လအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းငါးသောင်းကျော် တင်ပို့

ဇွန်နောက်ဆုံးပတ်ဖြစ်သည့် ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၅၈၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၅၅၀၀ နီးပါး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၆၀ နီးပါး၊လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၅၀တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀ ခန့်လျော့ကျခဲ့ကြောင်းသိရသည်။ ဇွန် ၁ ရက်မှ ၂၈ ရက်အထိကာလအတွင်းအမေရိကန်ဒေါ်လာခုနစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၆၀၀၀ကျော်တင်ပို့ခဲ့ပြီး မေလတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၈၀၀၀ နီးပါး ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ဆန်အပြင်ဆန်ကွဲကို မူဆယ်နှင့်လွယ်ဂျယ်မှ ဇွန်လအတွင်း တန်ချိန် ၁၆၀၀ ကျော်တင်ပို့ခဲ့ပြီး မေလတင်ပို့မှုထက်ပိုမိုကြောင်းသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ခြောက်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန်၁၈၅၀၀ကျော် တင်ပို့ခဲ့သည်။ အာရှ၊ အာဖရိက၊အီးယူနိုင်ငံများသို့တင်ပို့ပြီး ယခုတစ်ပတ်မှာ ဖိလစ်ပိုင်နိုင်ငံသို့တန်ချိန် ၆၇၀၀ ကျော်၊အီးယူနိုင်ငံသို့ တန်ချိန် ၄၆၀၀ ကျော်၊ မက်ဒါဂါစကားနိုင်ငံသို့တန်ချိန် ၃၅၀၀ ကျော် အများဆုံးတင်ပို့ ခဲ့သည်။ ဇွန်လအတွင်းရေကြောင်းမှဆန်တင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၉ သန်းနီးပါးနှင့် တန်ချိန် ၉၅၀၀၀ ကျော်ဖြစ်ကြောင်းသိရသည်။ ဇွန်လအတွင်း ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ဖိုးနှင့် တန်ချိန် ၃၂၀၀၀ ကျော်ဖြစ်ကြောင်းသိရသည်။ ယခင်လတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်ရောဆန်ကွဲပါတင်ပို့မှုလျော့ကျခဲ့ကြောင်းသိရသည်။

ဇွန်လအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာဆန်တန်ချိန်၁၂၁၀၀၀ကျော်နှင့်ဆန်ကွဲတန်ချိန် ၃၄၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**



# ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့၌ ဇွန်လနောက်ဆုံးပတ် စပါး၊ ဆန်ဈေးအနည်းငယ်မြင့်၊ ဇူလိုင်လဆန်းဈေးနှုန်းတည်ငြိမ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက်မှာဇွန်လနောက်ဆုံးပတ်ကျုံပျော်၊ ဝါးခယ်မနှင့် မအူပင်မြို့နယ်များတွင် အရောင်းအဝယ်အနည်းငယ်သွက်သည့်အပေါ် စပါး၊ ဆန်ဈေးအနည်းငယ်မြင့်တက်မှုရှိကြောင်း ဈေးကွက်မှသိရသည်။

ဇွန်လနောက်ဆုံးပတ်ကျုံပျော်မြို့နယ်တွင် ယခင်နွေစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၅၇၀၀၀ မှ ၅၄၀၀၀၀၊ ဝါးခယ်မမြို့နယ်တွင် ယခင်ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၄၁၀၀၀မှ ၄၃၀၀၀၊ မအူပင်မြို့နယ်တွင်ပေါ်ဆန်စပါး ၄၆ တင်း ၁၀၀ ကို ကျပ် ၉၅၅၀၀၀ မှ ၉၆၆၀၀၀ ဖြစ်သွား၍ အဆိုပါမြို့နယ်များတွင်စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်မှုရှိသော်လည်း ယခုဇူလိုင်လပထမပတ်အတွင်း အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက် တည်ငြိမ်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# အရောင်းအဝယ်အေးနေသည့် ဝါးတန်းဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၏ လက်ကားဆန်ဈေးမှာ ဇူလိုင် ၄ ရက်ဈေးနှုန်းများအရ ပေါ်ဆန်းနယ်စုံ၊ ပေါ်ကွဲနယ်စုံ၊ ဧည့်မထနယ်စုံတို့မှာ ယခင်တစ်ပတ်အတိုင်းဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေပြီး ကုန်စည်ဒိုင်သို့ပုံမှန်ဝင်ရောက်မှုရှိကာ အရောင်းအဝယ်အေးလျက်ရှိသည်။

ဆန်ချောဖြစ်သည့်ပေါ်ဆန်း(ရှယ်စ)တစ်အိတ် ကျပ် ၃၈၀၀၀ မှ ကျပ် ၄၁၀၀၀ ဖြစ်သဖြင့် ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ကျပ် ၂၀၀၀- ကျပ် ၃၀၀၀ ခန့် ဈေးတက်လာသည်ကို တွေ့ရသည်။ ဆန်ကြမ်းဖြစ်သည့်ရက် ၉၀ ဆန်တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ မှ ကျပ် ၂၂၀၀၀၊ သီးထပ်ရှယ်ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ဖြစ်ပြီး ယခုတစ်ပတ်အတွင်း မှာပင် ရက် ၉၀ ဆန်တစ်အိတ်လျှင် အနိမ့်ဈေးမှ ကျပ် ၁၅၀၀၊ အမြင့်ဈေးမှ ကျပ် ၅၀၀ ခန့် နှင့် သီးထပ်ရှယ် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀ ခန့် ဈေးပြန်ကျလာသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမှ ဆန်ကြမ်းအသစ်များဝင်ရောက်လာသည့်အတွက် ဈေးကျရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေး ကွက်မှသိရှိရသည်။ ယခုတစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ဧရာဝတီတိုင်းဒေသကြီးမှ ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ဆန်အိတ်စုစုပေါင်း ၁၃၇၀၁၅ အိတ် ဝင်ရောက်ခဲ့သည်။

ရန်ကုန်ဈေးကွက်အတွင်း ရိုးရိုးဧည့်မထ ၂၅ မှတ်(ပြည်ပ)ဆန်တစ်အိတ်(၅၀ကီလို) လျှင် ၁၈၀၀၀-၁၈၅၀၀ ကျပ်ခန့်ဈေးရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀၊ ကျပ် ၇၀၀ ခန့် ဈေးတက်လာသော်လည်း ရိုးရိုးဧည့်မထ ၂၅ မှတ်ဆန်မှာ အရောင်းအဝယ်ပါးနေသည်။

CSM၊**မြင့်တင်-ပြည်တွင်း(ရန်ကုန်)**

# မိုးနှမ်းစိုက်ချိန် ရံဖန်ရံခါသာ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင်မိုးနှမ်းစိုက်ဧကမှာ လျာထားဧက ၈၄၆၇ ဧကတွင် ယခုအချိန်ထိစိုက်ဧကမှာ ၄၃၄၀၅ ဧက စိုက်ပျိုးပြီးစီးသေးသည်။ မိုးနှမ်းများစိုက်ပျိုးချိန်ဖြစ်၍ ဈေးကွက်တွင် ဈေးမငြိမ်မသက်ဖြစ်လျက်ရှိသည်။ အရောင်းအဝယ်မှာလည်း ရံဖန်ရံခါသာဖြစ်၍ အရောင်းအဝယ်ဖြစ်လျှင် အိတ် ၆၀-၇၀ သာဖြစ်သည်။

ယခုတစ်ပတ်တွင် နှမ်းနီနှင့်နှမ်းနက်ဈေးကျပြီး စမုံနက်နှမ်းဈေးမြင့်လာသည်ကိုတွေ့ရသည်။ နှမ်းဈေးများမှာနှမ်းနီတစ်တင်းလျှင် ကျပ် ၄၆၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဖြင့် ဝယ်လက်ရှိသော်လည်း ပစ္စည်းမရှိလို့ ဈေးကျလာသည်ကို တွေ့ရသည်။ စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးမြင့်လာကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၇-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၄ | ၄၀၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၄ | ၃၉၂ | ▽ | ၃၂၈ | ၃၂၃ | ▽ | ၃၈၀ | ၃၈၀ | □ | ၃၅၉ | ၃၅၈ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၃ | ၃၉၁ | ▽ | ၃၂၅ | ၃၁၈ | ▽ | - | - | - | ၃၅၄ | ၃၅၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၃၇၉ | □ | ၃၂၁ | ၃၁၃ | ▽ | - | - | - | ၃၄၉ | ၃၄၈ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၀ | ၃၈၀ | □ | ၃၀၆ | ၃၀၃ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၂၀ | ၃၂၂ | △ |
| ပေါင်းဆန် | ၄၂၉ | ၄၂၆ | ▽ | - | - | - | ၃၆၆ | ၃၆၆ | □ | - | - | - |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၅-၇-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၂၀ | □ | ၂၀၀၀၀ | □ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | △ | ၂၄၀၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | △ | ၂၃၀၀၀ | △ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၈၅၀၀ | □ | ၃၂၀၀၀ | □ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | ▽ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၇၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | △ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၅၀၀ | △ | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | △ |
| လှိုင်ကော် | ၈၃၉၀ | ▽ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

**၂၈-၆-၂၀၁၉ မှ ၄-၇-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 316 | 8 | - | - | - | 324 |
| | Form AANZ | 12 | - | - | - | - | 12 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 83 | 6 | - | - | - | 89 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 27 | 1 | - | - | - | 28 |
| | Form AK | 149 | 6 | - | - | - | 155 |
| | Form D | 223 | 16 | - | - | 1 | 240 |
| | Form DFTP | 4 | - | - | - | - | 4 |
| | Form E | 145 | 3 | - | - | - | 148 |
| | Form Korea | 11 | 1 | - | - | - | 12 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 970 | 41 | - | - | 1 | 1012 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၇-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၆ | ၅/၇ | ပြောင်းလဲမှု | ၂၈/၆ | ၅/၇ | ပြောင်းလဲမှု | ၂၈/၆ | ၅/၇ | ပြောင်းလဲမှု | ၂၈/၆ | ၅/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၅၄ | ၁၃၉၁ | ▲ | ၁၃၆၇ | ၁၃၀၀ | ▼ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၇၅ | ၁၃၅၀ | ▼ |
| ပဲစင်းငုံ | - | ၁၅၁၀ | - | ၁၆၈၃ | ၁၆၃၃ | ▼ | ၁၆၂၅ | ၁၆၃၅ | ▲ | ၁၆၇၅ | ၁၆၅၀ | ▼ |
| ပဲတီစိမ်း | ၁၆၆၅ | ၁၇၅၀ | ▲ | ၁၇၆၀ | ၁၈၁၃ | ▲ | ၁၆၈၄ | ၁၇၂၁ | ▲ | ၁၅၅၅ | ၁၆၆၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၈၅၀ | ▼ | ၁၄၁၅ | ၁၄၃၂ | ▲ | ၁၄၂၁ | ၁၄၂၁ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၇၉၃ | ၁၇၉၆ | ▲ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၂.၆.၁၉)ထိ | ယခုတစ်ပတ် (၂၉.၆.၁၉)ထိ | (၁.၁.၁၉) မှ (၂၉.၆.၁၉) ထိ |
| မတ်ပဲ | ၁၅၇၈၁၁ | ၆၀၈၅ | ၁၆၃၉၀၃ |
| ပဲတီစိမ်း | ၁၄၁၁၂၉ | ၄၈၆၁ | ၁၄၅၉၉၀ |
| ပဲစင်းငုံ | ၄၂၉၀၆ | ၃၀၅၀ | ၄၅၉၅၆ |
| ကုလားပဲ | ၄၆၂၀၉ | ၂၀၉ | ၄၆၄၁၈ |
| ပဲလွန်းဖြူ | ၂၇၈၂၁ | ၃၂၂ | ၂၈၁၄၃ |
| မြေထောက်ပဲ | ၇၃၄၇ | ၃၃ | ၇၃၈၀ |

## ပြည်မတ်ပဲဈေး လျော့သွားသော်လည်း ယခင်နှစ်ထက် ဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်၏ပဲသီးနှံအရောင်းအဝယ်ဖြစ်မှုအနေဖြင့် မတ်ပဲသီးနှံမှာ နေ့စဉ်ပုံမှန်ရောင်းဝယ်ခဲ့ပြီး အိတ် ၂၀၀/၃၀၀ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲဝင်ရောက်မှုမှာ အိတ် ၅၀/၁၀၀ခန့်သာ ဝင်ရောက်သော်လည်း လက်ကျန်ပဲများရှိခဲ့ခြင်းကြောင့် ရန်ကုန်ဝယ်လိုအားအဝယ်ရှိသလောက် ရောင်းချရပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၇၂၀၀ ဖြင့် ယခင်လဈေးထက်အနည်းငယ်ဈေးလျော့လာခဲ့ကြောင်းသိရသည်။ မတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ပဲဈေးနှုန်းဈေးအမြင့်ကြီးမရသော်လည်း ယခင်နှစ်က ဈေးထက်ဈေးပိုရလာသည်ကို တွေ့ရသည်။ ယခင်နှစ်က ဇူလိုင်လအတွင်း ရရှိခဲ့သော မတ်ပဲဈေးမှာတစ်တင်း ကျပ် ၂၃၀၀၀ ခန့်သာ ရရှိခဲ့သည်။

**ခင်ဆွေဝင်း (ပြည်)**

## ပြည်ပဲစင်းငုံသီးနှံ ရက်ခြားသာ ရောင်းဝယ်မှုဖြစ်

ဇူလိုင်လပိုင်းတွင်ပြည်ပဲဈေးကွက်၌ အခြားပဲများ နေ့စဉ်ရောင်းဝယ်မှုရှိသော်လည်း ပဲစင်းငုံသီးနှံမှာ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲအဝင်မရှိဘဲ လက်ကျန်လှောင်ပဲများဖြင့် ရန်ကုန်ဝယ်လက်ဝယ်လိုအားပေါ်မူတည်၍ ရောင်းချခဲ့ရကြောင်းသိရသည်။

ထို့ကြောင့် အရောင်းအဝယ်ဖြစ်သည့်အခါ တစ်ရက်အိတ် ၂၀၀/၃၀၀ကျော် ရောင်းဝယ်မှုဖြစ်ပြီး ပဲဈေးမှာ ဇွန်လကုန်ဈေးနှုန်းထက်အနည်းငယ်လျော့သွားပြီး တစ်တင်း ကျပ် ၃၂၅၀၀နှင့်၃၃၀၀၀အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလေ့လာသိရှိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## အရောင်းအဝယ်ပုံမှန်ဖြစ်နေသည့် ပြည်မြေပဲဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အနေဖြင့် မိုးမြေပဲ လျာထားဧကမှာ ၄၃၃၁၁ ဧကဖြစ်ပြီး ယနေ့ထိစိုက်ဧကမှာ ၃၃၉၇၈ ဧက သာစိုက်ပျိုးနိုင်သေးသည်။ မိုးမြေပဲများ စိုက်ပျိုးချိန်ဖြစ်သော်လည်း မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ထက်စာရင် ဈေးမြင့်လာသည်။ ဝင်ရောက်မှုမှာလည်း ယခုအချိန်ထိရှိနေသေးသည့်အတွက် ဈေးကွက်တွင် တစ်နေ့လျှင် ဆီဆန်ရောလုံးဆန်ပါ အိတ် ၃၀၀-၄၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်တစ်ပိဿာလျှင် (ဖြူ)မှာကျပ် ၃၁၅၀ (နီ)မှာ ကျပ် ၃၄၅၀ ဖြစ်ပြီး လုံးဆန်ဈေးမှာ (ဖြူ)တစ် ပိဿာလျှင် ကျပ် ၃၄၅၀ နှင့် (နီ) တစ်ပိဿာလျှင် ကျပ် ၃၇၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

## တညင်းကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇွန် ၂၄ ရက်မှ ၃၀ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၂၀၀ မှ ၁၄၅၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၉၅၀ မှ ၁၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၈၀၀ မှ ၁၁၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၈၀၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၈၀၀ မှ ၄၀၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၅၀၀ မှ ၇၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၁၅၀၀ မှ ၁၆၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀ မှ ၉၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ) ကျပ် ၂၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၆၀၀၊ ချင်း (ပိဿာ)ကျပ် ၂၆၀၀ မှ ၂၈၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၁၃၀ မှ ၁၇၀ အတွင်း၊ ရုံပတီသီး(တောင့်) ကျပ် ၆ မှ ၁၀ အတွင်း၊ ကန်စွန်းရွက်(တရုတ်)(စီး) ကျပ် ၂၀၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၅၀မှ ၆၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၂၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၃၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၁၅၀ မှ ၂၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၁၅၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) (၁) တောင်းကျပ် ၇၀၀၀ မှ ၈၀၀၀ အတွင်း၊ သရက်သီးမှည့်(ရင်ကွဲ/လတ်) (၁)တောင်းကျပ် ၉၀၀၀ မှ ၁၀၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်းကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ကြက်သွန်ဖြူ(ရှမ်း)၊ ကြက်သွန်ဖြူ (ကြူကုတ်)နှင့်ချင်းတို့မှာ ဈေးတက်နေပြီး တညင်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံး ပေါင်း ၅၀၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၂၆၂၈၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၇၀၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၂၁၅၀၀ ကျော်၊ ဂေါ်ဖီထုပ် ပေါင်း ၅၆၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ် ပေါင်း ၅၀၅၀၀ ကျော် နှင့် မုန်ညင်း (ထုပ်)ပေါင်း ၉၀၀၀ ကျော် ကုန်အဝင်ရှိကြောင်း သိရသည်။ သရက်သီးမှည့်(ရင်ကွဲ) (သေး/လတ်/ကြီး) တောင်းပေါင်း ၂၂၀၀ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## ပခုက္ကူကုန်စည်ဒိုင်နှင့် ရေစကြိုကုန်စည်ဒိုင်တို့တွင် ပြောင်းဖူးစေ့(CP)နှင့် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံအရောင်းအဝယ်ဖြစ်မှုအခြေအနေမှာ အနည်းငယ်အေးနေပြီး ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ အသစ်တစ်တင်းလျှင် ကျပ် ၃၂၈၀၀ဖြင့် အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အိတ်၅၀၊ ကုလားပဲသုံးမျိုးမှာလည်း အနည်းငယ်ဈေးငြိမ်နေသည်။

ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ၂၇၂၀၀ ကျပ်ဖြင့် အိတ် ၅၀၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၇၀၀၀ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၇၂၀၀ ဖြင့် အိတ် ၅၀၊ စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့် အိတ် ၅၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၃၅၀၀-၃၃၈၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၉၀၀-၁၈၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၈၆၀၀-၈၇၀၀-၈၈၀၀ ဖြင့် အိတ် ၁၀၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရေစကြိုကုန်စည်ဒိုင်တွင် ပြောင်းဖူးစေ့(CP)မှာ နေ့စဉ်အိတ်ရေ တစ်ထောင်ကျော် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ရေစကြိုကုန်စည်ဒိုင်၏ ယနေ့ပြောင်းဖူးစေ့ပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၈၆၀၀ ဖြင့် အိတ် ၂၀၀၀၊ ပဲတီစိမ်းကြီးမှာအရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၃၂၅၀၀ မှ ၃၃၅၀၀ ထိ အိတ် ၁၀၀၀၊ စွန်တာနီတစ်တင်းလျှင် ကျပ်၁၇၇၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၈၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၁၅၀၀-၂၂၀၀၀၊ မြေပဲနီလုံးဆန်(မြောင်)ဆန်တစ်ပိဿာလျှင် ၃၄၀၀ ကျပ်၊ ကျွန်းမြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ဘိုကိတ်ပဲသီးနှံ လက်လီ/လက်ကားရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ်ပြည်ဈေးကွက်အတွင်း လက်လီရောင်းဝယ်မှုဖြစ်နေသည့် ပဲများစွာရှိခဲ့ပြီး ဈေးငြိမ်ရောင်းဝယ်နေခဲ့သော်လည်း ဘိုကိတ်ပဲသီးနှံသည် ယခုလဆန်းရက်မှာဈေးအနည်းငယ်ပိုလာသည်ကို တွေ့ရသည်။ လက်ကျန်ပဲများ လက်လီသမားဝယ်ယူမှုအပေါ် နေ့စဉ်အိတ် ၂၀ ကျော် ရောင်းချခဲ့ရ၍ တစ်ခါတစ်ရံ လက်ကားဝယ်ယူမှုများလည်းရှိကြောင်း သိရသည်။

လက်ကားရောင်းဝယ်သည့်ရက်တွင် အိတ် ၁၀၀ကျော်ရောင်းချမှုရှိပြီး ပဲဈေးမှာတစ်တင်း ကျပ် ၁၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်နှစ်က ဘိုကိတ်ပဲသီးနှံဈေးမှာလည်း ဇူလိုင်လအတွင်း တစ်တင်း ကျပ် ၁၈၀၀၀ ခန့်သာရရှိခဲ့ရာ ယခုနှစ်နှင့်ဈေးသိပ်မကွာခြားမှုမရှိကြောင်း သိရှိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ဟသ်ာတ မတ်ပဲဈေး အနည်းငယ်ကျ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် ဇွန်လ တတိယပတ်က မတ်ပဲတစ်တင်းလျှင် ကျပ် ၂၈၀၀၀ မှ ကျပ် ၂၈၄၀၀အတွင်း အတက်အကျဖြစ်ခဲ့ပြီး ဇွန်လနောက်ဆုံးပတ်တွင် ကျပ် ၂၈၀၀၀ အောက် စတင်ကျဆင်းလာခဲ့ရာ ဇူလိုင် ၁ရက်တွင် ၂၇၆၀၀ ကျပ်နှင့် ဈေးစတင်ဖွင့်ခဲ့ပြီး ဇူလိုင် ၄ရက် တွင် ကျပ် ၂၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ တစ်လဆိုင်း၊ ၁၅ ရက်ဆိုင်း ကြိုရောင်း၊ ကြိုဝယ်များ အရောင်းအဝယ်မဖြစ်ဘဲ လက်ငင်းရောင်းဝယ်မှုများသာရှိပြီး နေ့စဉ် အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**မောင်မောင်မြတ်ခိုင်**

# ဩစတြေးလျနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ နည်းပညာအကူအညီရယူရေးကိစ္စများ တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ဩစတြေးလျနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များဖြစ်သူ Mr. Allan Asher နှင့် Mr. Carl Buik တို့နှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်) နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ နည်းပညာအကူအညီရယူရေးကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အဓိကအားဖြင့် စားသုံးသူရေးရာ ဦးစီးဌာနမှတာဝန်ရှိသူများက စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနသည် နေပြည်တော်(ရုံးချုပ်)တွင် ဌာနခွဲခြောက်ခုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများကို ဖွဲ့စည်းထားကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀/၂၀၁၄) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ပြန်လည်ပြင်ဆင်ရေးဆွဲကာ စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉/၂၀၁၉)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ၂၀၁၄ အရ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး စားသုံးသူတိုင်ကြားမှုများကို လျင်မြန်ချောမွေ့စွာ လက်ခံဆောင်ရွက်နိုင်ရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စားသုံးသူသတင်းအချက်အလက်ဖြန့်ဖြူးရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနများကို ဖွဲ့စည်းထားကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ နှင့်အညီ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပညာပေးလုပ်ငန်းများ၊ အလေ့ဂရုပြုမှုတိုးတက်စေရေးလုပ်ငန်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများအတွက် အရေးယူဆောင်ရွက်သောလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတွက် အရင်းမြစ်တည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာအကူအညီပေးအပ်မည်ဆိုပါက ရယူလိုပါကြောင်း ဆွေးနွေးခဲ့သည်။

ဩစတြေးလျနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက အာဆီယံ-ဩစတြေးလျဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအစီအစဉ်အဆင့်(၂)အရ အာဆီယံနိုင်ငံများ၏ အရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာ အကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေတွန်းအားပေးဆောင်ရွက်သောလုပ်ငန်းများ၊ ဈေးကွက်စုံစမ်းစစ်ဆေးသောလုပ်ငန်းများ၊ စားသုံးသူအရေးယူဆောင်ရွက်မှုလုပ်ငန်းများ၊ စားသုံးသူပညာပေးမှုနှင့် အလေ့ဂရုပြုမှုတိုးတက်စေရေးလုပ်ငန်းများ၊ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး၊ စားသုံးသူကြွေးမြီနှင့်ဘဏ်လုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတို့တွင် အရင်းအမြစ်တည်ဆောက်ရေးအတွက် နည်းပညာအကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း၊ Online မှတစ်ဆင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းခြင်း၊ Online Business Code of Conduct ရေးဆွဲခြင်းစသည့်နယ်ပယ်များတွင်လည်း နည်းပညာအကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း၊ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ အပါအဝင် လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

**မျိုးမျိုးထိုက် (စားသုံးသူရေးရာဌာနခွဲ-နေပြည်တော်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းဈေးကွက် အခြေအနေများ

၂၀၁၉ ခုနှစ် ဇွန်လအတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၃၃၀ တန်ဖိုးရှိ ကြက်သွန်နီ ငါးတန် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၈၄၅၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၂၂ တန်ကျော်၊ အမေရိကန်ဒေါ်လာ ၆၆၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် အရေအတွက် ၃၃၀ ၊ အမေရိကန်ဒေါ်လာ ၃၀၀ တန်ဖိုးရှိ ပလတ်စတစ်ဖျာ သုည ဒသမ ၃ တန်၊ အမေရိကန်ဒေါ်လာ ၄၆၀ တန်ဖိုးရှိ ပဲနို့ဘူး အရေအတွက် ၂၇၁ ဒသမ ၄တို့ဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏတန်ဖိုး ၂၁၂၀၀ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေး စခန်းစာရင်းများအရ သိရှိရသည်။

၂၀၁၉ ခုနှစ် ဇွန်လအတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန် အိတ် စုစုပေါင်း ၃၉၀၀ အိတ် တန်ချိန်အားဖြင့် ၁၉၅ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၂၄၅၀၅ အိတ်၊ မန္တလေးမြို့မှ၄၂၉၀ အိတ်၊ ရွှေဘိုမြို့ မှ ၁၉၃၅ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၃၀၇၃၀ အိတ် တန်ချိန်အားဖြင့် ၁၅၄၂ ဒသမ ၉၉ တန် တင်သွင်းခဲ့သည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၇၂၅၃၆ အိတ် တန်ချိန်အားဖြင့် ၃၅၅၃ ဒသမ ၃၀ တန်နှင့် အာလူး တင်ပို့မှုအနေဖြင့် ၃၀၀ အိတ် တန်ချိန်အားဖြင့် ၁၅ တန်ခန့်၊ ကြက်သွန်ဖြူ တင်ပို့မှုအနေဖြင့် ၁၅၁၀ အိတ် တန်ချိန် အားဖြင့် ၇၄ တန်၊ ပဲစင်းငုံ တင်ပို့မှုအနေဖြင့် ၁၀၁၅ အိတ် တန်ချိန်အားဖြင့် ၄၉ တန်၊ ဖာလာ တင်ပို့မှုအနေဖြင့် ၈၈၈ အိတ် တန်ချိန်အားဖြင့် ၄၃ တန်ခန့် တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင်(ကယား)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇.၆.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - PACITA | TEU 830 တင်TEU 573 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - ISEACO GENESIS | TEU 774 တင်TEU 596 ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BISCAYNE LIGHT | ဆန်တန်ချိန် ၂၀၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်း(၂) | - TAN BINH-257 | SteelProduct ၁၆၀၅၀ ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - SINAR BINTAN | TEU 620 တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - MCC HALONG | TEU 878 တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - TAN BINH-79 | Corn(In Bulk) ၇၃၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ATLANTIC TRADE | ဆန်တန်ချိန် ၂၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - TRUON MINH STAR | Urea (In Bulk) ၈၅၈၅ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - BOX ENDEAVOUR | TEU 889 တင်TEU 340 ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - AREZOO | TEU810 တင်TEU 393ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Diesel Oil ၁၆၄၆၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SPRING AMIR | PKG Project Cargo ၅၂ ချရန် | MITT | ၂၈.၆.၂၀၁၉ |
| SIBI | Clinker (In Bulk) ၂၃၅၀၀ ချရန် | MALAYSIA | ၂၉.၆.၂၀၁၉ |
| VENTO GRECALE | Steel D,Bars ၂၅၀၀၀ ချရန် | UAE | ၂၉.၆.၂၀၁၉ |
| LADA | G/C,(4 Unite Contr) ၇၃ ချရန် | RUSSIA | ၁.၇.၂၀၁၉ |
| LE LI | City Bus &G/C ၁၅၄၄ ချရန် | CHINA | ၁.၇.၂၀၁၉ |
| MOON LIGHT | Concrete X Block ၁၆၁၂ ချရန် | BINGALARDESH | ၂.၇.၂၀၁၉ |
| PACIFIC MERIT | Steel& Fertilizer ၂၃၆၁၇ ချရန် | CHINA | ၅.၇.၂၀၁၉ |
| HONG KAI | Steel ၁၈၀၀၀ ချရန် | CHINA | ၅.၇.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၆.၂၀၁၉ |
| ALS SAT SUKI | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇.၆.၂၀၁၉ |
| CAPR FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၆.၂၀၁၉ |
| MCC DHAKA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၉.၆.၂၀၁၉ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၆.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၆.၂၀၁၉ |
| SINAR BANDUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၇.၂၀၁၉ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၇.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၇.၂၀၁၉ |
| PRESIDIO | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၄.၇.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၇.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | DIESEL OIL | - | ၂၇.၆.၂၀၁၉ |
| MT.OCEAN MORY | DIESEL OIL | - | ၂၈.၆.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၂၉.၆.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.YU HAI | DIESEL OIL | SINGAPORE | ၂၉.၆.၂၀၁၉ |
| MT.GLORY SRTAR | DIESEL OIL | SINGAPORE | ၃၀.၆.၂၀၁၉ |
| MT.YU DONG | DIESEL OIL | SINGAPORE | ၁.၇.၂၀၁၉ |
| MT.OCEAN PORPOISE | DIESEL OIL | SINGAPORE | ၁.၇.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂.၇.၂၀၁၉ |
| MT.GLORY OCEAN | DIESEL OIL | SINGAPORE | ၄.၇.၂၀၁၉ |
| MT.ANTARES | P.Oil(In Bulk) | INDONESIA | ၅.၇.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၆.၇.၂၀၁၉ |
| MT.AU GEMINI | P.Oil(In Bulk) | INDONESIA | ၇.၇.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၁၀.၇.၂၀၁၉ |

## မိတ္ထီလာတွင် ငရုတ်သီးဈေးကျဆင်း

ဇွန်လနောက်ဆုံးပတ် မိတ္ထီလာဈေးကွက်မှာ ငရုတ်သီးဈေးကျကြောင်း သိရသည်။ ငရုတ်သီး (အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ငရုတ်သီး (အစို) တစ်ပိဿာလျှင် ကျပ် ၂၅၀၀- ကျပ် ၃၀၀၀ ဈေးရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ငရုတ်သီး(အစို) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးကျကြောင်းသိရသည်။ ယင်းသို့ ငရုတ်သီး ဈေးကျရခြင်းမှာ တရုတ်လိုင်းဘက်မှ အဝယ်ရပ်ခြင်း၊တမူးဘက်မှလည်း ငရုတ်သီးများဝင်ရောက်မှုရှိ၍ဖြစ်ကြောင်း ငရုတ်သီးကုန်သည်များထံမှသိရှိရသည်။

**မူမူသန်း(မိတ္ထီလာ)**

## ကြက်သွန်

# ပြည်ကြက်သွန်ဖြူ ပုံမှန်ဝင်ရောက်မှုရှိပြီး ဈေးငြိမ်လာ

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ဝင်ရောက်မြဲအတိုင်း ဝင်ရောက်လျက်ရှိနေပြီး အရည်အသွေး၊ အရွယ်အစား ကောင်းမွန်လာသည်ကို တွေ့ရသည်။ ရှမ်းကြက်သွန်ဖြူဈေးအနည်းငယ်ကျလာသည်ကို တွေ့ရသည်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးသည်တစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစကျပ် ၂၃၀၀၊ ကျပ် ၂၅၀၀ နှင့် (ကြူကုတ်စ)ကျပ် ၃၆၀၀၊ ကျပ် ၃၇၀၀ ဈေးတို့ဖြစ်သည်။ ဒေသတွင်းလက်လီဈေးကတော့ (ရှမ်းစ) ကျပ် ၂၈၀၀၊ ကျပ် ၃၀၀၀ နှင့် (ကြူကုတ်) ကျပ် ၄၀၀၀ မှ ၄၄၀၀ တို့ဖြင့် ယခင်တစ်ပတ်ဈေးတူရောင်းချလျက်ရှိနေသည်။ ပွဲရုံများတွင် ကြက်သွန်ဖြူအိတ် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရသည်။

**နီနီဝင်း(ပြည်)**

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း အရောင်းအဝယ်အေး

ယခုတစ်ပတ်တွင်ပြည်ဈေးကွက်၌ ကြက်သွန်နီသီးနှံမှာ အဝင်လည်းနည်းသလို အရောင်းအဝယ်မှာလည်း အေးနေကြောင်းသိရသည်။ ဆိပ်ဖြူ ပခုက္ကူ ရေနံချောင်းစသည့် နယ်များမှကြက်သွန်နီများ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၁၅၀/ ၂၀၀/ ၂၅၀ ခန့်စသည်ဖြင့် နေ့စဉ် ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

အရည်အသွေးကောင်း ကြက်သွန်နီများဖြစ်သည်နှင့် အညီ ဈေးအမြင့်နှင့် ဝင်ရောက်မှုရှိနေသည့်အတွက် ပြည်ပွဲရုံလုပ်ငန်းရှင်များမှ ဈေးကွက်ရောင်းလိုအားပေါ် မူတည်၍မှာယူတင်သွင်းလျက်ရှိသဖြင့် ဝင်ရောက်မှုနည်းခြင်းဖြစ်ကြောင်း သိရသည်။ အရောင်းအဝယ်အနေဖြင့် ဈေးမြင့်နေသည့်အတွက် ဝယ်လိုအားမကောင်းဘဲ ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဧရာဝတီ၊ရခိုင်တို့သို့ အိတ်အနည်းငယ်တင်ပို့မှုအပါအဝင် ဝင်ရောက်မှု၏ ထက်ဝက်ခန့်သာ အရောင်းအဝယ်ရှိသည့်အတွက် မိုးနှင့်အတူ အရောင်းအဝယ်အေးနေကြောင်းသိရသည်။

ဈေးနှုန်းများမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် (၁၀၀၀/၉၀၀/၈၅၀-၈၀၀) ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် (၁၃၀၀/၁၂၀၀-၁၁၀၀/၁၀၀၀-၉၀၀)စသည်ဖြင့် အသီးသီး ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# အရောင်းအေးသော်လည်း ဈေးတက်နေသည့် မိတ္ထီလာကြက်သွန်နီ

ဇွန်လနောက်ဆုံးပတ်တွင် မိတ္ထီလာဈေးကွက်အတွင်းသို့ ကြက်သွန်နီအဝင်နည်းသော်လည်းအရောင်းအေးပြီး ဈေးအနည်းငယ်တက်ကြောင်းသိရသည်။ တင်ပို့မှုအနေဖြင့် ရန်ကုန်၊ မော်လမြိုင်ဘက်သို့ ပုံမှန်တင်ပို့မှုသာရှိကြောင်း တရုတ်လိုင်းဘက်သို့လည်း ကြက်သွန်နီအောက်စအနည်းငယ်သာထွက်ရှိကြောင်း သိရသည်။

ဝင်ရောက်မှုအနေဖြင့် မိတ္ထီလာပွဲရုံများသို့ကြက်သွန်နီဝင်ရောက်မှုနည်းကြောင်း၊ တစ်ရက်လျှင် အဝင်ပိဿာနှစ်သောင်းဝန်းကျင်ခန့်သာရှိကြောင်း၊ ကြက်သွန်နီကုန်သည်များ ကျေးရွာများသို့ဆင်း၍ ဝယ်ယူကြကြောင်း၊ တောင်သူများအနေဖြင့် ဈေးစောင့်၍ မရောင်းကြကြောင်း၊ တောင်သူများလက်ဝယ်တွင် ကြက်သွန်နီ လက်ကျန်များရှိသေးကြောင်းသိရသည်။ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၆၀၀- ကျပ် ၉၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၆၅၀- ကျပ် ၉၅၀ထိရှိကြောင်း ကြက်သွန်နီကုန်သည်များထံမှသိရသည်။

**မူမူသန်း(မိတ္ထီလာ)**

## မန်ကျည်း

# ပြည်မန်ကျည်းမှည့် နယ်ဝယ်လက်ရှိလာ

ပြည်ပွဲရုံများသို့ မန်ကျည်းမှည့်ဝင်ရောက်မှု ပုံမှန်ရှိနေသည်။ ယခုတစ်ပတ်အတွင်း နယ်ဝယ်လိုအားရှိလာကြောင်း သိရသည်။ ဒေသတွင်း လက်လီသမားများ အစွဲနည်းလာကာ ရခိုင်၊ နေပြည်တော်၊ ရန်ကုန်၊မော်လမြိုင်တို့မှ အဝယ်ရှိခြင်းကြောင့် ရက်သတ္တပတ်အတွင်း ပိဿာချိန် ၄၀၀ နီးပါး တင်ပို့ခဲ့ရကြောင်းလည်း သိရသည်။

ယခုတစ်ပတ်မန်ကျည်းမှည့် (ပွဲရုံ)ဈေး တစ်ပိဿာ (အသား) ကျပ် ၁၉၅၀ နှင့် ဒေသတွင်း လက်လီတစ်ပိဿာဈေး ကျပ် ၂၅၀၀တို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ရခိုင်ဝယ်လက်များကတော့ (အစေ့ပါ) မန်ကျည်းမှည့်များပါ တင်ပို့ရပြီး တစ်ပိဿာဈေး ကျပ် ၁၂၀၀ ဖြစ်ကြောင်းလည်း သိရသည်။

**နီနီဝင်း(ပြည်)**

# မန်ကျည်း တန်ချိန် ၂၀၀ကျော် တင်ပို့

ဇွန် ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၂၀၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၁၀ နှင့် စင်ကာပူနိုင်ငံသို့ ၉၂ တန်တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း၁၅၂ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၅၂ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈၇၀၀ ဒေါ်လာဝင်ငွေ ရရှိခဲ့သည်။

**သီတာဝင်း(DOT)**



## ချင်း

# ယခုတစ်ပတ် ချင်းပြန်လည်တင်ပို့

ဇွန် ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း ချင်း၁၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၃၆တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၃၅ တန် တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အများဆုံးတင်ပို့ခဲ့သည်။ ယခင်တစ်ပတ်က အပို့ပျောက်ခဲ့သောချင်းက ယခုတစ်ပတ်မှပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်သည်။

ယခုတစ်ပတ်မှာ ချင်းခြောက်က တစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၈၃၀ ဒေါ်လာဝန်းကျင်ရရှိပြီး ချင်းစိုက တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၅၀ ဝန်းကျင် ရရှိခဲ့ကြောင်းသိရသည်။ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၃၈၈၂ ဒေါ်လာဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**



# ပြည်ချင်း ရောင်းဝယ်ရေးသမားတချို့ ချင်း(ဥမ)မျှော်

ပြည်ချင်းပွဲရုံများတွင်လက်ကျန်ချင်းများဖြင့်သာ အရောင်းအဝယ်ပြုနေကြပြီး အရည်အသွေးမလှခြင်းကြောင့်ချင်းကို လိုသလောက်သာ ဝယ်ယူရောင်းဝယ်လျက်ရှိနေခြင်းကြောင့် အရောင်းအဝယ်(ပွဲရုံ)သမားတချို့ချင်းအတက် (ဥမ)များကို မျှော်နေကြောင်းသိရသည်။ လက်လီလောက်သာ ရောင်းဝယ်နေမှုကြောင့် ရောင်းဝယ်ရေးမှာ အနည်းငယ် အေးလာကြောင်း သိရသည်။ ချင်းဈေးကလည်း မကျ၊ အရည်အသွေးကလည်း ညံ့ခြင်းကြောင့် ဥမ အမြန်ဝင်ရောက်လာမှသာ ချင်းဈေးလည်း ပုံမှန်ဖြစ်ပြီး အရောင်းအဝယ်ပြန်ကောင်းလာမည်ဟု ပွဲရုံပိုင်ရှင်တစ်ဦးကဆိုသည်။

ယခုတစ်ပတ်ချင်း ဈေးသည် (ပွဲရုံဈေး) ကျပ် ၂၅၀၀၊ ကျပ် ၂၆၀၀ ဖြစ်ပြီး (လက်လီဈေး) ကျပ် ၃၆၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ခါးလှီးချင်း တစ်ပိဿာဈေးကတော့ ကျပ် ၄၀၀၀ ဖြင့်ရောင်းချနေသည်။

**နီနီဝင်း(ပြည်)**

## နနွင်း

# ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

လက်ရှိအချိန်တွင် ရှမ်းနနွင်းသည် ဈေးကွက်သို့ အတော်အသင့်ဝင်ရောက်နေပြီဖြစ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အောင်ပန်းဈေးကွက်တွင် ဆင်တောင်နနွင်း ပိုပြီးအရောင်းအဝယ်ဖြစ်နေသည်။ ယခုနှစ်တွင် ပြည်ပဝယ်လက်အားနည်းပြီး ပြည်တွင်းသုံးအတွက်သာ ဝယ်ယူမှုရှိနေခြင်းကြောင့် ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ဒေသခံပွဲရုံများမှ သိရသည်။ ရှမ်းနနွင်းမှာ ဈေးကွက်တွင် အရည်အသွေးပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိနေသည်။ ဆင်တောင် တောင်ပို့လ နနွင်း(၁)ကို အမှုန့်ကြိတ်ရန်နှင့် ပရဆေးဖော်ရန်အတွက် ဝယ်ယူနေပြီး တောင်ပို့လစ(၂)ကို ခြင်ဆေးခွေပြုလုပ်ရန်အတွက် ဝယ်ယူနေသည်။

ယခုတစ်ပတ် အောင်ပန်းဈေးကွက်တွင် နနွင်းတစ်ပိဿာပေါက်ဈေးမှာ ဆင်တောင်နနွင်း ကျပ် ၂၀၀၀၊ တောင်ပို့လစ(၂)က ကျပ် ၁၆၀၀ နှင့် တောင်ပို့လစ(၁) မှာ ကျပ် ၁၀၀၀ ဈေးရှိကြောင်း သိရသည်။

**ဇေခိုင်၊ တောင်ကြီး**

# ယခုတစ်ပတ် နနွင်းတင်ပို့မှုလျော့

ဇွန်၂၃ရက်မှ၂၉ရက်သီတင်းပတ်အတွင်း နနွင်း ၃၂၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၂၈ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၄၀နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ ၅၆ တန်တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နနွင်း၅၆၅ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၀ ကျော် တင်ပို့မှုလျော့နည်းခဲ့သည်။ ယခုတစ်ပတ် နနွင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၀၀-၇၁၅ ရရှိခဲ့သည်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၁၆၈၀ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

# မြန်မာ့ဝဥ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားခြင်းမှ ဈေးကွက်ခိုင်မာရေးဆီသို့ ....



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၂ ရက်တွင် တရုတ်နိုင်ငံ ကူမင်းမြို့ Dianchi International Convention and Exhibition Center ၌ ကျင်းပပြုလုပ်သည့် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အတူ ချင်းတောင်ရတနာကုမ္ပဏီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Newstar Konijac Co.Ltd. တို့အကြား ဝဥနည်းပညာနှင့် အရည်အသွေးမြှင့်တင်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် အရည်အသွေးမြင့် ဝဥခြောက်ရောင်းဝယ်ရေး နားလည်မှုသဘောတူစာချုပ်ချုပ်ဆိုပွဲသို့ တက်ရောက်ခဲ့ကြောင်းနှင့် ချင်းပြည်နယ်မှ ဝဥနှစ်စဉ်တန်ချိန် ၅၀၀ ခန့် ခန့်မှန်းတန်ဖိုးအမေရိကန်ဒေါ်လာ ၅ သန်းရောင်းဝယ်ရေး စာချုပ်နှင့်အခြား ကုန်သွယ်မှုစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ဇွန် ၁၃ ရက်တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာအရသိရှိရသည်။ ထိုသို့ဈေးကွက်ခိုင်မာမှု အလားအလာကောင်းများ ပေါ်ပေါက်လာပြီဖြစ်သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်ရန် လိုအပ်လာပြီဖြစ်သည်။

ဝဥကို အင်္ဂလိပ်အမည် Yam ဟုခေါ်ဆိုပြီး နိုင်ငံတကာအခေါ်အဝေါ်မှာ Elephant foot ဖြစ်ပါသည်။ ဝဥ၏ မူရင်းဒေသမှာ အရှေ့တောင်အာရှ အင်ဒိုနီးရှားကျွန်းဆွယ်ဖြစ်ပြီး အပူပိုင်းဒေသနှင့် အာဖရိကဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်ပါသည်။ ကမ္ဘာတွင် ဝဥမျိုးပေါင်း ၁၃၀ ခန့်ရှိပြီး ၁၂ မျိုးခန့်ကိုသာ ဖော်ထုတ်သုံးစွဲလျက်ရှိကြောင်း သိရှိရသည်။ အာဖရိက၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အပူပိုင်းပစိဖိတ်ကျွန်းများတွင် အဓိကစိုက်ပျိုးသည့် အပူပိုင်းဥသီးနှံဖြစ်သည်။ ဝဥ စတင်ပေါက်ရောက်သော ဒေသသည် အင်ဒိုနီးရှားကျွန်းဆွယ်ဖြစ်ပြီး ဂျပန်နိုင်ငံကို ခရစ်နှစ် ၇၀၀ မတိုင်မီက ကိုရီးယားနိုင်ငံဘက်မှတစ်ဆင့် ဆေးဝါးအနွယ်အဖြစ် ဝင်ရောက်ခဲ့ကာ နာရာ့ခေတ်တွင် တရုတ်ပြည်ဘက်မှတစ်ဆင့် ဆေးဝါးအဖြစ် စတင်ယူဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ဝဥပင်များကို ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ သစ်ရိပ်၊ ဝါးရိပ်ကောင်း၊ အစိုဓာတ်ကောင်းသည့်နေရာများတွင် သဘာဝအလျောက် အမြောက်အမြား ပေါက်ရောက်လျက်ရှိသည်။ ယခုအခါ ဝဥခြောက်လုပ်ငန်းများ ပိုမိုတွင်ကျယ်လာသဖြင့် စိုက်ခင်းများဖြင့် စနစ်တကျစိုက်ပျိုးလာကြပြီး ဝဥတူးဖော် ရောင်းချသူများလည်း များပြားလျက်ရှိကာ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒေသအလိုက် ဝဥမျိုးများပေါက်ရောက်ဖြစ်ထွန်းနေမှုကို လေ့လာကြည့်လျှင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ၊ မော်လမြိုင်ဒေသများမှာ Amorphophallus Purpuraceans ဝဥမျိုးဖြစ်ထွန်းပါသည်။ မြစ်ကြီးနား၊ ကသာဒေသတွင် A.Bulbifer ဝဥမျိုးနှင့် A.Karamsis မျိုးများ၊ သာယာဝတီမြို့နယ်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် A.Choloro-spathus ဝဥမျိုး၊ ကရင်ပြည်နယ်နှင့် တောင်တန်းဒေသများတွင် A.Oneophyllum မျိုးနှင့် A.Burmaicus ဝဥများ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ပြင်ဦးလွင်၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် A.Campanulatus မျိုးနှင့် A.Conjak ဝဥမျိုးများ ပေါက်ရောက်ဖြစ်ထွန်းသည်။

ဝဥကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံများတွင် စားသောက်ကုန်ထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်း ပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများအားတိရစ္ဆာန်အစားအစာအဖြစ် တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်-

(က) စားသောက်ကုန်များအနေဖြင့် အသင့်စား အသားတုစားကုန်များ၊ ဂျယ်လီအမျိုးမျိုး၊ ခေါက်ဆွဲအမျိုးအမျိုး၊ ဂျုံမှုန့်အစားထိုး ဝဥအမှုန့်အဖြစ်အသုံးပြုခြင်း။

(ခ) စက်မှုကုန်ကြမ်းအနေဖြင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စာရေးကိရိယာများတွင် အသုံးပြုသည့်ကော်ပြုလုပ်ခြင်း။

(ဂ) အလှကုန်ပစ္စည်းများတွင် မျက်နှာပေါင်းတင်ဆေးကော်ရည်အဖြစ် ပြုလုပ်သုံးစွဲခြင်း။

(ဃ) ဆေးဝါးထုတ်လုပ်ခြင်းအနေဖြင့် အခြောက်ခံပြီး ဝဥ(သို့)အမြစ်တွင် Glucomannan ၄၀ ရာခိုင်နှုန်း ပါဝင်သည့်အတွက် ကိုယ်အလေးချိန်လျော့ကျစေရန်၊ ဝမ်းချုပ်ခြင်း၊ အဝလွန်ကဲခြင်း၊ ဆီးချိုရောဂါ ကုသခြင်း၊ ဆီးချိုခြေမအနာကုသခြင်း၊ သိုင်းရွိုက်ကုသခြင်း၊ သွေးတိုးရောဂါကုသခြင်း စသည့်ဆေးဝါးများ ထုတ်လုပ်ရာတွင်အသုံးပြုခြင်း။

(င) ဝဥအခြောက်ကို ကြိတ်ခွဲရာတွင် ဂျုံမှုန့်ကဲ့သို့ ပေါ့ပါးသည့် အမှုန့်နှင့် သကြားကဲ့သို့လေးသည့် (Man-Non) မန်နန်ပွင့်များရရှိပြီး ပေါ့ပါးသည့် ဝဥအမှုန့်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း။

ဂျပန်နိုင်ငံတွင် အမှုန့်ပြုလုပ်၍ ကော်ပြန့်၊ ခေါက်ဆွဲ၊ ဖိလစ်ပိုင်နိုင်ငံတွင် ပေါင်မုန့်၊ အရက်၊ ဝိုင်ချက်လုပ်ခြင်း၊ တရုတ်နိုင်ငံတွင် အစားအစာ၊ ခေါက်ဆွဲ၊ အသားတုနှင့် မုန့်များပြုလုပ်ခြင်းတို့တွင် ထည့်သွင်းအသုံးပြုကြပြီး ကိုလက်စထရောကျဆေး၊ အဆီကျဆေးများဖော်စပ်ရာတွင်လည်း ဆေးဝါးအဖြစ် အသုံးပြုကြသည်။

## ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

ဈေးကွက် ခိုင်မာအားကောင်းလာပြီဆိုလျှင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်များပြားလာရေး၊ အရည်အသွေးမြင့် ထုတ်ကုန်များရရှိရေးတို့အတွက် စနစ်တကျ အားပေးလုပ်ကိုင်ကြရမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်များပြားလာပြီဆိုပါက ဈေးကွက်ခိုင်မာရေးအတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ ဝဥမှာစားသုံးမှုနှုန်း မြင့်မားကာပြည်ပဝယ်လိုအား များလျက်ရှိပြီး ဈေးကွက်ခိုင်မာသည့် အနေအထားတွင်ရှိနေသည့်အတွက် မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်မှုကအားကောင်းလာစေရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ရှေးယခင်အလေ့ကျပေါက်ရောက်မှုများမှ ယခုအခါစီးပွားဖြစ် စိုက်ပျိုးလာခဲ့ကြသော်လည်း ဈေးကွက်စဉ်ဆက်မပြတ် တိုးတက်ရန်မှာ စနစ်တကျစိုက်ပျိုးထုတ်လုပ်ရန် အရေးကြီးလာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝဥကို ချင်းပြည်နယ်တွင် အများဆုံးနှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးထားပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ချင်းပြည်နယ်၌ ဝဥစိုက်ဧကစုစုပေါင်း ၈၈၄၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေအားလေ့လာကြည့်ရာ အောက်ပါအတိုင်းတွေ့ရှိရသည်-

[DOCA(Domestic)]

### ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝဥစိုက်ပျိုးထွက်ရှိမှုအခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | စိုက်ဧက | အထွက်နှုန်း (ပိဿာ) | အထွက် (ပိဿာ) | |
|---|---|---|---|---|---|
| | | | | အစို | အခြောက် |
| ၁ | ချင်းပြည်နယ် | ၈၈၄၈ | ၆၁၉၉.၂၀ | ၅၄၈၅၀၅၂၂ | ၉၁၄၁၇၅၄ |
| ၂ | ကရင်ပြည်နယ် | ၃၀၃၃ | ၁၃၄၇.၂၈ | ၄၀၈၆၃၀၀ | ၆၈၁၀၅၀ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၁ | ၂၅၀၀ | ၇၇၅၀၀ | ၁၂၉၁၇ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂၇ | ၅၆၀၀ | ၁၅၁၂၀၀ | ၂၅၂၀၀ |
| ၅ | မကွေးတိုင်းဒေသကြီး | ၅၇၁ | ၅၀၀၀ | ၂၈၅၅၀၀၀ | ၄၇၅၈၃၃ |
| ၆ | ရခိုင်ပြည်နယ် | ၁ | ၉၀၀ | ၉၀၀ | ၁၅၀ |
| ၇ | ရှမ်းပြည်(တောင်) | ၆၀၀ | ၆၂၀၀ | ၃၇၂၀၀၀၀ | ၆၂၀၀၀၀ |
| ၈ | ရှမ်းပြည်(အရှေ့) | ၃ | ၁၂၀၀ | ၃၆၀၀ | ၆၀၀ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၉၀ | ၂၀၀၀ | ၁၈၀၀၀၀ | ၃၀၀၀၀ |
| | ပြည်ထောင်စုချုပ် | ၁၃၂၀၄ | ၄၉၉၂.၈၁ | ၆၅၉၂၅၀၂၂ | ၁၀၉၈၇၅၀၄ |

ဝဥအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်ချင်းပြည်နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝဥစိုက်ဧက စုစုပေါင်းမှာ ၈၈၄၈ ဧကရှိသည့်အနက် အများဆုံးစိုက်ပျိုးသည့်မြို့နယ်များမှာ ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့နယ်တွင် ၃၁၉၀ ဧက၊ မတူပီမြို့နယ်တွင် ၁၇၂၁ ဧက၊ ရေဇွာမြို့နယ်တွင် ၁၁၉၁ ဧက၊ ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့နယ်တွင် ၇၁၁ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့၏ သီးနှံစာရင်းအရ ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ချင်းပြည်နယ်၏ မြို့နယ်အလိုက် ဝဥသီးနှံစိုက်ပျိုးထွက်ရှိမှုစာရင်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

### ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ချင်းပြည်နယ်၏ ဝဥစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

| စဉ် | မြို့နယ်/ခရိုင် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်ပိဿာ (အစို) |
|---|---|---|---|---|---|
| ၁ | ဟားခါး | ၆၈၈ | ၆၈၈ | ၁၁၅၁ | ၇၉၁၈၈၈ |
| ၂ | ထန်တလန် | ၉၈ | ၉၈ | ၁၁၅၀.၀၉ | ၁၁၂၇၀၉ |
| | ဟားခါးခရိုင်ချုပ် | ၇၈၆ | ၇၈၆ | ၁၁၅၀.၈၉ | ၉၀၄၅၉၇ |
| ၃ | တီးတိန် | ၇၁၁ | ၄၁၁ | ၉၆၀ | ၃၉၃၆၀၀ |
| ၄ | တွန်းဇန် | ၅၅ | ၅၅ | ၂၈၄၅.၄ | ၁၅၆၄၉၇ |
| ၅ | ကျီခါး | ၁ | ၁ | ၇၂၁ | ၇၂၁ |
| ၆ | ဖလမ်း | ၁၈၁ | ၁၂၂ | ၁၄၀၀.၆၉ | ၁၇၀၈၈၄ |
| ၇ | ရိခေါဒါရ် | ၇ | - | - | - |
| | ဖလမ်းခရိုင်ချုပ် | ၉၅၅ | ၅၈၈ | ၁၂၂၇.၃၈ | ၇၂၁၇၀၂ |
| ၈ | ကန်ပက်လက် | ၇၃၀ | ၄၈၀ | ၁၂၁၆ | ၅၈၃၆၈၀ |
| ၉ | ပလက်ဝ | ၂၁၉ | ၂၁၉ | ၃၁၃၀.၂၃ | ၆၈၅၅၂၀ |
| ၁၀ | ဆမီး | ၅၉ | ၅၆ | ၃၂၈၀ | ၁၈၃၆၈၀ |
| ၁၁ | မတူပီ | ၁၇၂၁ | ၉၈၈ | ၃၂၈၅ | ၃၂၄၅၅၈၀ |
| ၁၂ | ရေဇွာ | ၁၁၉၁ | ၅၇၃ | ၂၁၅၃.၃၆ | ၁၂၃၃၈၇၅ |
| ၁၃ | မင်းတပ် | ၃၁၉၀ | ၂၇၆၀ | ၁၀၂၃.၁၆ | ၂၈၂၃၉၁၃ |
| | မင်းတပ်ခရိုင်ချုပ် | ၇၁၀၇ | ၅၀၇၆ | ၁၇၂၅.၀၃ | ၈၇၅၆၂၄၈ |
| | ပြည်နယ်ချုပ် | ၈၈၄၈ | ၆၄၅၀ | ၁၆၀၉.၇ | ၁၀၃၈၂၅၄၇ |

စာမျက်နှာ ၃၁ သို့

## ခာတ်ဆီ၊ ဒီဇယ် တန်ချိန် ၆၀၀၀၀ ကျော်ဝင်

ဇွန် ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၁၅၈၆၉၉၁၃ တန်ဖိုးရှိ ဒီဇယ် ၂၇၄၉၈ ဒသမ ၆၄ တန်နှင့် အမေရိကန်ဒေါ်လာ ၁၉၄၁၅၇၂၃ တန်ဖိုးရှိ ခာတ်ဆီ ၃၉၂၂၆ ဒသမ ၈၇ တန်၊ စုစုပေါင်း ၆၆၇၂၅ ဒသမ ၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ခာတ်ဆီ အဝင်ပိုများခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၅၆၁၃၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၈၆၄၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က ခာတ်ဆီတန်ချိန် ၇၂၃၉၀ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၃၃၁၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၅၈၂၅၉၆တန်ဖိုးရှိ ဒီဇယ် ၁၀၇၂ ဒသမ ၃၁ တန်နှင့် အမေရိကန်ဒေါ်လာ ၅၇၃၈၇၀ တန်ဖိုးရှိ ခာတ်ဆီ ၁၁၈၂ ဒသမ ၉၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ **သီတာဝင်း(DOT)**

## မူဆယ်နယ်စပ်တွင် သောင်တင်နေသည့် မြန်မာ့ဆန်များ တရုတ် ပြန်ဝယ်နေ

တရုတ်နိုင်ငံဘက်မှ အဝယ်ရပ်ဆိုင်းထားသောကြောင့် မူဆယ်နယ်စပ်တွင် သောင်တင်နေသည့် မြန်မာ့ဆန်များကို ယင်းနိုင်ငံမှ ပြန်လည်ဝယ်ယူနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ယင်းသို့ဝယ်ယူမှုကြောင့် မူဆယ်နယ်စပ်၌ သောင်တင်နေခဲ့သည့် ဆန်တန်ချိန် ငါးသောင်းကျော်မှာ လက်ရှိတွင်တန်ချိန် နှစ်သောင်းလောက်သာ ကျန်ရှိတော့ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဇူလိုင် ၄ ရက်တွင် ပြောသည်။

"အခု မူဆယ်ဘက်ကနေ တစ်နေ့ကို တန်ချိန် ၁၀၀၀၊ ၁၅၀၀ လောက်ထွက်နေတယ်။ အခုနောက်ပိုင်းမှာ တန်ချိန် နှစ်သောင်းလောက်ပဲရှိတော့တယ်ဆိုတော့ နေ့စဉ်ဆန်တွေ ထွက်နေတယ်။ သူတို့ဘက်ကလည်း စစ်ဆေးပြီးတော့ ယူနေတဲ့ အနေအထားရှိတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ဆန်တန်ချိန် ငါးသောင်းကျော်မှာ ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်ကာ တရုတ်ဘက်က အဝယ်မရှိခဲ့ခြင်းကြောင့် ကျန်ရှိနေသော ဆန်များဖြစ်ပြီး ယင်းနောက်တွင် အစိုးရနှင့် တရုတ်နိုင်ငံတို့ ဆွေးနွေးညှိနှိုင်းမှုများ ပိုမိုပြုလုပ်လာသောကြောင့် လက်ရှိတွင် ဆန်တန်ချိန် ၁၀၀၀၀ကို ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်ဖြင့် တင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်ဟု ဆိုသည်။ စီးပွားရေးနှင့် ကူးသန်းရောင် ဝယ်ရေးဝန်ကြီးဌာနက ယခု ဇူလိုင်လအတွင်း နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများသို့ ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းခုနစ်မျိုးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်တွင်း ထုတ်လုပ်သူများဆီမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"ဒီကုန်ပစ္စည်း ခုနစ်မျိုးထဲမှာ ဆန်နဲ့ဆန်ကွဲ ပါဝင်ပါတယ်။ ဒါကလည်း ပြည်ပဆန်ဈေးကွက်ကျယ်ပြန့်လာဖို့ဖြစ်တယ်။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီတွေက ပြည်တွင်းမှာ တစ်ဆင့်ဝယ်မယ်ဆိုရင် ပြည်တွင်းကလည်း ရောင်းရမယ်၊ တောင်သူတွေလည်း အဆင်ပြေမယ်။ ပြည်ပပို့တဲ့အတွက် ဈေးကွက်လည်း ပိုကျယ်လာမယ်"ဟု ၎င်းကသုံးသပ်သည်။ နိုင်ငံခြား ဖက်စပ်ကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ဆန်နှင့်ဆန်ကွဲတင်ပို့မည်ဆိုပါက ပြည်ပမှနေ၍ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှုထည့်ဝင်ငွေ အနည်းဆုံး အမေရိကန်ဒေါ်လာ သုံးသန်းလွှဲပြောင်းပြီးဖြစ်ကြောင်း အထောက်အထားပါရှိရမည်ဖြစ်သည့်အတွက် နိုင်ငံခြားငွေများလည်း ဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

## Energy NYMEX 5-7-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.72 | -0.62 | -1.08 |
| Brent Crude Futr (USD/bbl) | 63.24 | -0.06 | -0.09 |
| Gasoline Rbob Fut (Cent/gal) | 189.17 | -2.50 | -1.30 |
| Natural Gas Futr (USD/MMBtu) | 2.29 | 0.00 | 0.04 |
| Heating Oil Futr (Cent/gal) | 188.11 | -1.76 | -0.93 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1-July | 15.10 | 2573.61 | 1778.19 | 5966.89 | 830.00 |
| 2-July | 15.15 | 2573.61 | 1778.19 | 5966.89 | 834.00 |
| 3-July | 15.30 | 2507.71 | 1761.44 | 5856.03 | 830.00 |
| 4-July | 15.21 | 2498.23 | 1759.45 | 5883.58 | 838.00 |
| 5-July | 15.19 | 2451.29 | 1777.53 | 5879.17 | 833.00 |

## ပြည်တွင်းရွှေနှင့် နိုင်ငံတကာရွှေ အတက်ဈေးဖြင့် ငြိမ်သက်ခဲ့

ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးတို့မှာ ယခင်လကတည်းက မြင့်တက်နေခဲ့ရာ ဇူလိုင်ပထမပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့သည်။ ဇွန်လနောက်ဆုံးပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၁၅၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၁၂၂၀၀၀ သို့မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ရွှေကတော့ တောက်လျှောက် တက်နေတုန်းပဲ။ ဒီတစ်ပတ်ထဲမှာ အမေရိကန်နဲ့ တရုတ်ထိပ်သီးဆွေးနွေးပွဲက အပြုသဘောင်ဆောင်တဲ့ ရလဒ်မျိုးဖြစ်ခဲ့တော့ ရွှေက တက်မလိုနဲ့ ရပ်သွားတယ်လို့ မြင်မိတယ်။ တစ်ဖက်မှာလည်း အမေရိကန်နဲ့ ဂျာမနီတို့ရဲ့ စီးပွားရေးအချက်အလက်တွေအရ အားနည်းနေတာရယ်၊ အမေရိကန်ရဲ့ အီရန်အရေးတင်းမာမှုရယ်နဲ့ အိုပက်အဖွဲ့ရဲ့ ရေနံအထွက်နှုန်းလျှော့ချကာလ တိုးမြှင့်လိုက်တာကြောင့် ရေနံဈေးက ပြန်ကျလာပြီး ရွှေဈေးက စောင့်ကြည့်နေသလိုမျိုးဖြစ်နေတယ်။ ဒီတစ်ပတ်ထဲမှာ အမေရိကန်လွတ်လပ်ရေးနေ့ရှိတော့ ဈေးကွက်က အေးသွားတယ်။ ပြည်တွင်းဈေးကွက်မှာလည်း ရွှေက ဆက်မြင့်တက်ခဲ့တယ်။ အဓိကတော့ ဆက်တိုက်မြင့်တက်နေခဲ့တော့ ရွှေကို ဒီထက်ပိုပြီး ဈေးမြင့်တက်ခဲ့မယ်ဆိုရင်အတွေးမျိုးနဲ့ အဝယ်လိုက်ခဲ့ရာကနေ ဈေးကပိုပိုပြီးတက်လာတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၉၉၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၃ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၂၀၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇူလိုင် ၅ရက်တွင် ကျပ် ၁၁၂၂၀၀၀သို့ ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇူလိုင် ၁ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၉၀ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၃ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၅ဒေါ်လာသို့ ရောက်ရှိခဲ့ရာမှ ဇူလိုင် ၅ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၁၅ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။ **သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်းဈေး ကျဆင်းခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဇူလိုင်ပထမပတ်အတွင်း ဈေးနှုန်းကျဆင်းခဲ့သလို အရောင်းအဝယ်နည်းခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇွန်လနောက်ဆုံးပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၅ကျပ်မှ ဇူလိုင်ပထမပတ်တွင် ၁၅၀၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင်လည်း အမေရိကန်ဒေါ်လာကို ဝယ်လိုအားနည်းနေခဲ့ပြီး ရောင်းလိုအားများနေကြောင်း၊ အမေရိကန်အပါအဝင် အနောက်နိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား တစ်စထက်တစ်စ ပိုမိုတင်းမာလာမှု၊ ရေနံဈေးနှုန်းကျဆင်းသော်လည်း ရွှေဈေးစံချိန်တင်မြင့်တက်နေခြင်းတို့မှာ ဒေါ်လာကို နိုင်ငံတကာဈေးကွက်တွင် အမြင်မလှစေကြောင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း မုတ်သုံရာသီအဝင်ကာလဖြစ်သောကြောင့် အရောင်းအဝယ်အေးနေချိန်ဖြစ်သလို ပြည်တွင်းမှာလည်း ဒေါ်လာထက် ရွှေကို ပိုမိုလူကြိုက်များနေသေးကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင်၁ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၆ကျပ်၊ဝယ်ဈေး ၁၅၁၂ ကျပ်မှ ဇူလိုင်၃ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၂ကျပ်၊ ဝယ် ဈေး ၁၅၀၈ကျပ်သို့ဈေးကျခဲ့ပြီး ဇူလိုင် ၅ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၀၉ကျပ်၊ ဝယ်ဈေး ၁၅၀၅ ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သန်းထိုက်အောင်**

## How to invest in Myanmar Stock Market ဟောပြောပွဲ ပြုလုပ်မည်

CB Securities ကုမ္ပဏီက စီစဉ်ကျင်းပသော How to invest in Myanmar Stock Market ( ရန်ကုန်စတော့အိတ်ချိန်းပေါ်ရှိစာရင်းဝင် အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း) ဟောပြောပွဲကို ဇူလိုင် ၁၄ရက် နံနက် ၉နာရီတွင် ရန်ကုန်စတော့အိတ်ချိန်း ဆွေးနွေးပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

ဟောပြောပွဲတွင် လက်ရှိရန်ကုန်စတော့အတ်ချိန်းပေါ်တွင် စာရင်းဝင် အစုရှယ်ယာများကို ရေတို၊ ရေရှည် ရင်းနှီးမြှုပ်နှံခြင်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်ချက်များကိုဆွေးနွေးတင်ပြမည်ဖြစ်ပြီး စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအနေဖြင့် တက်ရောက်သင့်ကြောင်း သိရသည်။ ယခုဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အမည်၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ်တို့ကို ဖုန်း- ၀၁ -၈၆၁၀၃၁၁~၃၃၅၊ ၀၉- ၇၇၀၀ ၂၆၀၀၄ သို့ ဖုန်းဖြင့် ဆက်သွယ်၍ လည်းကောင်း၊contact@cbsecurities.com.mm သို့ မေးလ်ပို့၍ လည်းကောင်း စာရင်းပေးသွင်းနိုင် ကြောင်းသိရသည်။

ရန်ကုန် စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန် နိုင်ငံမှ Diawa Institute of Res-earch နှင့် Japan Exchange Group တို့ပူးပေါင်းတည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် FMI,MTSH,MCB, FPB နှင့် TMH အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

July 5, 2019

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.42 |
| BDT | Bangladesh Taka | 84.47 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.67 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 68.76 |
| I DR | Indonesia Rupiahs | 14142.97 |
| JPY | Japan Yen | 107.92 |
| MYR | Malaysia | 4.13 |
| PKR | Pakistan Rupees | 158.10 |
| PHP | Philippines Pesos | 51.20 |
| RUB | Russia Rubles | 63.49 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1170.57 |
| LKR | Sri Lanka Rupe | 176.06 |
| THB | Thailand Baht | 30.72 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23239.41 |

*Source:xe.com*

## World Gold Price

July- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1388 | 1380 | 1387 |
| 2 | 1396 | 1393 | 1394 |
| 3 | 1430 | 1427 | 1428 |
| 4 | 1417 | 1416 | 1416 |
| 5 | 1420 | 1419 | 1418 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-7- 2019 | 1098.00 | 1098.50 |
| 2-7- 2019 | 1103.00 | 1102.50 |
| 3-7- 2019 | 1121.50 | 1121.00 |
| 4-7- 2019 | 1120.00 | 1120.00 |
| 5-7- 2019 | 1121.50 | 1120.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6.84 | 30.55 | 84.56 | 68.96 |
| 2 | 6.86 | 30.66 | 84.79 | 68.99 |
| 3 | 6.89 | 30.56 | 84.52 | 68.88 |
| 4 | 6.87 | 30.63 | 84.54 | 68.84 |
| 5 | 6.87 | 30.72 | 84.47 | 68.76 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀၀ နီးပါးဝင်

ဇွန် ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၄၈၁၇၇၈ တန်ဖိုးရှိဘိလပ်မြေ ၆၃၇၉ ဒသမ ၈၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၅၆ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၁၀၄ တန်နှင့် ထိုင်းနိုင်ငံမှ ၆၂၁၉ ဒသမ ၈၄ တန် တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၁၇၉၀ ကျော် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၅၈၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဇွန် ၂၂ ရက်မှ ၂၈ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၁၃၄၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၅၇၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၂၃၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ အရောင်းအဝယ်ပါးသလို ဘိလပ်မြေဈေးများကျလာကြောင်း သိရသည်။ ယခုတစ်ပတ် စိန်ဘိလပ်မြေက ကျပ် ၂၀၀၊ အပါချီက ကျပ် ၃၀၀၊ ကြံ့ဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျလာကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၆၂၀၀၊ ကမ္ဘောဇ ကျပ် ၆၄၀၀၊ ဆင်(ထိုင်း)ကျပ် ၇၈၀၀၊ ကြံ့ကျပ် ၅၉၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်** ၌ အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာကြောင်း သိရ သည်။ ယခုတစ်ပတ် အပါချီဘိလပ်မြေက ကျပ် ၁၂၀၀နှင့် ကြံ့ဘိလပ်မြေက ကျပ် ၃၀၀ ဈေးမြင့်လာကြောင်း သိရသည်။ ဈေးကွက်ထဲ ကြံ့ဘိလပ်မြေက တော်တော်လေး အဝယ်လိုက်နေကြောင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၆၂၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ ကျပ် ၆၀၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် အေသုံးလုံးဘိလပ်မြေကကျပ် ၁၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေ များက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၆၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၃၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၆၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်တော်တော်အေးနေကြောင်းနှင့် ဘိလပ်မြေဈေးများငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၁၅၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း)ကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ်မြေဩဇာတန်ချိန် ၈၀၀၀ကျော်ဝင်

ဇွန် ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၂၆၃၁၄၅၀ တန်ဖိုးရှိမြေဩဇာ ၈၃၉၉ ဒသမ ၂၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၄၅ တန်၊ တရုတ်နိုင်ငံမှ တန်ချိန် ၆၂၀၊ ဂျာမနီနိုင်ငံသို့ ၁၀၀၈ တန်၊ အီရန်နိုင်ငံမှ ၇၃၁ တန်၊ နော်ဝေနိုင်ငံမှ ၄၉၅ ဒသမ ၅၉ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၃၀၇၁ ဒသမ ၄၈ တန်၊ထိုင်းနိုင်ငံမှ ၆၂၇ ဒသမ ၂ တန်နှင့် ဗီယက်နမ်နိုင်ငံမှ ၈၀၁ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ဆော်ဒီအာရေဗျနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၂၃၅၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၉၅၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်ဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၉း၂၀)၊ ယူရီးယား(၄၆%)၊ ကွန်ပေါင်း(၁၂း၁၁း၁၈)၊ ကွန်ပေါင်း(ဂျန်ဘို)နှင့်ဖလော်ရာတို့ဖြစ်သည်။

# တောင်ကြီးမြေဩဇာဈေးကွက်အရောင်းအေး

ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန် ၂၉၈၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၃၃၁၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၃၂၉၀ ကျော်အဝင်ပိုကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၊ မန္တလေးနှင့် မကွေးတို့တွင် အရောင်းပုံမှန်ရှိပြီး တောင်ကြီးတွင် အရောင်းအေးနေကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပုလဲ-အကြီး(ထိုင်း)မြင်းပျံက ကျပ် ၅၀၀၊ ပိုတက်(အာမို)က ကျပ် ၁၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ်၄၈၀၀၀၊ မြန်မာ့ဩဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၄၇၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ပိုတက် (မြန်မာ့ဩဘာ) ကျပ် ၃၅၀၀၀၊ တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၃၀၀၀၊ကွန်ပေါင်း(၄၆%)(စံပြ)ကျပ် ၄၇၃၀၀ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မကွေးဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်သွက်ကြောင်း သိရသည်။ ယခုတစ်ပတ် မြားကမ္ဘာ(၁၂း၁၃)(တရုတ်)၊ သီးစုံ(ဝါစိမ်းပြာ)၊ အာမို(၁၅) ပတ်လည်က ကျပ် ၂၀၀၊ ဆင်(၁၀း၁၀း၅)ကကျပ် ၅၀၀၊အာမို (၁၆း၁၆း၈) က ကျပ် ၁၀၀၀၊ တက်တိုးက ကျပ် ၅၀၀ ဈေးကျပြီး အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၄၀၀၊ ပုလဲ(ရွှေတောင်)က ကျပ် ၅၀၀၊အောင်ကမ္ဘာ(၁၀း၁၀း၅) က ကျပ် ၂၂၀၀၊ တီစူပါက ကျပ် ၄၀၀ ဈေးမြင့် လာကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊အာမို ၁၅း၁၅း၁၅ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၁၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၇၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၉၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၁၅၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၀၀၀၊ တီစူပါက ကျပ် ၂၆၂၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀၊ တက်တိုး ကျပ် ၂၄၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မန္တလေးဈေးကွက်၌** အရောင်းအဝယ်ပါးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်- တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ သံကွင်း(၄၆%-တရုတ်)ကျပ် ၂၄၈၀၀၊ မြားသီးစုံ ကျပ် ၁၈၂၀၀၊ ပန်းသီးစုံ ကျပ် ၁၈၁၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက်ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပို

ဇွန် ၂၃ ရက်မှ ၂၉ ရက်အတွင်း အမေရိကန်ဒေါ်လာ ၈၄၀၉၅၂ တန်ဖိုးရှိ နို့ဆီ ၇၅၇ ဒသမ ၄၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၃၁၉ ဒသမ ၆၄၄ တန်နှင့် စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၆ တန် တင်သွင်းခဲ့သည်။

ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ တီးပေါ့၊ အိုကေနှင့် ဒွန်းတို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီ ၄၉ တန်ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၇၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၂၈၁၃၈၀ တန်ဖိုးရှိ နို့မှုန့် ၁၂၆ တန်ကိုတင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၆ တန်ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့်ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ နီးပါး ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၆ မှ ၂၈/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၆ မှ ၂၁/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၁.၂၅ | ၃၅.၈၅ | (-) | ၁၅.၄၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၈၀.၀၀ | ၄၆၅.၀၀ | (-) | ၃၈၅.၀၀ |
| ၅။ | တာချီလိတ် | ၃၉၀၀.၀၀ | ၅၉၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၆၀.၀၀ | ၂၇၅.၀၀ | (-) | ၁၁၅.၀၀ |
| ၈။ | မြိတ် | ၇၁၅၀.၀၀ | ၅၉၀၀.၀၀ | (+) | ၁၂၅၀.၀၀ |
| | စုစုပေါင်း | ၁၁၃၄၁.၂၅ | ၁၂၅၇၅.၈၅ | (-) | ၁၂၃၄.၆၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၆ မှ ၂၈/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၆ မှ ၂၁/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၅၁၄.၅၀ | ၁၁၅၀၈.၇၅ | (-) | ၃၉၉၄.၂၅ |
| ၂။ | လွယ်ဂျယ် | ၂၀၂၉.၅၀ | ၁၇၇၁.၉၀ | (+) | ၂၅၇.၆၀ |
| ၃။ | ချင်းရွှေဟော် | ၁၄၁၃၀.၁၀ | ၁၃၃၉၄.၇၅ | (+) | ၇၃၅.၃၅ |
| ၄။ | ကန်ပိုက်တီ | ၂၁၆၆.၀၀ | ၄၂၄၈.၀၀ | (-) | ၂၀၈၂.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | ၁၁.၇၇ | - | (+) | ၁၁.၇၇ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၄၀၀၀.၀၀ | ၂၂၂၅.၀၀ | (+) | ၁၇၇၅.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၉၈၅၁.၈၇ | ၃၃၁၄၈.၄၀ | (-) | ၃၂၉၆.၅၃ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ ၂၁ ခု စာရင်း ကြေညာခြင်း

(၁-၁-၂၀၁၇)မှ (၃၁-၁၂-၂၀၁၇)ရက်နေ့အထိ ပို့ကုန်ရငွေဝင်ရောက်ရန် ပမာဏအများဆုံး ကျန်ရှိသောကုမ္ပဏီ(၂၁)ခုစာရင်း

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာအမည်/ ဒါရိုက်တာအမည် | ပသကအမှတ် | မှတ်ချက် |
|---|---|---|---|---|
| 1 | Arkar Oo Co., Ltd. | U Myo Lwin | 11518 | |
| 2 | Aung Naing Thitsar Co., Ltd. | U Aung Zaw Oo | 19674 | |
| 3 | Cornerstone Resources (Myanmar) Ltd. | U Swe | 13417 | |
| 4 | Fine Ply Myanmar Private Ltd. | Mr.Ashok Garg | 32835 | |
| 5 | Global Moving And Storage Ltd. | U Rudra Kumar | 34865 | |
| 6 | Golden Lace Co., Ltd. | U Thaung Win | 16551 | |
| 7 | Green Hardwood Enterprise Ltd. | U Khin Maung Lay | 0140 | |
| 8 | Green Land Agriculture Co-Operative Society Ltd. | U Soe Yin | 25250 | |
| 9 | J & M Steel Solutions Co.,Ltd. | Mr.Yasuhisa Miwa | 32182 | |
| 10 | Kyaw San Co., Ltd. | U Kyaw Oo | 17343 | |
| 11 | Lighthouse Enterprises Ltd. | Lee Seong Paik (a) U Thein Lwin | 3187 | |
| 12 | Myanmar CNMC Nickel Co., Ltd. | Mr.Wang Xiaowei | 23414 | |
| 13 | Myanmar Rice Trading Co., Ltd. | U Thant Zin | 14014 | |
| 14 | Myanmar Wanbao Mining Copper Ltd. | Mr.Zhang Dongsong | 24906 | |
| 15 | Nan Htike Thazin Co., Ltd. | U Hla Myint | 21154 | |
| 16 | Shwe Mya Thar Trading Co., Ltd. | U Sai Win Hlaing | 16348 | |
| 17 | Thamadi Family Trading Co., Ltd. | U Tin Htay | 21108 | |
| 18 | Than Let Hnin Hlaing Hein Co., Ltd. | U Thura Hein | 43124 | |
| 19 | Thein Than Kyei Sin Co, Ltd. | U Kyin Sein (a) U Kyi Sein | 24090 | |
| 20 | Trade Friends Trading Co.,Ltd. | Daw Shin Shin Nyein | 25966 | |
| 21 | Win & Win Co., Ltd. | U Win Swe | 12394 | |

# ယခု ဘဏ္ဍာနှစ် ကိုးလအတွင်း ITC ကတ်ဖြင့် ကျပ်သိန်းလေးသောင်းခုနစ်ထောင်ကျော် ကုန်သွယ်ထား

ယခု ဘဏ္ဍာနှစ်ကိုးလအတွင်း တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်လက်မှတ် (ITC) ကတ်ဖြင့်ကျပ်သိန်း လေးသောင်းခုနစ်ထောင်ကျော် ကုန်သွယ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကုန်သွယ်ထားမှုပြုထားသည့်စာရင်းအရ ပို့ကုန်တန်ဖိုး ကျပ်သိန်းခုနစ်ထောင်ကျော်၊ သွင်းကုန်တန်ဖိုး ကျပ်သိန်းလေးသောင်းခန့်ရှိကြောင်း ယင်းဝန်ကြီးဌာနလက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဇူလိုင် ၄ ရက်တွင် ပြောသည်။

"၂၀၁၆ ခုနှစ်ကတည်းက ဒီကတ်တွေ စထုတ်ပေးပြီးတော့ ကုန်သွယ်ခွင့်ပြုခဲ့တာ။ ဒီကတ်နဲ့ကုန်သွယ်ခွင့်ပေးတာက တရားမဝင်ကုန်သွယ်မှု ပပျောက်အောင်ဆောင်ရွက်တာလည်းဖြစ်တယ်"ဟု ဦးခင်မောင်လွင်ကပြောသည်။ အဆိုပါကတ်သည် နယ်စပ်ဒေသများတွင် ဒေသသုံးအနေဖြင့် ကုန်ပစ္စည်းများကို တစ်ပိုင်တစ်နိုင်တင်သွင်းခွင့်ပြုခြင်းဖြစ်ရာ အချို့သောကုန်ပစ္စည်းများမှာ လိုင်စင်ရှိရန်မလိုဘဲ ကုန်သွယ်မှု ပြုလုပ်နိုင်ကြောင်း သိရ သည်။ ယင်းသို့ကုန်သွယ်လိုပါက တင်ပို့ တင်သွင်းမည့်စခန်းများတွင် ကတ်အသစ် လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ် ၅၀၀၀၀၊ အွန်လိုင်းကြေး ကျပ် ၂၅၀၀၊ ကတ်ပုံစံအတွက် ကျပ် ၅၀၀ ကုန်ကျပြီး သက်တမ်းကာလမှာ တစ်နှစ်သတ်မှတ်ထားကာ သက်တမ်းတိုးပါက ကျပ် ၅၀၀၀၀ ပေးဆောင်ရန် သတ်မှတ်ထားသည်ဟုဆိုသည်။ အများဆုံးကုန်သွယ်မှုပြုသည့် ကုန်ပစ္စည်းများမှာ ပြောင်း၊ ပဲပုပ်စေ့တို့ဖြစ်ပြီး သွင်းကုန်များမှာ စားသောက်ကုန်များ၊ သစ်သီးဝလံများ၊ လူသုံးကုန် အဝတ်အထည် စသည်တို့ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ITC ကတ်ဖြင့် ကုန်သွယ်ရေးစခန်း လေးခု၊ ပို့ကုန်၊ သွင်းကုန်ရုံးတစ်ခုမှ ကုန်သွယ်မှုဆောင်ရွက်နေသည့်အပြင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ နေ၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တစ်ပိုင်တစ်နိုင်ကုန်သွယ်မှု ကတ်ပေါင်း ၁၃၀ ကျော်အထိ ထုတ်ပေးထားကြောင်း သိရသည်။ ထိုကတ် ကိုင်ဆောင်သူသည် နှစ်နိုင်ငံငွေကြေးကို အခြေခံဆောင်ရွက်သော နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ်စနစ်ဖြင့်ငွေပေးချေဆောင်ရွက်သည့် နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် တင်ပို့ တင်သွင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခွင့်မပြုကြောင်း သိရသည်။

**ပန်းဆု**

# ဈေးကောင်းရလာသည့် ပဲစင်းငုံ

ပဲစင်းငုံကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲနောက်၊ ပဲလွန်းတို့အကြား သီးညှပ်အဖြစ် အများဆုံးစိုက်ပျိုးကြသည်။ ၂၀၁၆-၂၀၁၇ခုနှစ်တွင် စိုက်ဧက ၄၃၈၈၇၆ ဧက၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စိုက်ဧက ၄၁၆၂၂၉ ဧက၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စိုက်ဧက ၂၉၈၃၄၇ ဧကသာ စိုက်ပျိုးနိုင်သဖြင့် စိုက်ဧကများတစ်နှစ်ထက် လျော့နည်းလာကာ ၂၀၁၈-၂၀၁၉ ခုနှစ်ဆိုလျှင် ၂၀၁၆-၂၀၁၇ ခုနှစ်နှင့်နှိုင်းယှဉ်ပါက စိုက်ဧက ၁၄၀၅၂၉ ဧက လျော့နည်းသွားသည်။

ဈေးနှုန်းအရဆိုလျှင်လည်း ၂၀၁၆ခုနှစ် ဇူလိုင်လတွင် တစ်တင်းလျှင် အမြင့်ဈေး ကျပ် ၄၈၅၀၀၊ အနိမ့်ဈေး ကျပ် ၄၃၅၀၀၊ ၂၀၁၇ခုနှစ် ဇူလိုင်လတွင်တစ်တင်းလျှင်အမြင့်ဈေးကျပ် ၁၄၀၀၀၊ အနိမ့်ဈေး ကျပ် ၁၈၂၀၀၊ ၂၀၁၈ခုနှစ် ဇူလိုင်လတွင် တစ်တင်းလျှင် အမြင့်ဈေး ကျပ် ၁၃၄၀၀၊ အနိမ့်ဈေးကျပ် ၁၅၂၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တစ်တင်းလျှင်အသစ်ဈေး ကျပ် ၃၃၀၀၀၊ အဟောင်းဈေးကျပ် ၂၈၅၀၀တို့ဖြစ်ခဲ့ရာ ယခုနှစ်တွင် ပဲစင်းငုံပြန်လည်ဈေးကောင်းရလာသည်။ ပဲစင်းငုံများပြန်လည်ဈေးကောင်းရလာသည့်နှင့်အမျှ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် နောက်နှစ်များတွင် ပဲစင်းငုံများပိုမိုစိုက်ပျိုးလာနိုင်ကြောင်း တောင်သူများထံမှသိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## ပြည်တွင်းဆီဈေးနှုန်းများ (၅-၇-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၀၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၄၀၀ | △ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၇၅၀ | ▽ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မုံရွာ | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၇-၂၀၁၉ US$/Ton

| အမျိုးအစား | ငွေ့နတတိယပတ် | ငွေ့နစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၉၂.၅၀ | ၄၇၅.၀၀ | ▽ |
| RBD P.Olein | ၅၀၄.၀၀ | ၄၉၅.၀၀ | ▽ |
| RBD P.Stearin | ၄၆၃.၅၀ | ၄၆၂.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅-၇-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၁၇.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၂၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၃၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၃၉ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၅၃.၅၁၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၅-၇-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 535 ဒေါ်လာနှင့် USD ဈေး ၁၅၀၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၅-၇-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၀၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြေပဲဆန် ပေါက်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

ဇူလိုင်လပထမပတ်အတွင်း မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲလုံးဆန်ဈေးကွက်မှာ ရန်ကုန်၊ မန္တလေးဝယ်လက်ရှိ၍ မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိသလောက်ဝယ်ယူလျက်ရှိပြီး ဆားလှော်သမားများနှင့် ဆီစက်သမားများလည်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာလုံးဆန် (ဖြူ) ကျပ် ၃၄၅၀ မှ၃၅၀၀၊ လုံးဆန်(နီ) ကျပ် ၃၇၀၀ မှ ၃၇၅၀၊ ဆီဆန် ကျပ် ၃၁၀၀ မှ ၃၂၀၀ နှုန်းဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူအချိန် ပေါက်ဈေးနှုန်းမှာ မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ လုံးဆန် (ဖြူ)ကျပ် ၂၃၀၀မှ ၂၃၅၀ ၊ လုံးဆန်(နီ) ကျပ် ၂၄၀၀မှ ၂၅၀၀၊ ဆီဆန် ကျပ် ၂၁၀၀နှုန်းဖြစ်၍ ယခင်နှစ်ပေါက်ဈေးနှုန်းထက် တစ်ပိဿာ ပျမ်းမျှအားဖြင့် ကျပ် ၁၀၀၀-၁၁၀၀ ခန့် ဈေးမြင့်လာကြောင်း တွေ့ရသည်။ မုံရွာကုန်စည်ဒိုင်၏ ဆီပေါက်ဈေးနှုန်းများမှာ မြေပဲဆီ တစ်ပိဿာ ကျပ် ၆၅၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၆၁၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၅၃၀မှ ၁၅၅၀ နှုန်းပေါက်လျက်ရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ်**

# ကြက်သွန်နီဈေးနှုန်းနှင့် ဈေးကွက်

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ အရောင်းအဝယ် အေးနေကြောင်းသိရသည်။ ကြက်သွန်နီများပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာ ၂၅၀၀၀ခန့် အဝင်ရှိပြီး မုံရွာပွဲရုံများမှရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မူဆယ်မြို့သို့လည်း တင်ပို့ရောင်းဝယ်လျက်ရှိပြီး ယခုတစ်ပတ်တွင် တင်ပို့မှုနားနေကြောင်း မုံရွာမြို့ကြက်သွန်နီ ကုန်သည်တစ်ဦးထံမှ သိရသည်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၆၅၀၊ (လတ်) ကျပ် ၆၂၅၊(သေး) ၆၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၉၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိတာသိရသည်။ ယခင်နှစ်ကာလတူအချိန် လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၅၅၀၊ (လတ်) ကျပ်၅၀၀၊ (သေး) ၄၅၀ နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၅၀၀ နှုန်းပေါက်ကာ ယခုနှစ်ပေါက်ဈေးနှုန်းမှာ ယခင်နှစ်ထက်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်း အေးလျက်ရှိကြောင်းသိရ သည်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာ နေ့စဉ်ပွဲရုံသို့ကြက်သွန်ဖြူများ ပိဿာ ၃၀၀၀ ခန့် အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၂၅၀၀၊ (ရှမ်း) ကျပ် ၂၀၀၀၊ (ကြူကုတ်) ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရသည်။

**ကြည်ကြည်နွယ်**

# ဇူလိုင် ပထမပတ်အတွင်း ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းအခြေအနေ

ဇူလိုင်လပထမပတ်အတွင်းဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းအခြေအနေမှာ ပဲစင်းငုံသီးနှံမှာ ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိသော်လည်း လက်ကျန်လှောင်လက်များရှိ၍ ဈေးနှုန်းမှာလည်း မငြိမ်ဘဲ တက်လိုက်ကျလိုက်ဖြစ်နေသည်။

ယခုတစ် ပတ်ပေါက်ဈေးနှုန်းမှာပဲစင်းငုံ (အဟောင်း) တစ်တင်း ကျပ် ၂၈၂၀၀၊ (အသစ်) ကျပ် ၃၂၇၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ကထက် ဈေးလျော့နည်းနေသည်။ ပဲတီစိမ်းသီးနှံများမှာ ရန်ကုန်၊ မန္တလေးဝယ်လက်ရှိ၍ နေ့စဉ်တင်းပေါင်း ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၈၅၀၀ မှ၃၃၀၀၀ နှုန်းပေါက်လျက်ရှိသည်။ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်း ထက်လည်း ဈေးမြင့်တက်နေသည်ကို တွေ့ရသည်။

ကုလားပဲဖြူလုံးကြီး V2 တစ်တင်း ကျပ် ၂၇၂၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၃၀၀၊ 929တစ်တင်း ကျပ် ၂၇၅၀၀၊ V3V7 ကျပ် ၂၆၀၀၀၊ တစ်တင်းလျှင်ကျပ် ၁၇၀၀၀ မှ ၁၇၅၀၀၊ ထွက်တိုးတစ်တင်းလျှင် ကျပ် ၁၅၂၀၀ နှုန်းဖြစ်သည်။ မတ်ပဲမှာ တစ်တင်းလျှင် ကျပ် ၂၃၅၀၀ မှ ၂၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး ပဲကြီး တစ်တင်းလျှင် ကျပ် ၃၁၀၀၀၊ နေ့စဉ်တင်း ၁၅၀-၂၀၀ခန့်၊ ပဲနီလုံးရိုးရိုးတစ်တင်း ကျပ် ၁၃၅၀၀ နှုန်းနှင့် တင်း၁၅၀ခန့်၊ ပဲနီလုံးကြားတစ်တင်းလျှင် ကျပ် ၁၈၅၀၀၊ တင်း၁၀၀ခန့်၊ CPပြောင်း တစ်တင်းလျှင် ကျပ် ၈၇၀၀ နှုန်းနှင့် တင်း၁၅၀၀ခန့် အသီးသီးအရောင်းအဝယ် ဖြစ်လျက်ရှိသည်။

**ကြည်ကြည်နွယ်**

# ငရုတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်



ဧရာဝတီတိုင်းဒေသကြီး ငရုတ်စိုက်တောင်သူများနှင့် ပြည်ပသို့ ငရုတ်စိမ်းနှင့်အမှည့်စိုက်တင်ပို့နေသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအတွက် ဈေးကွက်ရရှိရေးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ငရုတ်ဈေးကွက် စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ ငရုတ်ဈေးကွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပန်းတနော်မြို့နယ် အောင်သပြေဘိုးဘွားရိပ်သာ၌ ဇူလိုင် ၉ နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရဌာနဆိုင်ရာအဖွဲ့များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပြည်ပသို့ ငရုတ်စိမ်းနှင့် အမှည့်စိုတင်ပို့နေသောကုမ္ပဏီများ၊ မျိုးစေ့ကုမ္ပဏီကြီးများ တက်ရောက်ပြီး ဒေသခံ တောင်သူကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

**ဧရာကုန်သွယ်မှုဗဟိုဌာန**

# မွန်ပြည်နယ်တွင် မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်

မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် အခြေခံကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပြည်သူများ စားဝတ်နေရေးကျပ်တည်းမှုကို ကူညီဆောင်ရွက်ပေးနိုင်ရန် အခြေခံစားသောက်ကုန်များအနက် စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုတွင်ပါဝင်သည့် မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကိုလည်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပညာရှင်များအားခေါ်ယူပြီး မွန်ပြည်နယ်အတွင်းရှိ မှိုစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအား နည်းပညာများ ပေးကာ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်နည်း၊ ပေါင်းတင်ပိုးသန့်စင်ခြင်းနှင့် မျိုးသွင်းခြင်း၊ ငွေနှင်းမှို စိုက်ပျိုးခြင်းနှင့် တွေ့ကြုံရသော အခက်အခဲများ၊ မှိုချက်နည်းပြုတ်နည်းနှင့် မှိုတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းသင်တန်းကို မော်လမြိုင်မြို့ MFCCI ခန်းမတွင် ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ နံနက် ၈ နာရီမှ ၁၆ နာရီအထိ သင်တန်းပို့ချသွားမည်ဖြစ်သည်။

**ရာမညကုန်သွယ်မှုဗဟိုဌာန**

# မူဆယ်မှ တရုတ်တင်ပို့ သစ်သီးဝလံတင်ပို့မှု

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ၂၀၁၉ ရာသီတွင် သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဖရဲတင်ပို့မှုမှာ မေ ၁၈ ရက်အထိ ဆက်တိုက် နေ့စဉ်တင်ပို့ခဲ့သော်လည်း မေ ၁၈ ရက် နောက်ပိုင်းတွင် အနည်းငယ်သာ တင်ပို့ခဲ့ပြီး နေ့စဉ်တင်ပို့ခြင်းမရှိပေ။ ဇွန်လတွင် ဖရဲကား ခုနစ်စီး၊ ၁၀၃ ဒသမ၅တန်နှင့်သခွားတစ်စီး ခုနှစ်တန်သာ တင်ပို့နိုင်ခဲ့သည်။

သရက်သီးတင်ပို့မှုမှာ ဧပြီလပထမပတ်တွင် စတင်ခဲ့ပြီး ဧပြီ၊ မေ၊ ဇွန်လအထိ လှိုင်လှိုင်တင်ပို့နိုင်ခဲ့သည်။ မေလတွင် ၂၁၆၇၈ တန်၊ ဇွန်လတွင် ၁၉၅၆၉ တန်၊ ဇူလိုင်လတွင် တင်ပို့မှုအနည်းငယ် လျော့နည်းစပြုလာသည်။သရက်သီးတင်ပို့နိုင်ခြင်းမှာ ဧပြီ၊ မေ၊ ဇွန်သရက်သီးရာသီ တစ်ခုလုံး မေလတွင် အများဆုံးတင်ပို့နိုင်ခဲ့သည်။

ဇွန် ၁ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့တန်ချိန်မှာ ၁၂၈၃၇ ဒသမ ၅ တန်ဖြစ်ပြီး ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်ထိ တင်ပို့တန်ချိန်မှာ ၁၅၈၄ တန်၊ ကားစီးရေ ၂၈၈ စီး တင်ပို့နိုင်ခဲ့သည်။ သရက်သီးတင်ပို့ ရောင်းချမှုတွင် ကျောက်ဆည်၊ အုန်းချော၊ ပလိပ်၊ စစ်ကိုင်း၊ ချောင်းဦး၊ ဟန်မြင့်မိုရ်၊ တောင်ကြီးဒေသတို့မှ ဆက်လက်တင်ပို့နေခြင်းဖြစ်ပြီး ဈေးကွက်တွင် စိန်တလုံး၊ ရင်ကွဲ၊ ပတ္တမြားငမောက်သာ တွေ့ရသည်။

သရက်သီးဈေးမှာ ရာသီချိန်တစ်လျှောက်လုံး ကြီးမားစွာပြောင်းလဲခြင်းမရှိဘဲ စိုက်ပျိုးသူများ ကျေနပ်လောက်သည့်ဈေးဖြင့် တစ်သမတ်တည်း အရောင်းအဝယ်ဖြစ်နေသည်။ ဇူလိုင်လတွင် သရက်သီးဈေးမှာ ၁၆ ကီလိုခြင်း တစ်ခြင်းလျှင် စိန်တလုံးအိတ်သီးရှယ် ယွမ် ၁၂၀-၁၇၀၊ အလတ်စ ယွမ် ၉၀-၁၁၀ ၊ အသေး ယွမ် ၆၀-၈၀၊ ရင်ကွဲအိတ်စွပ်ယွမ်၆၅-၈၅၊ အိတ်လွတ်ယွမ် ၂၅-၄၀၊ ပတ္တမြားငမောက် ယွမ် ၆၀-၈၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်သည်။

ငွေဈေးမှာတစ်ယွမ်လျှင် သုည ဒသမ ၄၆၅ ဈေးပေါက်ခဲ့ပြီး တစ်ယွမ်လျှင် ၂၁၅ ကျပ်ဈေးဖြင့် ပြောင်းလဲမှုမရှိသဖြင့် သရက်သီးဈေးမှာ ရှယ်စ တစ်တန်လျှင် ယွမ် ၁၀၀၀-၉၃၀၀၊ မြန်မာကျပ်ငွေ သိန်း ၂၀ ဝန်းကျင်ခန့် ရရှိနေခဲ့သည်။

နာနတ်သီးများ စနစ်တကျ တင်ပို့ရောင်းချနိုင်ရန်အတွက် သီပေါမြို့နှင့် လားရှိုးမြို့နယ်တွင်းမှ နာနတ်သီးတင်ပို့ရောင်းချသူများ အစုအဖွဲ့သည် ဇွန် ၂၁ ရက်တွင် မူဆယ်(၁၀၅) ကုန်သွယ်ရေးဇုန် သစ်သီးဝလံ ကုန်စည်ဒိုင်တွင် တွေ့ဆုံဆွေးနွေးကြပြီး နာနတ်သီးများ ဝမ်တိန်ကွင်းအတွင်း သွားရောက်ရောင်းချရာတွင် အခက်အခဲများစွာရှိသဖြင့် နာနတ်သီးကားများကို ဖရဲ၊ သခွား၊ သရက်သီးများကဲ့သို့ မူဆယ်(၁၀၅)မိုင်သစ်သီးကွင်း၌ ရောင်းချလိုကြောင်း ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်များ ရရှိခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်နှင့် ပွဲရုံများမှ သိရသည်။

**စုစုသာ (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ အဝယ်အေး၍ ငရုတ်ဈေးကျ

မန္တလေးတိုင်းဒေသကြီးတွင် ငရုတ်သီး အဓိကစိုက်ပျိုးသည့် ကျောက်ဆည်ခရိုင်၌ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဝယ်အေးလာ၍ ငရုတ်ဈေးများ ကျဆင်းနေကြောင်း သိရသည်။

ကျောက်ဆည်ငရုတ်ပွဲရုံများမှ ငရုတ်အစိုတစ်ပိဿာလျှင် ယခင်တစ်ပတ်က ကျပ် ၅၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး ယခုတစ်ပတ်တွင် အဝယ်အေးနေ၍ တစ်ပိဿာ ကျပ် ၃၃၀၀ ဖြင့်သာ ဝယ်ယူနေကြောင်း သိရသည်။ ငရုတ်အစိုကို ငရုတ်ခြောက်ထက် ပြည်ပဈေးကွက်သို့ တင်ပို့မှုရှိကြောင်း ယင်းပွဲရုံများမှ ပြောကြားချက်အရ သိရသည်။

ယခင်တစ်ပတ် ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၄၅၀၀-၅၀၀၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ်တွင် ငရုတ်ခြောက်တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၄၀၀၀-၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မန္တလေး- မူဆယ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ၁၆ မိုင် ဂိတ်ဖြတ်စာရင်းအရ ငရုတ်ခြောက်တင်ပို့မှု အခြေအနေမှာ ၂၀၁၈ ခုနှစ် မေလတွင် ၁၁၇၀ တန်၊ ၂၀၁၉ ခုနှစ် မေလတွင် ၂၄၂၆ ဒသမ ၇၂ တန်တင်ပို့မှုရှိနေ၍ ယခင်နှစ်ကာလတူနှိုင်းယှဉ်ပါက ငရုတ်ခြောက်တင်ပို့မှုမှာ ၁၂၅၆ ဒသမ ၇၂ တန်ပို၍တင်ပို့နိုင်ခဲ့သည်။

ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးသည့် ငရုတ်သီးကို မေလတွင် စတင်ခူးဆွတ်ပြီး ဇွန်လကုန်တွင် ပထမသီးကုန်၍ နောက်တစ်လခွဲကြာမှ ဒုတိယအကြိမ်ခူးဆွတ်နိုင်မည်ဖြစ်၍ လတ်တလောတွင် ဈေးကွက် လက်ကျန်နည်းနေကြောင်း၊ ငရုတ်တစ်ရာသီတွင် သုံးကြိမ် ခူးဆွတ်နိုင်ကြောင်း စိုက်ပျိုးသူ တောင်သူများမှ ပြောကြားသည်။

**ချောစုဝင်း(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

# ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုအခြေအနေ

ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်အောင်ပန်းနှင့် ဟဲဟိုးမှ အာလူးဆွဲ(နီ) တစ်ပိဿာလျှင် ကျပ်၁၅၀-၃၀၀၊ အာလူး A1 ကျပ် ၄၀၀-၅၀၀၊ အာလူး OK ကျပ် ၆၅၀-၆၈၀ အာလူး S1 ကျပ် ၇၂၀-၇၃၀၊ အာလူး S2 ကျပ် ၇၂၀-၈၀၀ အသီးသီးဝင်ရောက်ခဲ့ပြီး ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြောင်းသိရသည်။

ကုန်စည်ဒိုင်သို့ တစ်နေ့လျှင် ပျမ်းမျှအစီးအရေ ၁၁ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးအရေ စုစုပေါင်း ၇၁ စီး ဝင်ရောက်ခဲ့ပြီး၊ တစ်နေ့လျှင် ပျမ်းမျှပိဿာချိန် ၇၁၀၀၀ ခန့်ဖြင့် တစ်ပတ်အတွင်းစုစုပေါင်းပိဿာချိန် ၄၂၆၀၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။

**ရွှေဝါ-မြင့်တင်၊ပြည်တွင်း(ရန်ကုန်)**

# စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက် စီမံကိန်းအောင်မြင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ တိုင်းစိုက်ပျိုးရေးဦးစီးဌာန၊အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက်က ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း အောင်မြင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် AFAVC (Climate-Friendly Agribusiness Value Chains Sector Project)စီမံကိန်းအကြောင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းဒါရိုက်တာ ဦးအေးကိုကို စိုက်ပျိုးရေးဦးစီးဌာနမှ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါစီမံကိန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ ခုနစ်နှစ်စီမံကိန်းဖြစ်သည်။ ချေးငွေရယူမည့်အဖွဲ့အစည်းမှာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ဖြစ်ပြီး ထောက်ပံ့ငွေပေးမည့်အဖွဲ့အစည်းမှာ (GAFSP) Global Agriculture and Food Security Programတို့ဖြစ်ကြောင်းသိရသည်။

စီမံကိန်းသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများတွင် ဆန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ တန်ဖိုးကွင်းဆက် တိုးတက်ယှဉ်ပြိုင်နိုင်ပြီး လယ်သမားများနှင့် လယ်ယာစီးပွားလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရာသီဥတုဒဏ်ခံနိုင်မှု၊ အရည်အသွေးပိုင်း လုံခြုံစိတ်ချရမှု၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့် ဝင်ငွေတိုးတက်ရရှိမှုတို့ဖြစ်စေရန်ရည်ရွယ်သည်။

စီမံကိန်းဆောင်ရွက်မည့် မြို့နယ်များနှင့် မျိုးသန့်ခြံများကို မန္တလေးတိုင်းအတွင်းရှိ မလှိုင်၊ ပျော်ဘွယ်၊ နွားထိုးကြီးနှင့်စဉ့်ကိုင်မြို့နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ယင်းမာပင်နှင့်ဆားလင်းကြီး၊ မကွေးတိုင်းအတွင်းရှိပခုက္ကူ၊ မကွေး၊ အောင်လံ၊ နတ်မောက်နှင့် ပွင့်ဖြူမြို့တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**နှင်းပန်းဖြူ**



# ပြောင်းစိုက်တောင်သူများအတွက် ဝမ်းသာစရာ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်မြို့တွင် တံခွန်စက်မှုလက်မှု လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်ဖြန့်ချိရေးမှ ထုတ်လုပ်သော ပြောင်းအခွံခွာရန်မလိုသော ပြောင်းခြွေလှေ့သန့်စင်စက်ကို ပြောင်းစိုက်တောင်သူများ ဝယ်ယူနိုင်ပြီဖြစ်သည်။

တံခွန်စက်မှုလက်မှုမှ ထုတ်လုပ်လျက်ရှိသော ပြောင်းဖူးခြွေလှေ့စက်မှာ မြင်းကောင်ရေ(၂၅-၂၈) ကောင်အားပေးစက်တပ်ဆင်ထားသည်။ စက်စွမ်းအားအနေဖြင့် တစ်နာရီလျှင် ပြောင်းဖူးဆန်တင်း(၁၀၀ မှ၁၅၀အထိ) ခြွေနိုင်ပြီး ရွှေ့ပြောင်းရလွယ်ကူသော ဘီးတပ်ခြွေလှေ့စက်ဖြစ်သည်။ ပြောင်းခြွေလှေ့စက်၏ တန်ဖိုးမှာ အားပေးစက်အပါအဝင် ကျပ်သိန်း ၃၄ ဝန်းကျင်သာရှိသော ပြည်တွင်းထုတ်စက်ဖြစ်သည်။

ခြွေလှေ့စက် မှာယူအသုံးပြုလိုသော တောင်သူဦးကြီးများအတွက် မှာယူအသုံးပြုမည့် ဒေသသို့ အရောက်ပို့ဆောင်မှုပေးခြင်း၊ အသုံးပြုသော ခြွေလှေ့စက်တစ်နှစ်အတွင်း ချွတ်ယွင်းမှုရှိပါက တံခွန်စက်မှုလက်မှုမှ ပြန်လည်ပြင်ဆင်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊ ကိုရီးယားနည်းပညာဖြင့် ထုတ်လုပ်သော ခြွေလှေ့စက်ဖြစ်သဖြင့် ပြောင်းအခွံခွာစရာမလိုဘဲ ခြွေလှေ့နိုင်ခြင်း၊ ခြွေလှေ့ပြီးပြောင်းဆန်များ သန့်စင်ခြင်း၊ ခြွေလှေ့သောအခွံထဲ၌ ပြောင်းဆန်အလေအလွင့်မရှိခြင်းများသည် ပိုမိုသာလွန်သော အားသာချက်ဖြစ်သည်။

တံခွန်စက်မှုလက်မှုမှ ထုတ်လုပ်လျက်ရှိသော ပြောင်းဖူးခြွေစက်အား မှာယူလိုပါက ဦးတင့်လွင် တံခွန်စက်မှုလက်မှုလယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ဖြန့်ချိရေး၊ ဖုန်းနံပါတ် ၀၉-၅၀၃၆၈၉၀ သို့ ဆက်သွယ်မှာယူနိုင်ကြောင်းသိရှိရသည်။

**နေမျိုးဝေ**

# ဇွန်လ နှမ်းတင်ပို့မှု ယမန်နှစ်ကာလတူထက် လျော့နည်း

ဇွန် ၁ ရက်မှ ၃၀ ရက်အတွင်း ပင်လယ်ရေကြောင်းမှ နှမ်းဖြူတန်ချိန် ၆၃၇ ဒသမ ၇၅၃ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၅၈၅၂၄ ကျော် ရရှိခဲ့ကြောင်း သိရသည်။ တင်ပို့ခဲ့သည့်နိုင်ငံများမှာ စင်ကာပူ၊ ဂျပန်၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စင်ကာပူနိုင်ငံသို့ တန်ချိန် ၄၀၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၈၉၄၅၀၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၁၀၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၈၁၀၀၊ ထိုင်ဝမ်နိုင်ငံသို့ တန်ချိန် ၇၂ ဒသမ ၇၇၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၁၇၁၄ ကျော်နှင့် ထိုင်းနိုင်ငံသို့ တန်ချိန် ၅၉ ဒသမ ၉၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၉၂၆၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသို့ အများဆုံး တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုအနည်းဆုံးမှာ ထိုင်းနိုင်ငံဖြစ်ကြောင်းသိရသည်။ နှမ်းဖြူဈေးနှုန်းမှာ ပျမ်းမျှတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၁၇ ခန့် ရရှိခဲ့ကြောင်း သိရသည်။

ယမန်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် နှမ်းဖြူ တန်ချိန် ၆၇၉ တန်ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၁၄၂၀၂ ခန့် တင်ပို့ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် ကာလတူထက် တန်ချိန် ၄၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။

ယမန်နှစ် နှမ်းဖြူတစ်တန် ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၃၄၆ ရရှိခဲ့ပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၁၇ ခန့် ရရှိခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၄၇၁ ဒေါ်လာခန့် ဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ယခင်နှစ်ထက် နှမ်းဈေးကောင်းခဲ့ကြောင်းသိရသည်။

**စန်းစန်းမော်၊ မြင့်တင်ပြည်တွင်း (ရန်ကုန်)**

# မြစ်သားမြို့နယ်တွင် ထိုင်ဝမ်သင်္ဘောစိုက်ပျိုးသူများ ဝင်ငွေတိုးနေ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ထိုင်ဝမ်သင်္ဘောမျိုးဖြစ်သည့် ၉၈၆ မျိုးကိုစိုက်ပျိုးသည့် ခြံရှင်များ သင်္ဘောသီး ဈေးကောင်းရ၍ ဝင်ငွေတိုးပြီး အဆင်ပြေနေကြောင်း သိရသည်။

၄၅ရက်သား သင်္ဘောပျိုးအိတ်များကို စိုက်ပျိုးသည့်အချိန်မှ လေးလ၊ ငါးလခန့် အကြာတွင် သင်္ဘောသီးများ စတင်ခူးဆွတ်နိုင်ပြီး ပွဲစားများမှ ခြံအရောက်ဈေးဖြင့် လာရောက်ဝယ်ယူကာ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ကြောင်း သိရသည်။

သင်္ဘောသီး တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ်လေးသိန်းမှငါးသိန်းခန့်ဖြစ်ကြောင်း၊ တစ်ဧကလျှင် သင်္ဘောသီးအလုံး ၄၅၀၀ မှ အထွက်ကောင်းလျှင် ၇၀၀၀ လုံးထိ ထွက်ရှိကြောင်း၊ သင်္ဘောသီးကို တစ်နှစ်တစ်ကြိမ် စိုက်ပျိုးကြောင်း၊ နောက်ဆုံးထွက်သည့် အသီးများမှာ သေး၍ဈေးကွက်မဝင်ခြင်းကြောင့် တစ်ရာသီပြီးလျှင် အပင်များကိုနုတ်ပြီး မျိုးပင်အသစ်ဖြင့် ပြန်လည်စိုက်ပျိုးကြောင်း သိရသည်။

တစ်ဧကအထွက်နှုန်းမှာ ၂၀၁၇ ခုနှစ်က ၄၅၀၀ မှ ၄၈၀၀ လုံးထိ ထွက်ရှိခဲ့ပြီး ၂၀၁၈ခုနှစ်တွင် အလုံးရေ ၆၀၀၀ မှ ၇၀၀၀ ထိထွက်ရှိခဲ့ကြောင်း ဈေးနှုန်းမှာလည်း ၂၀၁၇ ခုနှစ်က ခြံပေါက်ဈေး တစ်လုံး ၁၂၀ ကျပ်မှ ၁၅၀ ကျပ်ဈေးရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်က ကျပ် ၂၅၀ မှ ၃၀၀ ထိရခဲ့ကြောင်း သိရသည်။ ယခုလတ်တလော လက်လီသီးနှံဈေးကွက်တွင် သင်္ဘောသီးတစ်လုံး ကျပ် ၇၀၀ မှ ကျပ်၁၀၀၀ ထိရောင်းဝယ်လျက်ရှိသည်။

ယခု ၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတွင် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာတို့တွင် သင်္ဘောသီးလှိုင်လှိုင်ထွက်ပေါ်မည်ဖြစ်ရာ အပင်အခြေအနေကောင်း၍ အထွက်ကောင်းဈေးကောင်းရမည်ဟု စိုက်ပျိုးသူခြံရှင်များ၏ပြောပြချက်အရ သိရသည်။

**မြင့်မြင့်လှိုင်**
**(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဇူလိုင် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘာဘေဒို၊ အီဂျစ်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ကင်ညာနှင့် ကူဝိတ် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တရုတ်၊ နီပေါ၊ ဂျပန်၊ တောင်ကိုရီးယား၊ အီတလီ၊ နော်ဝေ၊ ဘရာဇီး၊ နယ်သာလန်၊ ဆွီဒင်၊ ဂျော်ဒန်၊ မက္ကဆီကိုနှင့် ကာတာစသည့် နိုင်ငံပေါင်း ၂၃ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Taiwan နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘာဘေဒို၊ ဒိန်းမတ်၊ အီဂျစ်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် တူရကီ စသည့် နိုင်ငံများ အပါအဝင် ၇၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် စင်ကာပူ၊ တရုတ်၊ နီပေါ၊ တောင်ကိုရီးယား၊ ဂျပန်၊ အီတလီ၊ ကနေဒါ၊ နော်ဝေ၊ ဘရာဇီး၊ ဆွီဒင်၊ တောင်အာဖရိက၊ ဂျော်ဒန်နှင့် ကာတာ စသည့်နိုင်ငံ ၂၅ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၈ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၈ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၄ ဖြင့် လည်းကောင်း၊ ဧည့် မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၉ ဒေါ်လာဖြင့် လည်းကောင်းရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၆ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ဧည့်မထ ၅ မှတ်ဆန်၊ ၂၅ မှတ်ဆန်၊ ၁၀၀ % ဘီဂရိတ်ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများ ဈေးမြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅ မှတ်ဆန်နှင့် ၂၅ မှတ်ဆန်များ သိသိသာသာဈေးနှုန်းပြောင်းလဲခြင်းမရှိကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်ဆန်၊ ၂၅ မှတ်ဆန်နှင့် အခြားဆန်အမျိုးအစားများမှာ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ရောင်းအားများနေခြင်းနှင့် ဆန်အဓိကတင်ပို့ရာနိုင်ငံများ၏ ကုန်လက်ကျန်များနေခြင်း၊ ဗီယက်နမ်ဆန်ကို အဓိကဝယ်ယူနေသော ဈေးကွက်များ၏ ဝယ်လိုအားကျဆင်းခြင်းတို့ကြောင့် ဗီယက်နမ်ဆန် ပို့ကုန်လုပ်ငန်းမှာ ပထမနှစ်ဝက်တွင် စိန်ခေါ်မှုများရင်ဆိုင်ခဲ့ရပြီး ယခု ဒုတိယနှစ်ဝက်တွင်လည်း ဆန်တင်ပို့ရေးရှုန်းကန်ရနိုင်ကြောင်း ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမြို့၌ တနင်္လာနေ့တွင် ကျင်းပခဲ့သည့် ဆန်လုပ်ငန်းညီလာခံသို့ တက်ရောက်သူများက ပြောကြားခဲ့သည်ကို သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံမှလွဲ၍ အခြားပုံမှန်ဝယ်လက်ဖြစ်သော တရုတ်၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ပထမနှစ်ဝက်တွင် ဗီယက်နမ်ဆန်ပမာဏများစွာလျှော့ချ ဝယ်ယူခဲ့ကြပြီး တရုတ်နိုင်ငံတွင်လည်း ဆန်လက်ကျန်များနေ ခြင်း၊ အင်ဒိုနီးရှား၌ ရွေးကောက်ပွဲရှိနေခြင်းနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ရေကြီးမှုဘေးမှ ပြန်လည်နာလန်ထူလာခြင်းတို့ကြောင့် ဒုတိယနှစ်ဝက်တွင်လည်း ဆန်ဝယ်လိုအား ကျဆင်းလာနိုင်ကြောင်း သိရှိရသည်။

ယင်းဈေးကွက်များ၏ ဆန်အဝယ်လျော့ကျမှုသည် ဆန်ကို အဓိကဦးဆောင်တင်ပို့နေသည့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ကိုလည်း ထိခိုက်စေခဲ့ပြီး ဗီယက်နမ်သည် ပထမငါးလအတွင်း တရုတ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်သို့ ဈေးကွက်သုံးခုပေါင်း ဆန် တန်ချိန် ၂၃၉၀၀၀ သာတင်ပို့နိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလ ၏ တင်ပို့မှု တန်ချိန် ၁ ဒသမ ၄၄ သန်းထက် များစွာနိမ့်ကျခဲ့ကြောင်း စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပို့ကုန်သွင်းကုန်ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ ဆန်တင်သွင်းသော နိုင်ငံများစွာသည် ဆန်တင်သွင်းမှုအပေါ် အခွန် မြှင့်တင်ခဲ့ကြသည့်အပြင် အရည်အသွေးကောင်းသည့် ဆန်ကို သင့်တင့်သည့်ဈေးဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက်လည်း အစိုးရ၏ ဆန်တင်ဒါများတွင် အခြားဆန်ရောင်းလက်နိုင်ငံများကိုပါ ပါဝင်ခွင့်ပြုလာကြသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ ပါကစ္စတန် စသော နိုင်ငံများကလည်း ဆန်တင်ပို့မှုမြှင့်တင်နိုင်ရေး ကြိုးပမ်းနေကြပြီး တရုတ်နိုင်ငံသည် ဆန်တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သော်လည်း ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံများတွင် ပါဝင်နေသည်။ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ပဈေးကွက်ဆိုင်ရာ မူဝါဒများပြင်ဆင်မှု အပါအဝင် ဆန်ပို့ကုန်လုပ်ငန်းမြှင့်တင်မှု အစီအမံများ ဖော်ဆောင်ရန် ဗီယက်နမ် စားနပ်ရိက္ခာအဖွဲ့ စသော အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ဝန်ကြီးဌာနသည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်များ ညှိနှိုင်းဆွေးနွေးမှု အပြင်အခွန်လျှော့ချရေးနှင့် ကုန်သွယ်မှုအဟန့်အတားဖယ်ရှားရေးတို့ကို ပြည်ပ မိတ်ဖက်နိုင်ငံများနှင့်ဆွေးနွေးခဲ့ကြောင်း ဗီယက်နမ်စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Tran Quoc Khanh ကပြောကြားခဲ့သည်ကို သိရှိရသည်။

ထို့ပြင် ဝန်ကြီးဌာနသည် ထုတ်ကုန်၏ သန့်ရှင်းမှု၊ ဘေးကင်းမှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဇာစ်မြစ်ခြေရာခံနိုင်မှုတို့နှင့် စပ်လျဉ်း၍ ပြည်တွင်းလုပ်ငန်းနှင့် အဖွဲ့အစည်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို မွမ်းမံခဲ့ကြောင်း၊ နိုင်ငံနှင့် နယ်မြေဒေသပေါင်း ၁၅၀ သို့ ဆန်တင်ပို့လျက်ရှိသည့် ဗီယက်နမ်သည် တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ ပြင်သစ်၊ နယ်သာလန်၊ ဂါနာ၊ အိုင်ဗရီကို့စ်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပြုလုပ်သော ကုန်သွယ်ရေးပြပွဲများ အပါအဝင် ကုန်သွယ်ရေးမြှင့်တင်မှုနှင့် ကုန်အမှတ်တံဆိပ်ထူထောင်မှုဆိုင်ရာ အစီအစဉ်များစွာ ပြုလုပ်ခဲ့ပြီး ဗီယက်နမ်ပို့ကုန်လုပ်ငန်းများအနေဖြင့် ဈေးကွက်အချို့အပေါ်တွင်သာ မှီခိုနေခြင်းမပြုဘဲ ပို့ကုန်နှင့်သွင်းကုန် ဈေးကွက်များကို ချဲ့ထွင်သွားသင့်ကြောင်း ဆန်လုပ်ငန်းညီလာခံတွင် ပညာရှင်များက အကြံပြုခဲ့ကြသည်ကို သိရှိရသည်။

ပြည်တွင်းဆန်စပါးသတင်းများအနေဖြင့် ဥရောပသမဂ္ဂ (အီးယူ)အနေဖြင့် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆန်လုံးရှည်တင်ပို့မှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ အခွန်တိုးမြှင့်ကောက်ခံမည်ဟု ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်အရ ဆန်တင်ပို့ခွင့်ကို ယာယီပိတ်ထားခဲ့ပြီး ဇူလိုင်လမှစ၍ ပြန်လည်တင်ပို့ခွင့်ရရှိပြီဖြစ်ကြောင်း၊ အီးယူသို့ ဆန်လုံးရှည်တင်ပို့မည်ဆိုပါက နှစ်အလိုက်သတ်မှတ်ထားသည့် အခွန်ကို ပေးဆောင်ရမည်ဖြစ်သော်လည်း သုံးမီလီမီတာအောက်ရှိ ဆန်အမျိုးအစားများကိုမူ အခွန်ကင်းလွတ်ခွင့်ဖြင့် စတင်တင်ပို့နိုင်ပြီဖြစ်ကြောင်း ဆန်ကုန်သည်များထံမှသိရှိရသည်။

အီးယူ၏ အခွန်ပေးဆောင်ရမည့် ဆန်အမျိုးအစားသတ်မှတ်ချက်တွင် ဆန်လုံးရှည် (အချွန်) အလျား ခြောက်မီလီမီတာအထက် (အလျားနှင့်လုံးပတ်အချိုး သုံးမီလီမီတာနှင့်အထက်) ရှိသော ဆန်နှင့်ပေါင်းဆန်တို့ အကျုံးဝင်ကြောင်း၊ သို့သော် အလျားနှင့်လုံးပတ်အချိုး သုံးမီလီမီတာအောက် လုံးရှည်ဆန် (အချွန်)၊ လုံးလတ်ဆန်၊ ဆန်ကွဲနှင့် လုံးတီးဆန်အမျိုးအစားများသည် အခွန်တိုးမြှင့်မှုတွင်အကျုံးမဝင်ကြောင်း ဆန်စပါးကုန်သည် များထံမှ သိရှိရသည်။ မြန်မာနိုင်ငံသည် ဧည့်မထအုပ်စုဝင် စပါးအမျိုးအစားများစွာ စိုက်ပျိုးသည့်နိုင်ငံဖြစ်သည့်အတွက် အလျား ၆ မီလီမီတာအောက်၊

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၆ | ၀.၈၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၇ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၈ | ၁.၃၀ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၈၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၃ | ၀.၈၁ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေး နှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၉၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၅ |
| ၄ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၉၄ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | C.A. Republic | လီတာ | ၁.၈၉ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၈၅ |
| ၂ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | နော်ဝေ | လီတာ | ၁.၈၀ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Iceland | လီတာ | ၁.၇၂ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၃၁ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၆ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကြယ်စင်(တန့်ဆည်မြေ)

ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၈.၆.၂၀၁၉ | စည် | ၅၉.၄၃ |
| ၂ | ၁.၇.၂၀၁၉ | စည် | ၅၉.၀၉ |
| ၃ | ၂.၇.၂၀၁၉ | စည် | ၅၆.၂၅ |
| ၄ | ၃.၇.၂၀၁၉ | စည် | ၅၇.၃၄ |
| ၅ | ၄.၇.၂၀၁၉ | စည် | ၅၇.၃၄ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် မေ ၆ ရက်မှ ဇူလိုင် ၁ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့်ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါ အတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဆက်တိုက်မြင့်တက်လာသော ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၂ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၉၃ ဒေါ်လာသို့ ပြန်လည် ကျဆင်းလာခဲ့သော်လည်း ဇူလိုင် ၃ ရက်တွင် ၁၄၂၅ ဒေါ်လာသို့ပြန်လည် မြင့်တက်လာခဲ့ပြီး ဇူလိုင် ၄ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၁၅ ဒေါ်လာဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးမှာ အတက်အကျဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အတက်အကျများဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၂၀၅၀၀ အထိ စံချိန်တင်ဈေးအဖြစ် မြင့်တက်လာခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ် အေးနေကြောင်း ရွှေဘုံသာရွှေဈေးကွက်အတွင်းမှ သိရှိရ သည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၁ ရက်မှ ဇူလိုင် ၄ ရက်အတွင်း ကမ္ဘာ့ ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

၂၀၁၉ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးကွက်အခြေအနေ

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၆.၂၀၁၉ | ၁၀၅၄၅၀၀ | ၁၃၀၅ |
| ၂ | ၃.၆.၂၀၁၉ | ၁၀၅၅၅၀၀ | ၁၃၁၇ |
| ၃ | ၄.၆.၂၀၁၉ | ၁၀၆၀၅၀၀ | ၁၃၂၆ |
| ၄ | ၅.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၇ |
| ၅ | ၆.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၆ |
| ၆ | ၇.၆.၂၀၁၉ | ၁၀၆၈၅၀၀ | ၁၃၃၃ |
| ၇ | ၈.၆.၂၀၁၉ | ၁၀၆၉၅၀၀ | ၁၃၄၀ |
| ၈ | ၉.၆.၂၀၁၉ | ၁၀၆၉၅၀၀ | ၁၃၄၀ |
| ၉ | ၁၁.၆.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၂၂ |
| ၁၀ | ၁၂.၆.၂၀၁၉ | ၁၀၇၃၅၀၀ | ၁၃၃၅ |
| ၁၁ | ၁၃.၆.၂၀၁၉ | ၁၀၇၃၀၀၀ | ၁၃၃၆ |
| ၁၂ | ၁၄.၆.၂၀၁၉ | ၁၀၈၁၅၀၀ | ၁၃၅၆ |
| ၁၃ | ၁၅.၆.၂၀၁၉ | ၁၀၇၉၅၀၀ | ၁၃၄၂ |
| ၁၄ | ၁၆.၆.၂၀၁၉ | ၁၀၇၉၀၀၀ | ၁၃၄၂ |
| ၁၅ | ၁၈.၆.၂၀၁၉ | ၁၀၈၅၅၀၀ | ၁၃၄၆ |
| ၁၆ | ၁၉.၆.၂၀၁၉ | ၁၀၈၃၀၀၀ | ၁၃၄၃ |
| ၁၇ | ၂၀.၆.၂၀၁၉ | ၁၀၉၆၅၀၀ | ၁၃၈၁ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၃-၆-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၃-၇-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၄ ဒသမ ၄၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 3-Jul-19 | 13.16 cts/lb | 12.98 cts/lb | 324.45 $/T | 14.72 cts/lb |
| 2-Jul-19 | 13.00 cts/lb | 12.97 cts/lb | 322.70 $/T | 14.64 cts/lb |
| 1-Jul-19 | 13.20 cts/lb | 12.97 cts/lb | 329.30 $/T | 14.94 cts/lb |
| 28-Jun-19 | 13.27 cts/lb | 12.95 cts/lb | 330.95 $/T | 15.01 cts/lb |
| 27-Jun-19 | 12.98 cts/lb | 12.93 cts/lb | 331.75 $/T | 15.05 cts/lb |
| 26-Jun-19 | 12.53 cts/lb | 12.93 cts/lb | 322.30 $/T | 14.62 cts/lb |
| 25-Jun-19 | 12.79 cts/lb | 12.94 cts/lb | 327.00 $/T | 14.83 cts/lb |
| 24-Jun-19 | 12.72 cts/lb | 12.94 cts/lb | 325.90 $/T | 14.78 cts/lb |
| 21-Jun-19 | 12.71 cts/lb | 12.94 cts/lb | 327.70 $/T | 14.86 cts/lb |
| 20-Jun-19 | 12.91 cts/lb | 12.93 cts/lb | 334.15 $/T | 15.16 cts/lb |
| 19-Jun-19 | 12.97 cts/lb | 12.90 cts/lb | 335.45 $/T | 15.22 cts/lb |
| 18-Jun-19 | 13.06 cts/lb | 12.86 cts/lb | 336.30 $/T | 15.25 cts/lb |
| 17-Jun-19 | 13.07 cts/lb | 12.81 cts/lb | 336.45 $/T | 15.26 cts/lb |
| 14-Jun-19 | 13.15 cts/lb | 12.76 cts/lb | 339.00 $/T | 15.38 cts/lb |
| 13-Jun-19 | 13.12 cts/lb | 12.69 cts/lb | 339.90 $/T | 15.42 cts/lb |
| 12-Jun-19 | 13.05 cts/lb | 12.64 cts/lb | 338.15 $/T | 15.34 cts/lb |
| 11-Jun-19 | 13.01 cts/lb | 12.59 cts/lb | 339.65 $/T | 15.41 cts/lb |
| 10-Jun-19 | 12.88 cts/lb | 12.54 cts/lb | 337.35 $/T | 15.30 cts/lb |
| 7-Jun-19 | 12.97 cts/lb | 12.49 cts/lb | 340.85 $/T | 15.46 cts/lb |
| 6-Jun-19 | 12.94 cts/lb | 12.45 cts/lb | 341.70 $/T | 15.50 cts/lb |
| 5-Jun-19 | 12.70 cts/lb | 12.41 cts/lb | 335.10 $/T | 15.20 cts/lb |
| 4-Jun-19 | 12.84 cts/lb | 12.40 cts/lb | 339.75 $/T | 15.41 cts/lb |
| 3-Jun-19 | 12.69 cts/lb | 12.37 cts/lb | 334.00 $/T | 15.15 cts/lb |

Source: www.isosugar.org

သကြားဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ရာသီတွင် ကမ္ဘာ့သကြားလိုအပ်ချက် တန်ချိန် ၂ ဒသမ ၅ သန်း ရှိလာနိုင်ပြီး ကုန်ပိုလျှံမှုကြောင့် နှစ်အတန်ကြာ ဈေးကျဆင်းခဲ့သည့် သကြားဈေးများ ပြန်ကောင်းလာရန်ရှိကြောင်း ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းစီးတီးမြို့တွင် ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့သည့် အာဆီယံ သကြားလုပ်ငန်းပူးပေါင်းအဖွဲ့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတွင် ယင်းခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ ထိုင်းနိုင်ငံ MITR Phol သကြားကော်ပိုရေးရှင်းမှ ဈေးကွက်သုတေသီ Sasathorn Sanguandeekul က ယခုနှစ်တွင် ထိုင်းနိုင်ငံ အပါအဝင် သကြားအဓိကထုတ်လုပ်ရာနိုင်ငံများ၏ သကြားအထွက်ကျဆင်းမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် သကြားလိုအပ်မှု ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉-၂၀၂၀ ခုနှစ်တွင် ထိုင်း၊ အိန္ဒိယနိုင်ငံတို့၏ သကြားအထွက်ကျဆင်းနိုင်ခြင်းကြောင့် အာရှတိုက်တွင် သကြားလိုအပ်မှု တန်ချိန် ၉ ဒသမ ၅ သန်းဝန်းကျင်ရှိနိုင်ပြီး ကမ္ဘာ့သကြားထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံး ဘရာဇီးနိုင်ငံတွင် ကြံပင်များ ကြီးရင့်လာခြင်းနှင့် မိုးခေါင်ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ရာသီက သကြားထုတ်လုပ်မှု တန်ချိန် ၂၆ ဒသမ ၅ သန်းသို့ လျော့ကျလာခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉-၂၀၂၀ ရာသီတွင် ဘရာဇီး၏ သကြားထုတ်လုပ်မှု တန်ချိန် ၂၆ သန်းမှ ၂၈ သန်း အကြားရှိနိုင်မည်ဟုခန့်မှန်းထားပြီး ဘရာဇီးသည် အီသနောလောင်စာဆီ မြှင့်တင်ထုတ်လုပ်ဆဲဖြစ်၍ သကြားထုတ်လုပ်မှုကို လျှော့ချနေသည်ဟု သိရှိရသည်။

တရုတ်နိုင်ငံ၏ သကြားထုတ်လုပ်မှုမှာ ၂၀၁၈-၂၀၁၉ ရာသီတွင် တန်ချိန် ၁၁ ဒသမ ၆၃ သန်းနှင့် ၂၀၁၉-၂၀၂၀ ရာသီတွင် တန်ချိန် ၁၁ ဒသမ ၂ သန်း ရှိနိုင်ပြီး နိုင်ငံသကြားလိုအပ်ချက်ထက် လျော့နည်းမည်ဟု ခန့်မှန်းထားသည်။ တရုတ်အနေဖြင့် သကြားတန်ချိန် ၄ ဒသမ ၅ သန်း ဝန်းကျင် တင်သွင်းရနိုင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင်လည်း သကြားလိုအပ်မှု ဖြစ်ပေါ်နိုင်ပြီး ၂၀၁၈-၂၀၁၉ ရာသီ၏

စာမျက်နှာ ၁၇ သို့

# ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းနှင့် တစ်သျှူးငှက်ပျောတင်ပို့မှု အလားအလာ



ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှလုပ်ငန်းရှင်များနှင့် ဒေသခံလုပ်ငန်းရှင်များပူးပေါင်းပြီး တစ်သျှူး ငှက်ပျောစိုက်ပျိုးခြင်းကို ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် စတင်ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၈ ခုနှစ်တွင် စိုက်ဧကပေါင်း ခန့်မှန်း ခြောက်သောင်းရှိလာခဲ့ကြောင်း သိရှိရသည်။

ငှက်ပျောစိုက်ထားသည့် မြေယာများတွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် သစ်တောကြိုး ဝိုင်းမြေများအထိ ပါဝင်မှုရှိနေသည့်အတွက် ဒေသခံပြည်သူလူထု၊ လုပ်ငန်းရှင်များနှင့် အစိုးရဌာနဆိုင်ရာများအကြား ပြဿနာအနည်းငယ်ရှိနေကြောင်းလည်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောကို မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့နယ်တို့တွင် စိုက်ပျိုးထားပြီး ငှက်ပျောထွက်ရှိမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံ၊ ထိန်ချုံးမြို့သို့တင်ပို့ကြသည်။ ကျန် ၁၀ရာခိုင်နှုန်းခန့်ကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်သျှူးငှက်ပျောစိုက်ပျိုးတင်ပို့လျက်ရှိသော ကုမ္ပဏီ ၂၃ ခုခန့်ရှိသည်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ဘဏ္ဍာနှစ်အလိုက် ပို့ကုန်တန်ဖိုးများတွင် တစ်သျှူးငှက်ပျောသည် အဓိက ပို့ကုန်အဖြစ် ဦးဆောင်နေကြောင်း တွေ့ရှိရသကဲ့သို့ တစ်နှစ်ထက်တစ်နှစ် တစ်သျှူးငှက်ပျောတင်ပို့တန်ချိန်များ အောက်ပါအတိုင်း တိုးတက်နေကြောင်း တွေ့ရှိရသည်-

**တန်ဖိုး - ဒေါ်လာသန်းပေါင်း**

| ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၂၆၄၀၅ | ၄.၀၄၈ |
| ၂၀၁၄-၂၀၁၅ | ၃၃၇၇၀ | ၄.၉၈၂ |
| ၂၀၁၅-၂၀၁၆ | ၈၁၃၄၀ | ၂၅.၇၂၉ |
| ၂၀၁၆-၂၀၁၇ | ၁၇၆၅၇၀ | ၅၅.၂၂၆ |
| ၂၀၁၇-၂၀၁၈ | ၂၆၆၅၂၅ | ၇၈.၈၅၈ |
| ၂၀၁၈ မီနီဘတ်ဂျက် | ၂၂၆၃၈၉ | ၆၈.၀၃၃ |
| ၂၀၁၈-၂၀၁၉(မေလအထိ) | ၅၉၅၈၆၅ | ၂၃၃.၉၀၃ |

ထူးခြားမှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှစ်လကာလ မေလအထိ ငှက်ပျောတင်ပို့မှုသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ၁၂ လကာလထက် တန်ချိန်ပေါင်း ၂၅၂၂၅၁ တန် ပိုမိုတိုးတက်များပြားလာသည်ကို တွေ့ရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန်အထိဆိုပါက ငှက်ပျောတန်ချိန်ပေါင်း ခုနစ်သိန်းခန့်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျောတင်ပို့မှုဆက်လက်မြင့်တက်လာသကဲ့သို့ ကွဲကူးရေပါသဘောသက်ရောက်သည့် ငှက်ပျောစိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစု ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကိုလည်း ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ တင်သွင်းလျက်ရှိသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တစ်နှစ်စာ လျာထားသတ်မှတ်ထားသည့် ကုန်သွယ်မှု ပမာဏကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှစ်လတာ မေလအထိစာရင်းအရ ပိုမိုဆောင်ရွက်နိုင်ကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| လျာထားချက် | | ၁၀/၂၀၁၈ လမှ ၅/၂၀၁၉ လအထိ | ပို / လို |
|---|---|---|---|
| ပို့ကုန် - | ၁၃၀.၀၀၀ | ၂၄၀.၂၁၃ | (+) ၁၁၀.၂၁၃ |
| သွင်းကုန် - | ၂၀.၀၀၀ | ၂၀.၉၉၈ | (+) ၀.၉၉၈ |
| ကုန်သွယ်မှုပမာဏ- | ၁၅၀.၀၀၀ | ၂၆၁.၂၁၁ | (+) ၁၁၁.၂၁၁ |

သို့ဖြစ်ပါ၍ ကန်ပိုက်တီကုန်သွယ်ရေးစခန်းတွင် အဓိကပို့ကုန်အဖြစ် တစ်သျှူးငှက်ပျော၊ အဓိက သွင်းကုန်အဖြစ် ဓာတ် မြေဩဇာတို့ဆက်လက်ဖြစ်ပေါ်နေနိုင်ပြီး သတ်မှတ်လျာထားကုန်သွယ်မှု ပမာဏအပေါ် အပြည့်အဝရရှိနိုင်သော ကုန်သွယ် ရေးစခန်းတစ်ခုအဖြစ် တည်ရှိနေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုလတ် (ကန်ပိုက်တီ)**

# မြန်မာ-တရုတ် ကုန်ပစ္စည်းမိတ်ဆက်ရောင်းချပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ UBH Co,Ltd. နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကွင်းမင်ကွင်းမန် မဲခေါင်စီးပွားရေးလုပ်ငန်းတို့၏ ပံ့ပိုးကူညီမှုဖြင့် တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၌ ကုန်ပစ္စည်းမိတ်ဆက်ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းရွှန်တစ်လုံးက အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ UBH Co,Ltd.မှ ဦးဇော်မင်းလွင်နှင့် ကွင်းမင်ကွင်းမန် မဲခေါင်စီးပွားရေးလုပ်ငန်းရှင် မစ္စတာလီရှန်ကွင်းတို့မှ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါပြပွဲသို့ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ကုန်သည်လုပ်ငန်းရှင်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီးတရုတ် ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များမှ အိမ်သုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို ပြခန်း ၂၆ ခန်းနှင့် ရှမ်းပြည်နယ်ဒေသထွက်ကုန် ပြခန်းများမှ ဥယျာဉ်ခြံမြေထွက်သီးနှံ (ထောပတ်သီး)၊ လယ်ယာထွက်သီးနှံများမှ ပဲအမျိုးမျိုးနှင့် ငရုတ်သီးခြောက်များ၊ နာနတ်သီးတန်ဖိုးမြှင့်ထုတ်ကုန်များနှင့် ရိုးရာလက်မှုပစ္စည်းများကို ပြခန်း ခုနစ်ခန်း၊ စုစုပေါင်းပြခန်း ၃၃ ခန်းပါဝင်ပြသ၍ ကုန်ပစ္စည်းမိတ်ဆက်ရောင်းချပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

**စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်**

| | | | |
|---|---|---|---|
| ၁၈ | ၂၁.၆.၂၀၁၉ | ၁၁၁၂၀၀၀ | ၁၄၀၆ |
| ၁၉ | ၂၂.၆.၂၀၁၉ | ၁၁၀၅၅၀၀ | ၁၄၀၀ |
| ၂၀ | ၂၃.၆.၂၀၁၉ | ၁၁၀၇၅၀၀ | ၁၄၀၀ |
| ၂၁ | ၂၄.၆.၂၀၁၉ | ၁၁၀၈၅၀၀ | ၁၄၀၈ |
| ၂၂ | ၂၆.၆.၂၀၁၉ | ၁၁၁၂၅၀၀ | ၁၄၀၆ |
| ၂၃ | ၂၇.၆.၂၀၁၉ | ၁၁၁၁၅၀၀ | ၁၄၀၅ |
| ၂၄ | ၂၈.၆.၂၀၁၉ | ၁၁၁၅၀၀၀ | ၁၄၁၄ |
| ၂၅ | ၂၉.၆.၂၀၁၉ | ၁၁၀၇၅၀၀ | ၁၄၀၉ |
| ၂၆ | ၃၀.၆.၂၀၁၉ | ၁၁၀၆၀၀၀ | ၁၄၀၉ |
| ၂၇ | ၂.၇.၂၀၁၉ | ၁၁၀၅၀၀၀ | ၁၃၉၃ |
| ၂၈ | ၃.၇.၂၀၁၉ | ၁၁၂၀၅၀၀ | ၁၄၂၅ |
| ၂၉ | ၄.၇.၂၀၁၉ | ၁၁၁၉၅၀၀ | ၁၄၁၅ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးသည် လဆန်းပိုင်းတွင် ဆက်တိုက်မြင့်တက်လေ့ရှိပြီး လကုန်ပိုင်း၌ အနည်းငယ် ပြန်လည်ကျဆင်းလေ့ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောကြားခဲ့သည်ကို သိရှိရသည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် ဒေါ်လာ အရောင်းအဝယ်နှင့် ပြည်ပငွေလဲပေးပို့မှုများ အားနည်းနေခြင်းကြောင့် ဈေးကျခြင်းဖြစ်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် မိုးရာသီ၌ ပြည်ပပို့ကုန်နည်းသဖြင့် ဒေါ်လာတန်ဖိုး မြင့်တက်လေ့ရှိသော်လည်း သွင်းကုန်လျော့နည်းခြင်း၊ နိုင်ငံခြားကုမ္ပဏီများမှ ဝန်ထမ်းလစာပေးရန် ဒေါ်လာရောင်းချခြင်းစသော နိုင်ငံခြားငွေ ရောင်းလိုအားများသည့် လကုန်နှင့် လဆန်းရက်များတွင် ဒေါ်လာတန်ဖိုး အနည်းငယ်ကျဆင်းလေ့ရှိသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၈-၆-၁၉ | ၁-၇-၁၉ | ၂-၇-၁၉ | ၃-၇-၁၉ | ၄-၇-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၅.၀ | ၁၅၁၃.၄ | ၁၅၁၃.၁ | ၁၅၁၀.၇ | ၁၅၀၆.၆ | -၀.၅၅ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၆၈၀ | ၃၀.၅၉၅ | ၃၀.၆၉၅ | ၃၀.၅၄၅ | ၃၀.၆၆၅ | -၀.၀၅ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၅၃ | ၁.၃၅၄ | ၁.၃၅၆ | ၁.၃၅၅ | ၁.၃၅၆ | ၀.၂၂ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၃ | ၄.၁၃၄ | ၄.၁၃၈ | ၄.၁၃၈ | ၄.၁၃၅ | ၀.၀၅ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၂၇ | ၁၄၁၁၀ | ၁၄၁၃၇ | ၁၄၁၁၇ | ၁၄၁၃၂ | ၀.၀၃ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၈၆၅ | ၆.၈၄၄ | ၆.၈၇၈ | ၆.၈၈၀ | ၆.၈၇၁ | ၀.၀၉ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၀၁၄ | ၆၉.၀၆၁ | ၆၉.၀၁၆ | ၆၈.၈၄၇ | ၆၈.၇၅၁ | -၀.၃၈ | ⬇ |
| ၈ | Japanese Yen | JPY | ၁၀၇.၆၆၈ | ၁၀၈.၂၅၅ | ၁၀၈.၂၃၃ | ၁၀၇.၆၉၂ | ၁၀၇.၈၀၅ | ၀.၁၄ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၂၆ | ၁.၄၂၉ | ၁.၄၃၂ | ၁.၄၂၆ | ၁.၄၂၅ | -၀.၀၇ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၇၈ | ၀.၈၈၃ | ၀.၈၈၅ | ၀.၈၈၆ | ၀.၈၈၆ | ၀.၉၁ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၉ | ၀.၇၉၁ | ၀.၇၉၃ | ၀.၇၉၅ | ၀.၇၉၅ | ၀.၇၆ | ⬆ |
| Source- Central Bank of Myanmar | | | | | | | | | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇွန် ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်ရှိခဲ့ရာမှ ဇူလိုင် ၄ ရက်တွင် ၁၅၀၆ ဒသမ ၆၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန် ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၅၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန် ၃ ရက်မှ ဇူလိုင် ၄ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့ သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲ များဖြစ်ပေါ်နေပြီး ဇွန် ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၇ ကျပ်၊ ဇူလိုင် ၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်၊ ဇူလိုင် ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ်၊ ဇူလိုင် ၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

အလျားနှင့်အနံအချိုးနှစ်နှင့် သုံးကြား ဆန်အမျိုးအစားများရှိနေသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းကပြောကြားခဲ့သည်။

ထို့ကြောင့် နိုင်ငံအတွင်း စိုက်ပျိုးသည့် ဧည့်မထအုပ်စုဝင် ရွှေဝါထွန်းဆန်၊ ဆင်းသုခ၊ မနောသုခ ဆန်အမျိုးအစားတို့သည် အလျားနှင့်လုံးပတ်အချိုး သုံးမီလီမီတာအောက်ရှိသည့် အမျိုးအစား များဖြစ်၍ ဆက်လက်တင်ပို့ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ အီးယူသို့ ဆန်ကွဲနှင့်လုံးလတ်ဆန်များကို ဦးစားပေးတင်ပို့ကြပြီး လုံးလတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ကျော် ပေါက်ဈေးရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆန်အမျိုးအစားများစွာ စိုက်ပျိုးနေသည့်အတွက် ယင်းအားသာချက်ကို အသုံးချပြီး ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်ဆက်လက်တင်ပို့နိုင်ရေး အမြတ်ထုတ် နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထင်ဇော်လှိုင်က ပြောကြားခဲ့သည်ကို သိရှိရသည်။

လက်ရှိဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တစ်ပတ်လျှင် အီးယူနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၅၀၀၀ ခန့် တင်ပို့နေကြောင်း၊ မြန်မာ့ဆန်ကွဲအများဆုံးတင်ပို့သည့် နိုင်ငံငါးနိုင်ငံမှာ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်၊ ယူကေနှင့် ပိုလန်နိုင်ငံတို့ဖြစ်ကြောင်း မြန်မာတောင်သူကြီးများ ဂျာနယ်တွင် ဖော်ပြထား သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၀ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၂၄၀ မှ ၂၀၄၆၀ အထိပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇူလိုင် ၄ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၈.၆.၂၀၁၉ | ၁.၇.၂၀၁၉ | ၂.၇.၂၀၁၉ | ၃.၇.၂၀၁၉ | ၄.၇.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၂၀၀၀ | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၂၀၀ | ၂၁၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၂၀၀၀၀ | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၁၀၀၀ | ၂၀၈၀၀ | ၂၀၇၀၀ | ၂၀၅၀၀ | ၂၀၄၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၈၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၄၅၀ | ၁၉၄၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၅၀၀ | ၁၈၂၀၀ | ၁၈၂၀၀ | ၁၈၂၀၀ | ၁၈၂၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၀၀၀ | ၁၇၈၀၀ | ၁၇၈၀၀ | ၁၇၈၅၀ | ၁၇၈၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၈၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၀၈၀၀ | ၂၀၈၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့ နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည် ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ် ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၉၁ ရာခိုင်နှုန်းဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဇွန်လ နောက်ဆုံးပတ်နှင့် ဇူလိုင်ပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

## စာမျက်နှာ (၁၅) သကြား. . . မှအဆက်

သကြားထုတ်လုပ်မှု တန်ချိန် ၂ ဒသမ ၃၇ သန်းရှိနိုင်ချိန်တွင် သကြားစားသုံးမှုမှာ တန်ချိန် ၇ ဒသမ ၁၁ သန်းအထိ မြင့်တက်မည်ဟု ခန့်မှန်းဖော်ပြထားသည်ကို သိရှိရသည်။

ထိုင်းနိုင်ငံတွင်လည်း ၂၀၁၈-၂၀၁၉ရာသီတွင် သကြား တန်ချိန် ၁၄ ဒသမ ၆ သန်း ထုတ်လုပ်ခဲ့ရာမှ ၂၀၁၉-၂၀၂၀ ရာသီ၌ မိုးခေါင်ခြင်း၊ တောင်သူများသီးနှံပြောင်းလဲ၍ စိုက်ပျိုးခြင်းတို့ကြောင့် သကြားတန်ချိန် ၁၃ သန်းဝန်းကျင်သာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်ကို သိရှိရသည်။ ကမ္ဘာ့ဈေးကွက်၌ သကြားပိုလျှံမှုကို နှစ်အတန်ကြာ ကြုံတွေ့ခဲ့ရာမှ ၂၀၁၉-၂၀၂၀ ရာသီ၌ သကြား လိုအပ်မှုဖြစ်လာခြင်းမှ TTC Sugar လုပ်ငန်းအပါအဝင် သကြားကုမ္ပဏီကြီးများအတွက် အခွင့်အလမ်း ဖြစ်လာနိုင်ကြောင်း လုပ်ငန်းကျွမ်းကျင်သူများက ပြောကြားသည်။

သကြားဈေးသည် ရေတိုကာလတွင် တစ်ပေါင်လျှင် ၁၂ စင့် မှ ၁၃ ဒသမ ၅ စင့်အကြား ဖြစ်နိုင်ပြီး ရေရှည်တွင် သကြား အလိုပြနိုင်ခြင်းကြောင့် ဈေးသည် ၁၂ ဒသမ ၅ စင့် မှ ၁၄ ဒသမ ၅ စင့် အကြားရောက်လာနိုင်ကြောင်း ထိုင်းနိုင်ငံ MITR Phol သကြားကော်ပိုရေးရှင်းမှ ဈေးကွက်သုတေသီ Sasathorn က သုံးသပ်ပြောကြားခဲ့သည်။ အာဆီယံ သကြားလုပ်ငန်းပူးပေါင်းအဖွဲ့နှင့် TTC Group တို့ဦးဆောင်ကျင်းပခဲ့သော အစည်းအဝေး၌ ဒေသတွင်း ကုန်သွယ်ရေး သဘောတူညီချက်များ၊ သကြားနှင့် ကျန်းမာရေးကိစ္စရပ်များနှင့် အီသနောဈေးကွက်ဖွံ့ဖြိုးမှုများကိုပါ ဆွေးနွေးခဲ့ကြကြောင်း thefarmermedia တွင် ဖော်ပြထားသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်နှင့် ဇူလိုင်လပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၈ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၄၁၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၁၃-၄၃၁၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၄၆၉-၆၀၉ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နှင့် အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လျက်ရှိပြီး အမေရိကန်နိုင်ငံတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကာ တရုတ်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၈ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ်နှင့် ဇူလိုင်ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၅ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၇၆၈ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၁၃ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြား ပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့်အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၂၄ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်သွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်နှင့် ဇူလိုင်လ ပထမပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

# ကုန်သွယ်မှုလျှာထားချက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် တာချီလိတ် ကုန်သွယ်ရေးစခန်း

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၉ ခုနှစ်၊ ဇွန်လကုန်သွယ်မှုလျာထားချက်အနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၀ သန်းနှင့် သွင်းကုန်တန်ဖိုး ငါးသန်း စုစုပေါင်း ကုန်သွယ်မှုလျာထားချက် ၅ ဒသမ ၈၀ သန်းအပေါ် အမှန်ဆောင်ရွက်နိုင်ခဲ့ပြီး ဇွန်လ(ယာယီ)စာရင်းအရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၀၅ သန်းနှင့် သွင်းကုန် တန်ဖိုး ၆ ဒသမ ၀၄၉ သန်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ၈ ဒသမ ၉၅၄ သန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၅၄ ဒသမ ၃၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် ၂ ဒသမ ၉၀၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူ ၂၀၁၈ ခုနှစ်၊ ဇွန်လထက်ပို့ကုန်တင်ပို့မှုမှ ၁ ဒသမ ၇၆၇ သန်း ပိုမိုတင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။ အဓိက ပိုမိုတင်ပို့နိုင်ခဲ့သည့် ပစ္စည်းများမှာ ရော်ဘာစေး၊ ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ၊ ထောပတ်သီး၊ ပြောင်း၊ လိမ္မော်သီး၊ ပုလင်းခွံဟောင်း၊ ပလတ်စတစ်ဘူးခွံဟောင်းတို့ဖြစ်ပြီး သိသာစွာ ပိုမိုတင်ပို့နိုင်ခဲ့သည်မှာ ရော်ဘာစေးဖြစ်ပြီး တင်ပို့မှုမှာ ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူထက် ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇွန်လအထိ ကုန်သွယ်မှုလျာထားချက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ သန်းနဲ့ သွင်းကုန်တန်ဖိုး ၄၉ သန်း စုစုပေါင်း၊ ကုန်သွယ်မှုပမာဏ သန်း ၆၀ အပေါ် ဇွန်လကုန်အထိ(ယာယီစာရင်း)အရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၁၈ သန်း၊ သွင်းကုန်တန်ဖိုး ၅၃ ဒသမ ၃၂ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၆၇ ဒသမ ၆၃၈ သန်း အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် စုစုပေါင်း ကုန်သွယ်မှုလျာထား ချက်အပေါ် ၁၁၂ ဒသမ ၇၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

**တာချီလိတ်မောင်**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၄၅၈၀ ကျပ်နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပခုက္ကူမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၃၀၀၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၁၀၀ နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၀၉၁ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၁၀ ကျပ်၊ ပရီမီယမ် ဒီဇယ်တစ်လီတာလျှင် ၉၂၀ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၈၀၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၈၉၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အတက်အကျအနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။



Myanmar Makro Industry Co.,Ltd
READY ငါးသေတ္တာ
(၁)ကာတွန်းဝယ်ယူ
သူတိုင်းအတွက်
READY
စတီးထမင်းချိုင့်
(၁)လုံးလက်ဆောင်
ပေးမယ့်အပြင်
ရန်ကုန်
မြို့တွင်း
အခမဲ့
Add : No.14, Thukhitar Street, Dagon Seikkan Industrial Zone, Yangon, Myanmar.
Ph : 09782018503, 09782018504, 09269290809
Email : myanmarmakro@gmail.com, Website : www.myanmarmakro.com
Facebook : www.facebook.com/ReadykitchenOfMyanmar
Facebook : www.facebook.com/BravoChilliSauce




WTHM WIN, THAN, HTAY, MIN INDUSTRIAL CO.,LTD.
P.P.P uPVC PIPE
& FITTING
ပီသုံးလုံးကိုစိတ်ချသုံး ပျော်ရွှင်ရမယ်တသက်လုံး
01 684844, 01 684990, 01 685841, 01 685842,
09 788880324, 09 788880325, 09 788880326, 09 73123285
02 34975, 02 60627, 02 33494, 09 799900028




RobAIoTric
RobAIoTric
Leading the Future
FESTO
TURCK
SIEMENS
BANNER
PEPPERL+FUCHS
MITSUBISHI MOTORS
Drive your Ambition
Address : No.(41/1), Moe Swe Street, (14/2)Quarter, South Okkalapa Township, Yangon, Myanmar
Hot Line : 01-572028, 09-420168985, 095146582
Email : sales@robaiotric.com
Website : www.robaiotric.com

# PPC

Property People Connection

**Under Management of Established Company**
**" PPC Group of Companies" in Singapore**



## Property Services

- Property Management
- M & E Services
- Cleaning
- Security

## Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services



## Real Estate Services

- Leasing, Purchasing & Selling

No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

---

# MPK

## စက်ပန်းထိမ်သုံး ပစ္စည်းရောင်းဝယ်ရေး













**No.45, Shwebontha Street, Yangon, Myanmar.**
**Tel: (01)246849, 381559, 246047**
**Mobile: 09-5081294, 09-73057917, 09-73243552**
**Email: yannaung52@gmail.com**

---

# makply

## သစ်သားထုတ်လုပ်ဖြန့်ချိရေးကုမ္ပဏီလီမိတက်



**MAK (Myanmar) Plywood Industries Pvt.Ltd.**

15, Thukithar Street, Dagon Seikkan Industrial Zone (2)
Dagon Seikkan Township, Yangon, Myanmar.

makply

+95 9 43114269
+95 9 792711835

# မိမိကုန်စည်များကို ကိုယ်ပိုင်အမှတ်တံဆိပ် မှတ်ပုံတင်၍

ap\;u Gfwi yfbl ypbl

နိုင်ဦး (DOCA)

ကုန်အမှတ်တံဆိပ်ဆိုသည်မှာ တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်သော ကုန်စည်ဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုသော ကုန်စည်ဖြစ်ကြောင်း ဖော်ပြရန် အသုံးပြုသော အမှတ်အသားကို ခေါ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဆိုလိုသည်မှာ အသုံးပြုသော အမှတ်တံဆိပ်ပိုင်ရှင်တစ်ဦး၏ထုတ်ကုန်ပစ္စည်းများကို အခြားထုတ်ကုန်ပစ္စည်းများနှင့် ကွဲပြားခြားနားမှုရှိစေရေးအတွက် ဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။

ကုန်အမှတ်အသားတံဆိပ်တစ်ခုသည် ရွှေစင်၊ ငွေသားများကဲ့သို့ တန်ဖိုးရှိသည်။ နာမည်ကြီးကျော်ကြားရင် ကျော်ကြားသလောက် တန်ဖိုးကြီးမားသည်။ လွှဲပြောင်းပိုင်ခွင့်၊ ပေါင်နှံပိုင်ခွင့်၊ အပြီးရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့်ရှိသဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ အစားအသောက်လုပ် ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အီလက်ထရွန်းနစ်လုပ်ငန်းများအတွက် အရေးပါသည့်အမှတ် အသားတစ်ခုဖြစ်သည်။ မိမိတီထွင်ထားသည့် အမှတ်အသားဖြင့် ကုန်စည်များထုတ်လုပ်ရောင်းချရာမှ ကုန်စည်များအရည်အသွေးကောင်းမွန်သဖြင့် စားသုံးသူများအကြိုက်တွေ့၍ အောင်မြင်သောလုပ်ငန်းဖြစ်လာမှ အဆိုပါကုန်စည်အမှတ်အသား၊ တစ်နည်းအားဖြင့် ကုန်အမှတ်တံဆိပ်ကို ဆင်တူရိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ တူသောပစ္စည်းအမျိုးအစားကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချခြင်းသည် စီးပွားရေးကျင့်ဝတ်နှင့် ညီညွတ်မှုမရှိသလို၊ မတရားသောယှဉ်ပြိုင်မှုဖြစ်ပေသည်။

ကုန်အမှတ်တံဆိပ်အကြောင်းစိတ်ဝင်စား၍ လေ့လာကြည့်တော့ ယခုမှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ (၁၆)ရာစုကပင် ပေါ်ပေါက်ခဲ့ကြောင်းသိရှိရသည်။ ထိုခေတ်က တစ်ဦးတစ်ယောက်ပိုင် ကုန်အမှတ်တံဆိပ်တစ်ခုကို အခြားတစ်ဦးက အသုံးပြုခြင်း၊ ဆင်တူယိုးမှားပြုလုပ်အသုံးပြုခြင်း၊ တုပအသုံးပြုခြင်းများကို သေဒဏ် ပြစ်ဒဏ်ပေးခြင်းအပါအဝင်ကြီးလေးသည့်ပြစ်ဒဏ်များကို ချမှတ်ခဲ့ပေသည်။ ထို့နောက်ကုန်စည်ကူးသန်းရောင်းဝယ်ကြသော နိုင်ငံအချို့သည် ကုန်အမှတ်တံဆိပ်များကိုအကာအကွယ်ပေးရန် ရှင်းလင်းပြည့်စုံတိကျသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ကြသည်။ လိုက်နာကျင့်သုံးစေခဲ့သည်။ ၁၈၅၇ ခုနှစ်တွင် ပြင်သစ်၊ ၁၈၆၂ ခုနှစ်တွင် အင်္ဂလန်၊ ၁၈၇၀ ခုနှစ်တွင် အမေရိကန်၊ ၁၈၇၄ ခုနှစ်တွင်ဂျာမနီနိုင်ငံတို့၌ ကုန်အမှတ်တံဆိပ်ကာကွယ်ရေးအတွက် ဆောင်ရွက်ရာမှ တစ်နိုင်ငံချင်းကာကွယ်သည်ထက် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရေးကို ပူးပေါင်းဆောင်ရွက်ပါက ပိုမိုကောင်းမွန်မည် ဟုယူဆလာကြသည်။ ကုန်စည်များသည် တစ်ကမ္ဘာလုံးသို့ ရောက်ရှိနိုင်၍ဖြစ်သည်။ ထိုနိုင်ငံများ၏ ကြိုးစားဆောင်ရွက်မှုကြောင့် ၁၈၈၃ ခုနှစ်တွင်ပဲရစ်ကွန်ဗင်းရှင်းဟူ၍ ပေါ်ပေါက်လာ ပြီး ကုန်အမှတ်တံဆိပ်အပါအဝင် စက်မှုဆိုင်ရာ၊ အသိဉာဏ်ပစ္စည်းများကို နိုင်ငံတကာတွင် အကာအကွယ်ပေးခဲ့ကြသည်။ လက်ရှိတွင် ယင်းကွန်ဗင်းရှင်း၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀ ကျော်ရှိပြီ ဟုသိရှိရသည်။ ကွန်ဗင်းရှင်းတွင် အခြေခံကျသော ပြဋ္ဌာန်းချက်သုံးရပ်ရှိသည်။ ပထမပြဋ္ဌာန်းချက်မှာ စာချုပ်ဝင်နိုင်ငံတိုင်းမိမိနိုင်ငံ သားများအား ပေးအပ်သည့် အကာအကွယ်ကို ကျန်စာချုပ်ဝင်နိုင်ငံများ၏ နိုင်ငံသားများကိုလည်းပေးအပ်ရမည်ဖြစ်ပြီး၊ ဒုတိယပြဋ္ဌာန်းချက်မှာ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၌ ကုန်အမှတ်တံဆိပ်ကိုမှတ်ပုံတင်ပြီးနောက် အခြားစာချုပ်ဝင် နိုင်ငံတစ်နိုင်ငံ၌ ထပ်မံမှတ်ပုံတင်ပါက ပထမနိုင်ငံ၌ မှတ်ပုံတင်သည့်ရက်စွဲကိုပင် ဒုတိယနိုင်ငံ၌ လျှောက်လွှာတင်သည့် ရက်စွဲအဖြစ်သတ်မှတ်ရမည်ဖြစ်သည်။ တတိယပြဋ္ဌာန်းချက်များမှာ စာချုပ်ဝင်နိုင်ငံအသီးသီးက လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့်နည်းလမ်းများကို ကျန်စာချုပ်ဝင်နိုင်ငံများက လိုက်နာရမည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်မူ ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ပိုင်းအထိ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ တစ်နည်းအားဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်မရှိခဲ့၍ ပတ်သက်ဆက်နွှယ်သော ရာဇသတ်ကြီးဥပဒေ၊ အထူးသက်သာခွင့် ဥပဒေ၊ ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေ၊ မြန်မာကုန်အမှတ်အသားများ အက်ဥပဒေ၊ မှတ်ပုံတင်အက်ဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအက်ဥပဒေ၊ ယှဉ်ပြိုင်မှု ဥပဒေများကိုသာ အထောက်အထားပြု၍ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်သာ ပြည်တွင်း/ပြည်ပ ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ခဲ့ရပေသည်။ လျှောက်ထားရာတွင်လည်း မိမိကိုယ်တိုင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသော ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် တီထွင်ထားသော အမှတ်တံဆိပ်ဖြစ်ကြောင်း၊ အခြားအမှတ်တံဆိပ်များကို တုပကူးယူထားခြင်းမရှိကြောင်း၊ မိမိမှတ်ပုံတင်သည့် အမှတ်တံဆိပ်ကို အခြားကုန်ပစ္စည်းများ၌ ထုတ်လုပ်ရောင်းချသည်ကို မတွေ့၊ မမြင်၊ မကြားရကြောင်း ဝန်ခံချက်ပြုလုပ်ရောင်းချရကြောင်းသိရှိရသည်။ ထို့ပြင် လူ့ကျင့်ဝတ် သိက္ခာအရ၊ ဥပဒေအရ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့်ဘာသာစသည့် ယုံကြည်မှုကို အငြင်းပွားစေသည်ဟု ယူဆချက်အရ၊ ငွေစက္ကူအရောင်အသွေးကို တုပထားမှုအရ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို သုံးစွဲထားမှုအရ လျှောက်ထားလာသော ကုန်အမှတ်တံဆိပ်ကို ငြင်းပယ်နိုင်ကြောင်းသိရှိရသည်။ ဖော်ပြချက်များအရ ယေဘုယျသဘောသက်ဝင်လျက်ရှိသဖြင့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ကုန်အမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်အချို့နှင့် ပဋိပက္ခဖြစ်ပေါ်နေ၍ လုပ်ငန်းရှင်များ၏ အမှတ်တံဆိပ်များကို အကာအကွယ်ပေးရန် အားနည်းချက် အချို့ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါအချက်များကြောင့် ကုန်အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့်အခွင့်အရေးရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊ အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊ ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှထွက်ရှိသော ဒေသထွက်ကုန်များ၏ အရည်အသွေး များကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်ဝင်ရောက်ခြင်းအားဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှု၊ စီးပွား၊ ဘဝပိုမိုတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက် ကောင်းများကို အခြေခံ၍ ယခင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ယခု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များမှ အချိန်နှစ်များစွာရယူကာ နိုင်ငံတကာကုန်အမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များနှင့် ချိန်ထိုး ကာ မနားမနေကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၃၀ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃)ဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတွင် ရှင်းလင်းလွယ်ကူပြည့်စုံသည့် အဓိပ္ပာယ် သတ်မှတ်ချက်များ၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၊ အေဂျင်စီများ၊ မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်း၊ ဖွဲ့စည်းခြင်းများနှင့် တာဝန်သတ်မှတ်ချက်များ တိကျ သေချာသောအချက်အလက်များကို အခြေခံကာ နိုင်ငံတကာ အမှတ်တံဆိပ်စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ရရှိသူ လုပ်ငန်းရှင်များအတွက် ဝမ်းသာကျေနပ်စရာပင်၊ ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင်ကာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်ရင်ကော့ လက်မထောင်ကာ ထိုးဖောက်ရောင်းဝယ်၊ ကုန်သွယ်မှုပြုနိုင်တော့မည်ဖြစ်သည်။

လက်ရှိပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေအရ ရှုပ်ထွေးပြီး အဆင့်များမှုကင်း၍ လျင်မြန်ယုံကြည်စိတ်ချရမှုသို့ဦးတည်ထားသည်ကို တွေ့ရှိရသည်။ အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားသူသည် သတ်မှတ်အချက်အလက်များ ပူးတွဲ၍ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။ မှတ်ပုံတင်အရာရှိက သတ်မှတ်အချက်အလက်များနှင့် စိစစ်၍ စစ်ဆေးရေးအရာရှိထံ ပေးပို့မည်။ စစ်ဆေးအရာရှိက စစ်ဆေး၍ ကန့်ကွက်ခြင်း၊ အတည်ပြုခြင်းကို သဘောထားမှတ်ချက်နှင့်တကွ မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြမည်။ မှတ်ပုံတင်အရာရှိက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံထုတ်ပေးမည်။ ကန့်ကွက်ငြင်းပယ်ခံရသော လျှောက်ထားသူထံသို့လည်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

သို့သော် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားသူသည် မိမိလျှောက်ထားသည့် ကုန်အမှတ်တံဆိပ်သည် သိသာထင်ရှားမှုမရှိခြင်း၊ ဥပဒေပါသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိခြင်း၊ အေးချမ်းတည်ငြိမ်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံတော်ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို ထိပါးစေခြင်း၊ ယေဘုယျအသုံးအနှုန်းဖြစ်ခြင်း၊ လိမ်လည်လှည့်ဖျားထင်ရောင်ထင်မှားဖြစ်စေခြင်း၊ နိုင်ငံတစ်နိုင်ငံ၏အလံ၊ တံဆိပ်၊ သင်္ကေတ၊ အဖွဲ့အစည်းများ၏ အတိုကောက်များကို အသုံးပြုခြင်းစသည့် အချက်များနှင့် ငြိစွန်းမှုမရှိစေ ရန်သတိထားသင့်ပါသည်။ သို့မှသာ ဥပဒေမှပေးသော အခွင့်အရေးများဖြစ်သည့် မိမိအမှတ် တံဆိပ်ကိုအခြားသူများမှ ဆင်တူယိုးမှားတုပအသုံးပြုမှုကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည်။ တရားစွဲဆိုခွင့်ရှိသည်။ အခြားသူတစ်ဦးဦးသို့လွှဲပြောင်းပေးခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းများပြုနိုင်သည်။ ဤအခွင့်အရေးများကိုသတ်မှတ်ချက်များနှင့်အညီ မိမိ၏ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားမှသာ ရရှိနိုင်မည်ဖြစ်သည်။

ပြဋ္ဌာန်းထားသောကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအရ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသည့် နိုင်ငံတော် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ် ပါဝင်သော မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို ဖွဲ့စည်းထားပါသည်။ မူဝါဒများချမှတ်ခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ မူပိုင်ခွင့်စနစ်ကို အားပေးမြှင့်တင်ခြင်း၊ လူသားအရင်းအမြစ်များအား ပေးပြုစုပျိုးထောင်ခြင်း၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းခြင်း၊ နည်းပညာနှင့်အခြားအထောက်အပံ့များ ရရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် လျှောက်ထားသူက စိတ်ကျေနပ်မှုမရှိလျှင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီက ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီထံ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်နိုင်သည်။ အေဂျင်စီက မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင် ပြောင်းလဲခြင်းပြုလုပ်နိုင်သည်။ အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ရက်ပေါင်း ၉၀ အတွင်း မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားရမည်။ တရားရုံးက အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည့်အပြင် အမှတ်တံဆိပ်ဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။

**စာမျက်နှာ (၃၁)သို့**

# ဘာကြောင့်ခရီးသွားဝင်ရောက်လည်ပတ်မှု စောင့်ကြည့်လေ့လာသုံးသပ်တင်ပြရေးအဖွဲ့ဖွဲ့ရသနည်း

| မောင်လွင်ပြင် |

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွားလာမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းကြောင်းကို ဇွန်လကုန်ပိုင်းက ထုတ်ပြန်ခဲ့သည်။ ခရီးသွားလာမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့သည်ဆို၍ နည်းနည်းထူးဆန်းသလိုတော့ ဖြစ်သွားသည်။ သို့သော် အသေအချာလေ့လာကြည့်သောအခါ ဝန်ကြီးဌာနအနေဖြင့် လိုအပ်၍ ဖွဲ့စည်းသည်ကို တွေ့ရှိရသည်။ ဖွဲ့စည်းလိုက်သည့် အဖွဲ့အမည်က 'တရုတ်ခရီးသွားများ မြန်မာနိုင်ငံသို့ဝင်ရောက်လည်ပတ်မှုကို စောင့်ကြည့်လေ့လာသုံးသပ်တင်ပြရေးအဖွဲ့'ဖြစ်သည်။

ယခုနှစ်ပိုင်းတွင် တရုတ်နိုင်ငံသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ အဝင်များနေသည်။ မြန်မာနိုင်ငံသည် ရခိုင်အရေးကြောင့် အနောက်နိုင်ငံနှင့် ဥရောပနိုင်ငံများက ခရီးသွားများ အဝင်လျော့ကျနေချိန်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွင် အရှေ့မျှော်ဝါဒကို ကျင့်သုံးခဲ့သည်။ အရှေ့မျှော်ဝါဒအရ အာရှကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေး ဗီဇာစနစ်လျှော့ချပြုပြင်ပြောင်းလဲခဲ့သည်။ အာရှနိုင်ငံများတွင် ခရီးအသွားအလာများပြားသော ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများအား မြန်မာနိုင်ငံသို့ ဝင်ရောက်မှုလွယ်ကူရေး ဆိုက်ရောက်ဗီဇာစနစ်ကို ၂၀၁၈ခုနှစ် အောက်တိုဘာ ၁ရက်တွင် စတင်ခွင့်ပြုပေးခဲ့သည်။ ဆိုက်ရောက်ဗီဇာစနစ် ကျင့်သုံးသောအခါ ယင်းနိုင်ငံများက ကမ္ဘာလှည့်ခရီးသွားများ သိသိသာသာတိုးပွားဝင်ရောက်လာကြသည်။ ထိုအထဲတွင် တရုတ်နိုင်ငံသားခရီးသွားများသည် အလုံးအရင်းဖြင့် ဝင်ရောက်လာကြသည်မှာ သိသာထင်ရှားလွန်းသည်။ တရုတ်နိုင်ငံသား ခရီးသွားများအား ရည်ရွယ်ပြီး စောင့်ကြည့်လေ့လာသုံးသပ်တင်ပြရေးအဖွဲ့ဖွဲ့စည်းရခြင်းသည် မြန်မာနိုင်ငံက တရုတ်ခရီးသွားများအဝင်များမှုအပေါ် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် ဖြစ်လိမ့်မည်ဟု နားလည်လိုက်သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့်က ဇွန်လနောက်ဆုံးပတ်တွင် ယခုလိုပြောကြားခဲ့သည်ကို ကြားသိရသည်။

"ခရီးသွားတွေ ဝင်ရောက်မှုများလေ လိုအပ်ချက်တွေများလေပဲ။ စီစဉ်ထားတာရှိသလို တချို့လိုအပ်ချက်တွေလည်းရှိတယ်။ အဆင်မပြေတာတွေရှိသလား။ သူတို့ကလည်း Do and Don't (ဆောင်ရန်ရှောင်ရန်)အပေါ်မှာ စည်းကမ်းချက်တွေ၊ သုံးသပ်ချက်တွေ လိုက်နာရဲ့လား။ သူတို့လာတဲ့ပုံစံတွေရော အဆင်ပြေရဲ့လား စတာတွေကို စောင့်ကြည့်လေ့လာရမှာပါ"ဟုဆိုသည်။ တရုတ်ခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်မှု စောင့်ကြည့်လေ့လာသုံးသပ်တင်ပြရေးအဖွဲ့သည် လုပ်ဆောင်ချက်ခုနစ်ချက် ပြုလုပ်ရမည်သိရသည်။ ယင်းအချက်များမှာ လေဆိပ်နှင့် ကားဂိတ်သို့ရောက်ရှိမည့် ခရီးသည်စာရင်းနှင့် လည်ပတ်မည့် သက်ဆိုင်ရာကုမ္ပဏီများ၊ လေကြောင်းလိုင်း လေဆိပ်စီမံခန့်ခွဲရေးအဖွဲ့များ၊ သယ်ယူပို့ဆောင်ရေးအသင်းများနှင့် ဧည့်လမ်းညွှန်အသင်းများနှင့် ချိတ်ဆက်ညှိနှိုင်းပြီးကြိုတင်ရယူရန်၊ လေဆိပ်နှင့်ကားဂိတ်များတွင် ခရီးသည်များကို သွားရောက်စောင့်ဆိုင်းကာ ကောက်ယူသော စာရင်းများနှင့် စိစစ်ရန်၊ ခရီးသည်များ လည်ပတ်မည့် အစီအစဉ်အလိုက် တည်းခိုမည့် ဟိုတယ်၊ စားသောက်ဆိုင်၊ ပို့ဆောင်ရေးလုပ်ငန်း၊ ပစ္စည်းအရောင်းဆိုင်များ၌ ဝန်ဆောင်မှုရယူခြင်း၊ ငွေကြေးသုံးစွဲမှုစနစ်နှင့် စာရင်းများကို စစ်ဆေး၍ လေ့လာစစ်တမ်းကောက်ရန်တို့ ဖြစ်သည်။

ထို့ပြင် လိုင်စင်ရ ခရီးသွားကုမ္ပဏီများ ဆောင်ရွက်သော Package Tour များနှင့် အခြားအဖွဲ့အစည်း အစီအစဉ်ဖြင့် လာရောက်လည်ပတ်သော ဝင်ရောက်မှု အမျိုးအစား၊ လည်ပတ်မှု အလေ့အထနှင့် ဝန်ဆောင်မှုနည်းစနစ်များကို လေ့လာစိစစ်တင်ပြရန်၊ ခရီးသည်များ လက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် ဈေးဝယ်မှုအခြေအနေများကို စိစစ်ရန်နှင့် အဖွဲ့အခေါင်းဆောင်အနေဖြင့် အဖွဲ့ဝင်များအား စီမံဆောင်ရွက်ရန်နှင့် စိစစ်တွေ့ရှိချက်များကို အစီရင်ခံစာပြုလုပ်ကာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ လစဉ်တင်ပြရန် စသည်တို့ကို မပျက်မကွက်လုပ်ဆောင်ရမည်ဟု တာဝန်ပေးထားကြောင်း သိရသည်။

ယင်းသို့ ခရီးသွားဝင်ရောက်လည်ပတ်မှု စောင့်ကြည့်လေ့လာသုံးသပ်သည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံခရီးသွားဈေးကွက်မြှင့်တင်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးကောင်းမင်းခန့်က ဇွန်လကုန်ပိုင်း သီတင်းပတ်က မီဒီယာများသို့ပြောကြားခဲ့သည်ကိုလည်း ယခုလိုလေ့လာတွေ့ရှိရပြန်သည်။ "ဒီလိုအဖွဲ့အစည်းတွေ ရှိခြင်းအားဖြင့် လက်လွန်ခြေလွန်ဖြစ်မယ့် ကိစ္စတွေကို တားနိုင်မယ်။ လေ့လာရေးကော်မတီတွေအနေနဲ့ အခုမှ အစဆိုတော့ ပြောဖို့က အရမ်းစောသေးတယ်။ ကော်မတီအနေနဲ့က ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲ။ လုပ်ကိုင်ခွင့်ဘယ်လောက်ရှိမလဲ အပေါ်မှာ မူတည်ပြီးတော့ ထိန်းသိမ်းရမှာပေါ့"ဟု ဆိုခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက တာဝန်ပေးဖွဲ့စည်းခဲ့သော ခရီးသွားဝင်ရောက်လည်ပတ်မှုစောင့်ကြည့်လေ့လာ သုံးသပ်တင် ပြရေးအဖွဲ့အကြောင်း သတင်းများ လေ့လာပြီးသော်လည်း သိပ်နားမလည် ဇဝေဇဝါဖြစ်ခဲ့ရသည်။ ထိုသို့ ဇွန် ၃၀ရက်တွင် ယင်းနှင့်ပတ်သက်သည့် သတင်းတစ်ပုဒ်တက်လာသည်။ ယင်းသတင်းဖတ်မိကာမှ အဖြစ်သနစ်တို့အမြင်ရှင်းသွားသည်။ ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI)၌ ၁၄ ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးနှင့် ၂၀၁၉-၂၀၂၀ သက်တမ်းအတွက် အလုပ်အမှု ဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ကျင်းပသည်။ ယင်းအခမ်းအနားပွဲတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးနောင်းနောင်းဟန်က မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သည့် ခရီးသွားဧည့်သည်များတွင် ငွေကြေးစိစစ်သုံးသည့် တရုတ်ခရီးသွားဧည့်သည် နှစ်ဆကျော်တိုးလာပြီး ငွေကြေးသုံးစွဲမှု များသည့် အနောက်တိုင်း ဈေးကွက်ဥရောပခရီးသွားဧည့်သည်များ ဝင်ရောက်မှု ကျဆင်းနေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။ "မြန်မာနိုင်ငံမှာ အနောက်တိုင်းသားတွေက အမြင့်ဆုံးငွေသုံးတယ်။ အရှေ့တိုင်းက ဧည့်သည်တွေက ငွေကြေး အင်မတန်စိစစ်ပြီးတော့ လာတဲ့ ဧည့်သည်တွေပဲရှိတယ်။ ကုမ္ပဏီက စီစဉ်တာဆိုရင်လည်း အင်မတန်မှ ဘတ်ဂျက်နိမ့်တဲ့ Tour တွေပဲရှိတယ်။ တကယ့်အရှေ့တိုင်းက ငွေကြေးသုံးစွဲနိုင်တဲ့ ခရီးသွားဧည့်သည်တွေက မလာသေးဘူး"ဟု ၎င်းက ပြောဆိုသည်။

မြန်မာ့ခရီးသွားလုပ်ငန်းအခြေအနေက ဂျပန်၊ ကိုရီးယား၊ တရုတ်ခရီးသွားများအား ဆိုက်ရောက်ဗီဇာစနစ် (Visa on Arrival)ဖြေလျှော့ပေးလိုက်၍ တရုတ်ခရီးသွားများ အလုံးအရင်းဖြင့် ဝင်ရောက်လာသည်မှန်သော်လည်း ၎င်းခရီးသွားများက စိစစ်သုံးစွဲကြသော ခရီးသွားများဖြစ်နေသဖြင့် ခရီးသွားဝင်ငွေမတိုးသည့် အနေအထားဖြစ်နေသည်။ ထို့ကြောင့် ဝန်ကြီးဌာနက စောင့်ကြည့် လေ့လာသုံးသပ်တင်ပြရေးအဖွဲ့ ဖွဲ့စေပြီး ဈေးကွက်လိုအပ်ချက်နှင့် ဝန်ဆောင်မှုများ ပိုမိုပေးနိုင်ရန် စီစဉ်ရခြင်းဖြစ်မည်ဟု သဘောပေါက်မိသည်။ တရုတ်ခရီးသွား ဝင်ရောက်မှုကိုလေ့လာကြည့်မိသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက ဇွန်လအတွင်း ထုတ်ပြန်သည့် စာရင်းများအရ ၂၀၁၉ ခုနှစ် မေလငါးလတာအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်ခရီးသွား ၂၆၆၃၀၁ ဦး၊ ဂျပန် ၅၂၄၈၁ ဦး၊ ကိုရီးယား ၅၂၀၃၃ ဦး ဝင်ရောက်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မေလအထိ ငါးလတာအတွင်း တရုတ်ခရီးသွား ၁၁၂၅၈ ဦး ဝင်ရောက်ခဲ့သည်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်ငါးလတာအတွင်း တရုတ်ခရီးသည် ဝင်ရောက်မှုသည် ၁၃၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ဆိုရမည်။ သို့သော် အရေအတွက်တိုးတက်ခဲ့သည်မှန်သော်လည်း ခရီးသွားလုပ်ငန်းများကတော့ ဝင်ငွေမတိုးသည့် အခြေအနေနှင့်ရင်ဆိုင်ခဲ့ရသည့်အသံများကြားနေရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့ခရီးသွားလုပ်ငန်းကို အာရှနိုင်ငံကြီးများ စိတ်ဝင်စားမှု အထူးရှိလာပြီဖြစ်သည်။ မကြာမီ ငွေကြေးသုံးစွဲနိုင်သော ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယခရီးသွားများ၊ အာဆီယံနိုင်ငံခရီးသွားများ လာရောက် လည်ပတ်လိမ့်မည် မျှော်လင့်ရသည်။ ယခုအိန္ဒိယခရီးသွားများအား ဆိုက်ရောက်ဗီဇာခွင့်ပြုပေးထားသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး အီတလီ၊ စပိန်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ဩစတြေးလျနိုင်ငံသား ခရီးသွားများအား ဆိုက်ရောက်ဗီဇာစနစ် စတင် ခွင့်ပြုတော့မည်ဟုလည်း သိရသည်။

**Commerce ကာတွန်း**



# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မြို့နယ်အလိုက် ဆန်စက်လုပ်ငန်းရှင်အသင်းများ ဖွဲ့စည်း

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်များဖြစ်သော ဟိုပုံး၊ ဆီဆိုင်၊ တောင်ကြီး၊ ညောင်ရွှေ၊ ဖယ်ခုံမြို့နယ်များရှိ ဆန်စက်များ၏ မြို့နယ်အသင်း ပြန်လည်ဖွဲ့စည်းခြင်းကို ဇွန်လတတိယပတ်နှင့် စတုတ္ထပတ်ကာလများအတွင်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းကဲ့သို့ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်းကို စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ် အမှုဆောင်ဦးရဲထွန်းနှင့် ပြည်နယ်ဆန်စက်လုပ်ငန်းကော်မတီဝင်များက ကွင်းဆင်းပြီး အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ကြသည်။

ဖွဲ့စည်း ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်မှာ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူရေးရာကိစ္စများအပြင် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသတွင်း ထွက်ရှိသည့် ဆန်များကို ဒေသတွင်းဖူလုံမှုမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ ပြည်နယ်အတွင်းရှိ ဆန်စက်များ အဆင့်မြှင့်တင်သွားရေး၊ ပြည်တွင်းမှထွက်ရှိသော စပါးများကို ပြည်တွင်းတွင် ကြိတ်ခွဲမှုမရှိကြဘဲ ပြည်ပသို့ တရားမဝင် တင်ပို့ရောင်းချနေခြင်းများကို အသင်းအဖွဲ့များ အနေဖြင့် ပူးပေါင်းကာကွယ် တားဆီးသွားနိုင်ရေး၊ တစ်ဦးချင်းတစ်ယောက်ချင်း ဆောင်ရွက်သည်ထက် အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်သွားတတ်စေရေး၊ ပြည်တွင်းမွေးမြူရေး လုပ်ငန်းများအတွက် မွေးမြူရေးအစားအစာများ အခက်အခဲမရှိစေရေး၊ ဒေသတွင်းဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ စပါးစိုက်တောင်သူများနှင့် ဆန်စက်လုပ်ငန်းများ အကျိုးအမြတ်ရရှိစေရေး၊ SME လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးကို အတိုးနှုန်းသက်သာစွာ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး၊ ဆန်စပါး လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ပြဿနာနှင့်စိန်ခေါ်မှုများဖြစ်လာတိုင်း ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ဖြစ်သည်။

ကွင်းဆင်းဆောင်ရွက်သော အဖွဲ့အနေဖြင့် ဖွဲ့စည်းရန် ကျန်ရှိနေသော ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်းမြို့နယ်များ၌ ဆန်စက်လုပ်ငန်းရှင်များ အသင်းဖွဲ့စည်းခြင်းနှင့် ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း အသစ်ပြန်လည်ဖွဲ့စည်းခြင်းကိုလည်း ဇူလိုင်လ ဒုတိယပတ်အတွင်းအပြီး ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်တွင် ဆန်စက်လုပ်ငန်းရှင်များ အသင်းကဲ့သို့ ညီနောင်အသင်း(၁၂)သင်း ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။ **စောမောင်**

# ဇွန်လအတွင်း ရော်ဘာတန်ချိန် ၁၇၀၀၀ ကျော် တင်ပို့

ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နှင့် မြန်မာထိုင်း နယ်စပ်ရှိကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိရော်ဘာအမျိုးအစားစုံတန်ချိန် ၁၉၀၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၆၈၀ ကျော်၊ RSS-5 အမျိုးအစား တန်ချိန် ၂၇၀ ကျော်၊ MSR-20 အမျိုးအစား တန်ချိန် ၁၀၀ ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၄၉၀ ကျော်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ MSR-50 အမျိုးအစား တန်ချိန် ၂၀၀ ကျော်နှင့် မြန်မာ -ထိုင်း နယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၆၀ ကျော်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60 % DRC အမျိုးအစား တန်ချိန် ၁၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။

ဇွန် ၁ ရက်မှ ၂၈ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိရော်ဘာ အမျိုးအစားစုံတန်ချိန် ၇၈၀၀ ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မေလတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ယခုလမှာ တန်ချိန် ၄၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာနှစ်သန်းနီးပါးတန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံတန်ချိန် ၁၃၀၀ ကျော်တင်ပို့ခဲ့သည်။

ယခုတစ်ပတ်တွင် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၆၁၀ ကျော်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၉၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ တန်ချိန် ၁၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၂၀ ကျော်နှင့် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ရေကြောင်းမှ ဇွန်လအတွင်း ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ဖိုးနှင့် တန်ချိန် ၉၃၀၀ နီးပါးဖြစ်သည်။ နယ်စပ်နှင့် ရေကြောင်းမှ ဇွန်လအတွင်း ရော်ဘာတင်ပို့မှုစုစုပေါင်းမှာတန်ချိန် ၁၇၁၀၀ ဖြစ်သည်။ **ယဉ်ယဉ်အေး**

# မန္တလေးမြို့အိမ်ခြံမြေဈေးကွက် ကျပ်သိန်းရာဂဏန်းရှိ အိမ်နှင့်တိုက်ခန်းများ အရောင်းအဝယ်သွက်၊ ဝါမဝင်ခင်အငှားများ

မန္တလေးမြို့အိမ်ခြံမြေဈေးကွက်တွင်မြို့တွင်း ဧရိယာတန်ဖိုးကြီးတိုက်များ၊ ဝင်းခြံများ၊ နေအိမ်များ၊ ကွန်ဒိုများအရောင်းအဝယ်အေးလျက်ရှိပြီး ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များရှိ ပေ ၃၀ × ပေ ၄၀ မြေနှင့် အဆောက်အအုံပါ အသင့်နေနိုင်သော နေအိမ်များ၊ တန်ဖိုးနည်းအိမ်ရာများတွင် အရောင်းအဝယ်သွက်လာသည်။ အထူးသဖြင့် ကျပ်သိန်း ၃၅၀ နှင့် ကျပ်သိန်း ၅၀၀ အတွင်း လူနေအိမ်နှင့်တိုက်ခန်းများ အရောင်းအဝယ်ဖြစ်နေသည်ကို တွေ့ရသည်။ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များရှိ ကျပ်သိန်း ၁၀၀၀ အထက် နေအိမ်များ အရောင်းအဝယ် အလွန်အေးနေသည်ကို တွေ့ရသည်။

၂၀၁၉ နှစ်ဦးပိုင်းမှစတင်ပြီး အိမ်ရှင်အများစုသည် ယခင်ကဲ့သို့ မဖြစ်နိုင်သောဈေးနှုန်းများကို မခေါ်တော့ဘဲ ဖြစ်နိုင်သောဈေးနှုန်းများဖြင့် ပြန်လည်ခေါ်ဆိုလာကြသဖြင့် အောင်သာယာ၊ ထွန်းတုံး၊ သင်ပန်းကုန်း၊ ကန်သာယာ၊ မြရည်နန္ဒာရပ်ကွက်များရှိ ပေ ၃၀ × ပေ ၆၀ မြေကွက်များ၊ ရေမီးအစုံ နေအိမ်များအရောင်းအဝယ် သွက်လာလျက်ရှိသည်။ မြရည်နန္ဒာရပ်ကွက် ၅၅ လမ်း၊ ၅၆ လမ်း၊ ၅၈ လမ်း၊ သင်ပန်းကုန်းအဝင်လမ်းမကြီးများဘေး နေအိမ်များနှင့် လမ်းသွယ်များတွင် ကတ္တရာလမ်းများခင်းပေးခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူပေးပြီး ရေမီးအစုံရရှိနေသဖြင့် ပေ ၄၀ ×ပေ ၆၀ မြေကွက်များ ကျပ်သိန်း ၂၀၀၀ အထက်ဈေးရှိပြီး ရောင်းသူနည်းပါးလျက်ရှိသည်။ သင်ပန်းကုန်းရပ်ကွက်(ဈ)ဈေးအနီး တိုက်ခန်းများနှင့် တန်းဖိုးမျှတအိမ်ရာတိုက်ခန်းများလည်း အဝယ်နည်းပြီး ဝါမဝင်မီအငှားသွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရန်ကုန်ကားဈေးကွက်အတွင်း လက်ရှိအသုံးပြုနေသော ဂျပန်ညာမောင်းကားများ အဝယ်များပြီး ဈေးမာနေ



ရန်ကုန်မြို့ကားဈေးကွက်အတွင်း ယခုမိုးတွင်းကာလ မိုးများသောအချိန်တွင် ဂျပန်ညာမောင်းကားလေးများသာမက ဖိုးဗိုလ်းအင်ဂျင်ပါဝါကြီးအောက်ပိုင်းမြင့် ဝက်ဂွန်များလည်း ပြန်လည်အဝယ်ရှိလာကြောင်း သိရသည်။

ရန်ကုန်သာမက မန္တလေးနှင့် အခြားနယ်မြို့ဈေးကွက်များတွင်လည်း ဂျပန်ညာမောင်းကားများသာ အများအားဖြင့် ဈေးကွက်ဦးဆောင်နေပြီး လတ်တလောကားလေးများ ဈေးမာနေသဖြင့် ရန်ကုန်ဝယ်လက်များလည်း မန္တလေး၊ မော်လမြိုင်မြို့များရှိ ရုပ်ခံကောင်းသော ကားလေးများအား လိုက်လံရှာဖွေ ရောင်းချသလို ရန်ကုန်လိုင်စင်မှာ ရောင်းချရလွယ်ကူသဖြင့် ရန်ကုန်လိုင်စင်ကြိုက်သည့် နယ်စပ်ဝယ်လက်များလည်း ရန်ကုန်ဈေးကွက်တွင် ဝယ်ယူရန်လာကြကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ဈေးကွက်ထဲတွင် ကားဈေးမာနေသည့်အတွက် သဘောတရားအရ ဂျပန်ညာမောင်းကားလေးများ အမေးများကာ ပိုမိုဝယ်ယူမှုရှိနေပြီး ယခင်ကလို ဈေးအများကြီးအမြတ်အစွန်း မရသော်လည်း အဝယ်လိုက်သည့်ကာလတွင် ရုပ်ထွက်ကောင်းသော ကားများ၊ ရန်ကုန်လိုင်စင်ဖြင့်ဈေးကွက်တွင် အသုံးများသော ဝက်ဂွန်များဖြင့်သည့် စီအာဗီ၊ ကလူဂျာ၊ အာလ်ဖတ်၊ ဗင်းဂတ် စသည်တို့မှာ လတ်တလောအဝယ်ပြန်ရှိလာပြီး တစ်ပတ်အတွင်း လေးငါးစီးရောင်းထွက်ကြောင်း သိရသည်။

ကားဈေးမာပြီးအဝယ်လိုက်လာသဖြင့် ယခင်က လူသုံးနည်း ဆလွန်းကားများဖြစ်သော နီဆန်းအုပ်စုဝင် သိန်း ၂၀၀ ပတ်လယ်ကွက် ပျောက်ကားများပါ ရုပ်ခံကောင်းပါက ဝယ်ယူလာကြပြီး လုပ်ငန်းသုံးကားတစ်ပတ်ရစ်များလည်း အသင့်အတင့်အဝယ်ရှိကြောင်း ပြည်တွင်းဆင် ဂျပန်ဘယ်မောင်းကားများထဲမှ အာတီဂါ ပုံစံသစ်မှာ ရောင်းမလောက် အမှာစာမပြတ်ဖြစ်နေပြီး အခြားကားများမှာ ထင်သလောက် မရောင်းရကြောင်း၊ သို့ရာတွင် အရစ်ကျစနစ်ဖြင့် ဝယ်ယူမှုများလာပြီး အသစ်ချက်ချွတ် ဝယ်စီးသူများကလည်း တစ်နှစ် နှစ်နှစ်ခန့်စီးပြီး နောက်ပိုင်းဈေးကွက်အတွင်းသို့ ပြန်လည် ရောင်းချမှုရှိလာသဖြင့် အကွာရာနိမ့်သုံးစွဲပြီး အာတီဂါ ကားဟောင်းများမှာ ဈေး သိန်း ၂၀-၃၀ အကွာဖြင့် ဈေးကွက်ထဲသို့ရောက်ရှိနေပြီး ယင်းတို့နှင့်ရော၍ တိုယိုတာဝှ်ရှ် ကားများလည်း အဝယ်ရှိလာကြောင်းဝါရင့် ကားဝယ်ရောင်းအချို့က ပြောသည်။ **SN**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မတ်(ခ်)အိပ်(စ်) (၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | တိုယိုတာ/ပရီမီယို (၂၀၁၁) | ယာယီ | ၄၅၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | မတ်တူး (၂၀၀၃) | K | ၂၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အင်ဆိုဒ် (၂၀၀၉) | P | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကလူဂျာ (၂၀၀၆) | M | ၄၉၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၃၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | G | ၃၆၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၃၅ သိန်း | - |

SN

# Myanmar Finance International Limited မှ မွန်ပြည်နယ်တွင် ချေးငွေထုတ်ချေးမည့် အစီအစဉ် မိတ်ဆက်

Myanmar Finance International Limited မှ မွန်ပြည်နယ် MSMEs လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးမည့်အစီအစဉ်အား မိတ်ဆက်သည့် ဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ် ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ SME အေဂျင်စီမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မွန်ပြည်နယ်အတွင်းမှ MSMEs လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် Operation Director ဦးပြည့်ဖြိုးအောင်က Myanmar Finance International Limited မှာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လုပ်ငန်းစတင်လုပ်ဆောင်ခဲ့ကြောင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသောကြောင့် ၎င်းတို့အပေါ် ယုံကြည်မှု ရှိစေလိုကြောင်းနှင့် လုပ်ငန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး Saving Manager ဒေါ်ခိုင်ဆွေဇင်ထိုက်က Promotion အပိုင်းကို ဆက်လက်ဆွေးနွေးရာ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် ရုံးခွဲပေါင်း ၁၃ ခုရှိကြောင်း၊ ယခင်က ရပ်ကွက်/ကျေးရွာများတွင် ဝိုင်းကြီးစနစ်ဖြင့် ချေးငွေများထုတ်ချေးခဲ့ပြီး ယခုအခါ Product အသစ်ဖြစ်သော (မစ်စ်မီ- MSME) Product အနေဖြင့် MSMEs လုပ်ငန်းရှင်အတွက် ချေးငွေများကို ထုတ်ချေးပေးနေပြီဖြစ်ကြောင်း၊ ချေးငွေကိုအများဆုံး သိန်း ၁၀၀ ကျပ်ထိထုတ်ချေးပေးပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင်၃၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ချေးငွေကာလအနေဖြင့် ၂၄ လထိ ရယူနိုင်ကြောင်း ရှင်းလင်းခဲ့သည်။

ထို့နောက် Regional Manager ဦးတင်ထွန်းဦးက မွန်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများ၊ ထုတ်ချေးပေးနေသော ချေးငွေအမျိုးအစားများ၊ ချေးငွေကို ဘယ်လိုချေးမလဲ၊ ဘယ်လိုပြန်ပေးချေရမလဲ၊ ချေးငွေရရှိရန် ငွေချေးတဲ့သူက ဘာတွေပေးရမလဲ စသည့်အချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့်MSMEs လုပ်ငန်းရှင်များကို သိလိုသည်များကို မေးမြန်းကြရာ Operation Director ဦးပြည့်ဖြိုးအောင်နှင့် Regional Manager ဦးတင်ထွန်းဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**မိုးမိုး (မွန်)**

## စစ်ကိုင်းတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၁၉ - ၂၂ စစ်ကိုင်းတိုင်းအသင်းရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၁၉-၂၂ သက်တမ်းကာလအတွက် စစ်ကိုင်းတိုင်းအသင်း ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၃၀ ရက်က ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ ထီလာစားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဌာန၏ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး၊ ပြည်တွင်းပြည်ပကုန်စည်စီးဆင်းမှု၊ အခြေအနေများနှင့် အသင်းအဖွဲ့များသည် ပြည်ထောင်စုအစိုးရအသင်းအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၆-၂၀၁၉ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ခန့်က ၂၀၁၉ -၂၂ ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ကို အကောင်းဆုံး ရွေးချယ်ပေးပါရန် ဆွေးနွေးသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၁၉-၂၂ အတွက် ပြန်လည်ရွေးချယ်ခြင်းကို မဲဆန္ဒစနစ်ဖြင့် မြို့နယ် ၁၂ မြို့နယ်မှ မဲပေးခွင့်ရှိသူ ၅၆ ဦးမှ အလုပ်အမှုဆောင် ၃၁ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ရွေးချယ်ခံရသော စစ်ကိုင်းတိုင်း ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်သူသောင်းစိန်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရှိရသည်။

**တင်စိုးနိုင် (ရွှေဘို)**

# စီးပွားရေးဆိုင်ရာအထောက်အကူပြုဟောပြောပွဲ၌ စားသုံးသူကာကွယ်ရေးဥပဒေအား အသိပညာပေးဆွေးနွေး

ဇွန် ၂၂ ရက်တွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(မကွေးတိုင်းဒေသကြီး)နှင့် ပူးပေါင်း၍ စီးပွားရေးဆိုင်ရာ အထောက်အကူပြုဟောပြောပွဲ အခမ်းအနား၌ စားသုံးသူကာကွယ်ရေးဥပဒေအား ချပြဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (မကွေးတိုင်းဒေသကြီး)မှ အသင်းသား ၂၀၁ ဦး၊ ဧရာဝတီဘဏ်၊ AA ဆေးဝါးကုမ္ပဏီ၊ Century၊ DKSH၊ KIA ကားအရောင်းစင်တာ၊ JDS တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းလက်လီရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါ်ကြင်ကြင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဝင်းက စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ အသင်းသားများအတွက် အထူးအရေးကြီးသည့် အခန်း(၁၈)ပါ ဥပဒေပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးတင်ပြခဲ့သည်။ ၎င်းအခန်း (၁၈)မှာ ၂၀၂၀ ခုနှစ် မတ် ၁၅ ရက်တွင် အာဏာတည်မည်ဖြစ်သည့်အတွက် တက်ရောက်လာသည့် အသင်းသားများအနေဖြင့် ကြိုတင်သိရှိပြင်ဆင်နိုင်ရန် အသင်းကြီးနှင့် ညှိနှိုင်း၍ ဆွေးနွေးတင်ပြရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆရာကြီး ဦးခင်မောင်ညို(ဘောဂဗေဒ)က မြန်မာ့စီးပွားရေး အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောပြီး ဒေါက်တာသက်ဆွေက လက်လီကဏ္ဍတွင် နည်းဗျူဟာကျကျစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့မှုအပေါ် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

**ညွှန့်ညွှန့်စိန်(မကွေး)**

## Responsible Business Fund RBF, Myanmar ရှင်းလင်းဆွေးနွေးပွဲ ဘားအံတွင်ကျင်းပ

ဒိန်းမတ်နိုင်ငံမှ မြန်မာနိုင်ငံရှိMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းအတွက် လိုအပ်သည့် စက်ပစ္စည်းများ၊ နည်းပညာများ၊ လိုအပ်သည့် ထောက်ပံ့မှုများကို ကရင်ပြည်နယ်ရှိ SMEs လုပ်ငန်းရှင်များ သိရှိနိုင်ရန် ရှင်းလင်းဟောပြောခြင်းနှင့် လုပ်ငန်းရှင်များ လျှောက်ထားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ လုပ်ငန်းများအား RBFMyanmar မှ ကူညီထောက်ပံ့ပေးမည့် သက်ဆိုင်ရာ နယ်ပယ်များနှင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းအတွက် ကောင်းမွန်သော အကျိုးကျေးဇူးများရရှိလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အိအိခိုင်**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၈-၇-၂၀၁၉ မှ ၁၄-၇-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာတတ်သည်။ အစုစပ်ဖက်စပ်လုပ်ငန်းများ အကျိုးပေးမည်။ စက်ကိရိယာအမျိုးမျိုးနှင့် ရွှေတို့နှင့် စီးပွားဖြစ်ထွန်းနိုင်ပါသည်။ ပညာရေး ကျွမ်းကျင်ဘာသာ ထူးချွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် အကွင်းမဲ့ ယုံကြည်ရသော ချစ်သူကို မျှော်လင့်ချက်ကြီးမားစွာဖြင့် စောင့်မျှော်နေတတ်ပါသည်။ ကျန်းမာရေးတွင် ဆီး၊ ကျောက်ကပ်၊ အူမကြီးတို့တွင် ဖြစ်တတ်သော ဝေဒနာခံစားရတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၃၊ ၅။ ယတြာဆောင်။ ။ နီညိုရောင် အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးဦးတည်ချက်ထားပြီး ဇွဲရှိရှိလုပ်ကိုင်ပါက အောင်မြင်မှုများကို ရရှိမည်ဖြစ်ပါသည်။ သံထည်ပစ္စည်း၊ ကြေးနီ၊ ဂုံလျှော်တို့နှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ အထူးအောင်မြင်လိမ့်မည်။ ဝင်ငွေထက် အသုံးစရိတ် များနေတတ်သည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ယှဉ်ပြိုင်မှုများ ရင်ဆိုင်ရတတ်သည်။ အိမ်ထောင်ရေးတွင် အခြေအတင် ပဋိပက္ခများ ရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆီများသောဝေဒနာ ခံစားရမှု ရှိတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၃။ ယတြာ၊ အဆောင်။ ။ အဖြူရောင်သုံးပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများ အောင်မြင်မှုရှိမည်။ အသိုင်းအဝိုင်း၏ ကူညီမှုကို ရရှိလိမ့်မည်း။ ရွှေ၊ ငွေများနှင့် စီးပွားရေး လုပ်ဆောင်ပါက အကျိုးဖြစ်ထွန်းမှု ရှိမည်။ ရွှေဆိုင်၊ ငွေဆိုင်ဖွင့်ပါ၊ အောင်မြင်မည်။ ပညာရေးထူးချွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်ဝင်စားမှု အားနည်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ဒဏ်ရာ ရရှိတတ်သည်။ ယင်းထိခိုက်ဒဏ်ရာမှ အနာဖြစ်တတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၇၊ ၃။ ယတြာ၊ အဆောင်။ ။ ပန်းနုရောင်ပစ္စည်းသုံးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများအောင်မြင်မှု ရှိမည်။ ဝင်ငွေ၊ ထွက်ငွေ မျှနေမည်။ ဆွေမျိုးတို့၏အကူအညီ ရမည်။ ပညာရေးအားကောင်းသည့်အတွက် ပညာသင်လုပ်ငန်း၊ ပညာရေးကျောင်းများနှင့် စီးပွားရေး လုပ်ကိုင်ပါက အောင်မြင်ကျော်ဇောနိုင်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်သဘောထား ကွဲလွဲမှုများကြောင့် စိတ်ပင်ပန်းရမည်။ ကျန်းမာရေးအနေဖြင့် လေနှင့်ပတ်သက်သော ဝေဒနာကြောင့် ကျန်းမာရေးချို့တဲ့နေတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၅၊ ၆ ။ ယတြာ၊ အဆောင်။ ။ဝါးမြစ်၊ အချို/အချဉ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများ လည်ပတ်တိုးတက်မှု ကောင်းမွန်နေသည်။ ဝင်ငွေတိုးတက်လိမ့်မည်။ စီးပွားရေးကိစ္စနှင့် ပတ်သက်ပြီး ခရီးသွားရလိမ့်မည်။ ပရဟိတလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ဆောင်ရလိမ့်မည်။ ပညာရေး အားမလိုအားမရ ဖြစ်တတ်သည်။ အချစ်ရေးတွင် လှည့်ဖြားမှု ခံရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်မှု ရှိနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ကောင်းနေမည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၁၊ ၅။ ယတြာ၊ အဆောင်။ ။ သစ်သီးဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေး၊ အောင်မြင်မှုများ ရရှိလိမ့်မည်။ ပွဲရုံ၊ အလုပ်ရုံလုပ်ငန်းများ အထူးအောင်မြင်လိမ့်မည်။ ဝင်အားကောင်းနေမည်။ ပညာရေးတွင် ယှဉ်ပြိုင်မှု များသော်လည်း သည်းခံခွင့်လွှတ်နိုင်မှု အားကောင်းသောကြောင့် အောင်မြင်မှုကို ရရှိလိမ့်မည်။ အချစ်ရေးတွင် ကံကောင်းနေမည်။ အိမ်ထောင်ရေး သာယာနေမည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဆီးချိုဝေဒနာ ခံစားရမှု ရှိတတ်ပါသည်။ **လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၅။ ယတြာ၊ အဆောင်။ ။ ယို ၇ မျိုး၊ ၉ မျိုး လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် နိုင်ငံရပ်ခြားစီးပွားဆက်သွယ်ရေး အောင်မြင်မည်။ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းများမှ ငွေကြေးရရှိလိမ့်မည်။ ဉာဏ်ရည်တိုးတက်နှုန်း မြင့်နေမည်။ အချစ်ရေး ကံကောင်းနေမည်။ အိမ်ထောင်ရေး တစ်နယ်စီနေရတတ်သောသဘော ရှိလိမ့်မည်။ ကျန်းမာရေးတွင် အမြစ်တွယ်နာ၊ အနာဟောင်းများ ပြန်လည်ပေါ်ပေါက်တတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၇၊ ၁။ ယတြာ၊ အဆောင်။ ရေကြည်၊ ရေသန့်များ တတ်နိုင်သရွေ့ လှူဒါန်းမှုပြုပါ။**

## ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉)၏ မန္တလာလက်တွန်းထွန်စက်စက်ရုံ လေ့လာရေးခရီးစဉ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးကုန်သွယ်မှုနှင့် ဆက်စပ်သည့်နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကုန်သွယ်မှုလုပ်ငန်းများကို ကြိုးပမ်းတိုးချဲ့ ဆောင်ရွက်လျက်ရှိသည်။ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အသစ်များ၊ ကုန်သွယ်စီးပွားလုပ်ငန်းရှင်အသစ်များကို ပြုစုပျိုးထောင်မွေးထုတ်ရန်နှင့် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ကုန်သွယ်မှုပညာပေးရေးကဏ္ဍဖြစ်သည့်ကုန်သွယ်မှု အခြေခံသင်တန်းများကို ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)မှာ စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိရာ အမှတ်စဉ်(၉)ကို ၂၀၁၉ ခုနှစ် မေ ၁၀ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ရက်သတ္တ (၁၆)ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ သင်တန်းသား/သူ ၆၅ ဦး တက်ရောက်လျက်ရှိသည်။

ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)အနေဖြင့် သင်တန်းတွင် ကုန်သွယ်မှုလုပ်ငန်းများကို လက်တွေ့သိရှိပြီး မိမိတို့ စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုလုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပြီး လေ့လာရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မန္တလေးမြို့တွင်း လေ့လာရေးခရီးစဉ်အဖြစ် ဇွန် ၂၉ ရက်တွင် မန္တလေးမြို့ စက်မှုဇုန်(၁) ရှိ GOOD BROTHERS Co.,Ltd ၏ (မန္တလာလက်တွန်းထွန်စက်စက်ရုံ) သို့ သွားရောက်ခဲ့ရာ အစည်းအဝေးခန်းမတွင် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စက်ရုံနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကုန်ပစ္စည်းထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

GOOD BROTHERS Co.,Ltd အနေဖြင့် အင်ဂျင်နှင့်ဂီယာများကို တရုတ်နိုင်ငံမှဝယ်ယူတင်သွင်းပြီး ကျန်အစိတ်အပိုင်းများကို စက်ရုံမှထုတ်လုပ်တပ်ဆင်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ပြည်ပမှ ၄၀ ရာခိုင်နှုန်းခန့်နှင့် ပြည်တွင်းထုတ်ပစ္စည်း ၆၀ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း၊ ကုမ္ပဏီမှ လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဓိက ဖြန့်ဖြူးရောင်းချလျက်ရှိပြီး နိုင်ငံတော်၏ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ဓာတ်မြေဩဇာများကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အခက်အခဲရှိသည့် တောင်သူဦးကြီးများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ အတိုးနှုန်းအနည်းဆုံးဖြင့် ချေးငွေများလည်း ထုတ်ချေးလျက်ရှိပြီး တောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စေတနာထား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

GOOD BROTHERS Co.,Ltd ကုမ္ပဏီမှ အင်ဂျင်များကို ရန်ကုန်မြို့စက်ရုံခွဲတွင် (WUILING Co.,Ltd) မှ အင်ဂျင်ထုတ်လုပ်သည့် နည်းပညာရယူ၍ စမ်းသပ်ထုတ်လုပ်လျက်ရှိ၍ နောင်တွင် ပြည်ပမှအင်ဂျင်တင်သွင်းရန် လိုတော့မည်မဟုတ်ကြောင်း၊ သာပေါင်းမြို့တွင် စပါးအခြောက်ခံစက်တည်ထောင်ထားရှိပြီး လုပ်ငန်းများ တိုးချဲ့နိုင်ရန်ဆောင်ရွက်နေကြောင်း၊ အာလူး/ပိန်းဥဖော်စက်ကို နေပြည်တော်ရှိ ဓာတုကင်းလွတ်ဇုန်စိုက်ကွင်းတွင် နိုင်ငံတော်အကြီးအကဲများအား စမ်းသပ်မောင်းနှင်ပြသခဲ့ကြောင်း၊ အားလူးဖော်စက် (MASS Production) ထုတ်လုပ် ရန်စက်ရုံတွင် စီစဉ်လျက်ရှိပြီး တောင်သူများအသုံးဝင်မည့် လယ်ယာသုံးပစ္စည်းဖြစ်သည့် မျိုးစေ့ချစက်ကိုလည်းစမ်းသပ် လျက်ရှိပါကြောင်း လေ့လာသိရှိရသည်။

ဆက်လက်၍ သင်တန်းသား/သူများက သိရှိလိုသည်များမေးမြန်းမှုအပေါ် ကုမ္ပဏီ၏ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံပြသရှင်းလင်းခဲ့ကာ မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထွက်ခွာခဲ့ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**မောင်မောင်(မန္တလေး)**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်ထုတ်လုပ်သူအမျိုးသမီးအဖွဲ့ ဈေးချိုသစ်သီးပွဲရုံသို့ လာရောက်လေ့လာ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လိုင်ကင်း၊ ထီအွန်ကျေးရွာ၊ ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ ကျောင်းချယ်ကျေးရွာတို့မှ နာနတ်သီး စိုက်ပျိုးထုတ်လုပ်သည့် ကုန်ထုတ်လုပ်သူ အမျိုးသမီးတောင်သူအဖွဲ့ ဝင် ၁၅ ဦးသည် ဇွန် ၂၈ ရက်တွင် မန္တလေးမြို့ ဈေးချိုရှိ သစ်သီးပွဲရုံများသို့လာရောက်၍ ဈေးကွက်လေ့လာရာတွင် သီပေါသူ သစ်သီးပွဲရုံနှင့် မနောသုခ သစ်သီးပွဲရုံ မန်နေဂျာတို့က ပွဲရုံအတွင်း သစ်သီးရောင်း ဝယ်မှုအခြေအနေများ၊ ဈေးကွက်အခြေအနေများနှင့် နာနတ်သီးစိုက်တောင်သူများမှ သိရှိလိုသည်များအား ဖြေကြားပေးခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ကုန်ထုတ်လုပ်သူ အမျိုးသမီးအဖွဲ့သည် မိမိတို့စိုက်ပျိုးထားသော နာနတ်သီးများကို ဈေးကွက်သို့ တိုက်ရိုက် တင်ပို့ရောင်းချနိုင်ရန်နှင့် အခြား မိတ်ဖက် ကျေးရွာများမှ ကုန်ထုတ်လုပ်သူအမျိုးသမီးအဖွဲ့များအား သစ်သီးဈေးကွက် အခြေအနေများကို လေ့လာပြီး ပြန်လည် ဝေမျှ ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်၍ လာရောက်ခဲ့ကြောင်း သိရှိရသည်။

**စန်းမြမြဝင်း (မန္တလေး)**

## ပေါ်ဦးပေါ်ဖျား မျှစ်များ ဈေးကောင်းရ

ကသာခရိုင်အတွင်း သစ်တောဖုံးလွှမ်းမိုးမှုကြီးမားတဲ့အတွက် ကျေးလက်နေပြည်သူများ သည် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် တစ်ပိုင်တစ်နိုင်မျှစ်ချိုး၊ ရောင်းချပြီး ဝင်ငွေရှာကြရသည်။ ဇွန်၊ ဇူလိုင်လ မိုးဦးကျတွင် ပေါ်ဦးပေါ်ဖျားမျှစ်များကို မန္တလေး၊ မုံရွာမြို့များမှာ အဝယ်လိုက်နေ၍ ဈေးကောင်းရနေသည်။

မျှစ်မျိုးစုံရောင်းဝယ်ရေးဒိုင်ဖွင့်ထားသည့် ဦးအောင်နိုင်မျှစ်ပွဲရုံ(အင်းတော်)က "မျှစ်တစ်ပိဿာ ကျပ် ၁၀၀၀ ပေးဝယ်နေပါတယ်။ ယခုမျှစ်ကာလ တစ်ရက်ပိဿာချိန် ၁၅၀ ကျော်ပုံမှန်အဝယ် ရှိနေပါတယ်။ မန္တလေး၊ မုံရွာ၊ ရွှေဘို မျှစ်ပွဲရုံတွေကို နေ့စဉ်လိုင်းကားများနဲ့တင်ပို့ လျက်ရှိပြီး မန္တလေးမျှစ်ပွဲရုံကတစ်ပိဿာ ကျပ် ၂၀၀၀ ပေါက်ဈေးနဲ့ဖြတ်ပေးတယ်။ ယခင်နှစ် မျှစ်ရာသီအစောပိုင်းကာလထက် ယခုနှစ် အဝင်အလွန်နည်းသွားပါတယ်။ ယခင်နှစ်ရာသီကုန်အထိ မျှစ်ပိဿာချိန်တစ်သောင်းကျော်အရောင်းအဝယ်ရှိခဲ့တယ်" ဟု ပြောသည်။

မျှစ်ကို မျှစ်ဆားရည်စိမ်၊ မျှစ်ခြောက်၊ မျှစ်ချဉ်အဖြစ်တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များကလည်း နယ်ဆင်းဝယ်ယူလျက်ရှိသလို မန္တလေး၊ မုံရွာမျှစ်ပွဲရုံများက ဝယ်လိုအားကောင်းနေသည့်အတွက် တစ်ပိုင်တစ်နိုင် မျှစ်ချိုးရောင်းသူများ ကောင်းဈေးကောင်းရပြီး မိသားစုဝင်ငွေရနေကြောင်း သိရသည်။

**ကြည်နိုင်ဦး (အင်းတော်)**

# သီးနှံဖျက်ပိုးမွှားအန္တရာယ် ဇီဝနည်းဖြင့်ကာကွယ်



အောင်ဆန်း (စိုက်ပျိုးရေး)

ယခုအခါတွင် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် သီးနှံများကို အရှိန်အဟုန်မြှင့်တိုးမြှင့်ဆောင်ရွက်နေကြရသည်။ အထွက်ကောင်းသော သီးနှံများမျိုးများရွေးချယ် စိုက်ပျိုးလာကြသည်။ သီးထပ်သီးညှပ်သီးနှံပုံစံများ စိုက်ပျိုးလာကြသည်။ ဤသို့စိုက်ပျိုးလာသည်နှင့်အမျှ သီးနှံများနှင့် ယှဉ်တွဲပါလာသည့် ဖွားဖက်တော်များမှာ သီးနှံများကို ဖျက်ဆီးမည့် ပိုးမွှားရောဂါများပင် ဖြစ်သည်။

သီးနှံထုတ်လုပ်သူများကလည်း စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ ဟင်းသီးဟင်းရွက်သစ်သီးဝလံ၊ စားဖိုဆောင်သီးနှံစသည့် လူသားတို့အတွက် အဓိကရိက္ခာများကို ထုတ်လုပ်ကြသည်။ ဤသို့ထုတ်လုပ်ကြရင်းပင် မိမိတို့၏သီးနှံများ အရောင်းအသွေးလှပရေး၊ အနာအဆာကင်းဝေးရေး၊ ကြီးထွားဖွံ့ဖြိုးလတ်ဆတ်ပြီး ဝယ်သူစွဲမက်မှုရှိရေး စသည် တို့ကို အပြိုင်စွမ်းဆောင်လာကြသည်။ ဤသို့ဖြင့် သီးနှံများကို ဖျက်ဆီးသည့် ပိုးမွှားရောစွများကို တားဆီးနိုင် မည့် ဓာတုဆေးများ၊ အပင်ကြီးထွားဖွံ့ဖြိုးစေမည့် ဟော်မုန်းဆေးများကို လိုလားတောင့်တလာကြသည်။

ဤသည်ကို အကွက်မြင်သော စီးပွားရေးသမားများသည် သီးနှံဖျက်ဆီးသော ပိုးမွှားရောဂါများကို တားဆီးနိုင်မည့် ဓာတုဆေးများနှင့် အပင်ဟော်မုန်းဆေးများကို အလုံးအရင်းနှင့် အချိန်ကိုက်ထုတ်လုပ်လာကြသည်။ ယခုအခါတွင် ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးအမျိုးပေါင်း ၁၀၀၀ ကျော်နှင့် ဆေးစုစုပေါင်း တန်ချိန် ၁၃ သန်းကျော်ရှိနေပြီဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ထောက်ပြထားသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်းသို့ စီးဝင်လာသော ပိုးသတ်ဆေးမှာ တန်ချိန်သုံးသောင်းကျော်ရှိနေပြီဟု ဆိုပါသည်။

ရိက္ခာသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းကလည်း ဓာတုပိုးသတ်ဆေးများကို လက်မလွှတ်တမ်းသုံးစွဲလာကြသည်။ ဤသို့သုံးစွဲရင်း အပျော့စားပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေးများမှသည် အပြင်းစားအထိ၊ ခြေလွန်လက်လွန်ဖြစ်လာကြသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင်ရေ၊ မြေ၊ လေထု ညစ်ညမ်းစေခြင်းအပြင် လူသားတို့၏ အသက်အန္တရာယ်ကိုပင် ထိပါးလာခံနေရသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ ၂၅သန်းသည် ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင် အဆိပ်သင့်ခြင်းများခံစားနေရပြီး နှစ်စဉ် လူပေါင်း ၂၀၀၀၀ ကျော်ခန့် အသက်စတေးခံနေကြရသည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင်လည်း ဓာတုဓာတ်ကြွင်းအဆိပ်သင့်၍ နှစ်စဉ် လူပေါင်း ရာနှင့်ချီ၍ အသက်ဆုံးရှုံးနေသည်မှာ သတင်းစာနှင့် ဂျာနယ်များတွင် မကြာခဏဖတ်ရှုနေရသည်။

ဤသို့ ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်ကြောင့် လူသားတို့၏ အသက်ခန္ဓာဆုံးရှုံးမှု၊ အနိဋ္ဌာရုံများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းအဖွဲ့နှင့် ပညာရှင်များက ဤအနိဋ္ဌာရုံများကို တားဆီးနိုင်ရန် နည်းလမ်းများကို တွေးတောကြံဆလာခဲ့ကြသည်။ ပထမခြေလှမ်းအနေဖြင့် ပွဲဦးထွက်လာသည်မှာ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်း စနစ်ပင်ဖြစ်သည်။ ၎င်းစနစ်ကြီးက ကမ္ဘာ့ပိုးမွှားရောဂါကာကွယ်ရေးဇာတ်ခုံပေါ်သို့ ရောက်လာပြီး နှစ်မကြာခင်မှာပင် ၎င်းစနစ်ထဲ၌ သီးနှံဖျက်ပိုးမွှားကို တန်ပြန်ဖျက်ဆီးစားသောက်သည့် သက်ရှိဇီဝများ၊ မှိုများ၊ ဗက်တီးရီးယား၊ ဗိုင်းရပ်(စ်)ပိုးများဖြင့် ကာကွယ်သည့် စနစ်ကို သွတ်သွင်းလာခဲ့သည်။ ဤစနစ်သည် ထိရောက်မှုရှိပြီး လူသားတို့အတွက် အန္တရာယ်ကင်းဝေးနိုင်ပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း လွတ်မြောက်နိုင်သဖြင့် ကမ္ဘာ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း မကြာသေးမီကပင် အညာဒေသ၌ ပြည်ပအကူအညီဖြင့် နကျယ်သားရဲကောင်တစ်မျိုးကို မွေးမြူ၍ မြေပဲခင်း၊ နှမ်းခင်း၊ ကုလားပဲခင်းများတွင် လွှတ်ပေးရာ သီးနှံဖျက်ပိုးမွှားများရန်မှ ကင်းဝေးစေသည့် ရလဒ်ကို တွေ့ရှိရသည်။ ဤစနစ်သည် ကုန်ကျစရိတ်တစ်ကျပ်ရှိပါက ခြောက်ကျပ်အကျိုး အမြတ်ရရှိပါသည်။ သီးနှံဧက ၅၀တွင် လင်ကောင်ပိုင့်ကျက်အထီးအမတစ်စုံ အိမ်ပြုလုပ် ပေးထားခြင်းဖြင့် ကြွက်ဖျက်ဆီးမှု အန္တရာယ်မှ လုံးဝကင်းလွတ်သည်ဟုဆိုပါသည်။ အိန္ဒိယနိုင်ငံတွင် မြေပဲ၊ ကုလားပဲသီးနှံများတွင် ကျရောက်ဖျက်ဆီးသော ငမြှောင်တောင်ပိုးကို စိုက်ခင်းများတွင် အသားစားငှက်များ နားရန် တန်း(သို့)သစ်ကိုင်းခြောက်များ ပြုလုပ်ပေးခြင်းဖြင့် သီးခင်းများတွင် ပိုးကြောင့် ပျက်စီးမှု(၁၀-၁၅)ရာခိုင်နှုန်း လျော့ကျသည်ဟုဆိုပါသည်။

ဇီဝသက်ရှိ မှို၊ ဗက်တီးရီးယား၊ ဗိုင်းရပ်(စ်)ပိုးများ အသုံးပြု၍ ပိုးမွှားများကို ကာကွယ်နှိမ်နင်းသည့် နည်းစနစ်မှာ ခေတ်စားလာပါသည်။ လွယ်ကူ၊ ကုန်ကျစရိတ်သက်သာ၊ ဘေးအန္တရာယ်ကင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုရှင်းသဖြင့် ပိုမိုတွင်ကျယ်လာခြင်းဖြစ်ပါသည်။

ဇီဝသက်ရှိဖြစ်သည့် ဂီတာကျိုင်းသားရဲကောင် တစ်ကောင်သည် ဖြုတ်ပိုးများ၏ ပိုးတုံးလုံးငါးကောင်ထိ ဖမ်းစားနိုင်ပါသည်။ နံ့ကောင်တစ်ကောင်သည် စပါးနံ့စုတ်ပိုး၊ ဆစ်ပိုး၊ ဘတ်ပိုးအစုများကို တစ်နေ့လျှင် သုံးလေးစုထိ ဖျက်ဆီးစားသောက်နိုင်သည်။ ရေနေဘတ်ပိုးတစ်ကောင်သည် ဖြုတ်ပိုး ငါးကောင်မှ ၁၀ ကောင်ထိ စားသောက်နိုင်သည်။ နဖာချေးတစ်ကောင်သည် တစ်နေ့လျှင် ရွက်လိပ်ရွက်ခေါက်ပိုးများ၏ ပိုးတုံးလုံးအကောင်နှစ်ဆယ်မှ သုံးဆယ် အထိ ဖမ်းယူစားသောက်နိုင်ပါသည်။ ပင့်ကူများ၊ နကျယ်များ၊ ဓားခုတ်ကောင်များသည် သီးနှံစုတွင် ဖျက်ဆီးသော ပိုးမွှားအစုံတို့၏ ပိုးတုံးလုံးများ၊ ဥများ၊ ရုပ်ဖုံးများ၊ အကောင်ကြီးများကို အလုံးအရင်းနှင့် စားသောက်ပစ်နိုင်ကြသည်။

ဝံပုလွေပင့်ကူ တစ်ကောင်သည် တစ်နေ့လျှင် ဖြုတ်ပိုးငါးကောင်မှ ၁၅ ကောင်အထိ စားသောက်နိုင်သည်။ ရေနေ သမင်တစ်ကောင်သည် တစ်နေ့လျှင် ရေနေပိုးမွှား ငါးကောင်မှ ဆယ်ကောင်ထိ စားသောက်ဖျက်ဆီးနိုင်သည်။ ဤသည်မှာ ဇီဝ သက်ရှိများ၏ အစွမ်းပင်ဖြစ်ပါသည်။ စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ မြေပဲ၊ နေကြာ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်သီးနှံများတွင် ကျရောက် ဖျက်ဆီးသော ဖြုတ်၊ ပိုးတုံးလုံးများ၊ ဥများ၊ ရွက်ခေါက်ပိုးတုံးလုံးများကို လိပ်ခုံးကျိုင်းနှင့် ဂီတာကျိုင်းများက တာဝန်ယူဖျက်ဆီးပစ်နိုင်စွမ်းပါသည်။ စပါး၊ ဂျုံ၊ပဲမျိုးစုံ၊ ပြောင်း၊ မြေပဲ၊ နေကြာ၊ နှမ်း၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို စားသောက်ဖျက်ဆီးကြသော ဆစ်ပိုး၊ ဖြုတ်၊ ရွက်လိပ်ရွက်ခေါက်ပိုး၊ နံ့စုပ်ပိုးဥများ၊ ပိုးတုံးလုံးများ၊ သီးလုံး ဖောက်ပိုးများ။ ထွာကောင်စိမ်းများ၊ ရွက်စားပိုး၊ ခူမွှေးစုတ်၊ ရွက်ကပ်ပိုး စသည်များကို ပုရစ်၊ နံ့ကောင်၊ ရေနေဘတ်ပိုး၊ ပုစဉ်း၊ နဖာချေးပိုး၊ နကျယ်များ၊ ပုရွက်ဆိတ်၊ ဝံပုလွေပင့်ကူ၊ ယင်များက တာဝန်ယူစားသောက်ရှင်းလင်းပစ်နိုင်စွမ်းရှိကြပါသည်။ ဤသို့ သီးနှံဖျက်ဆီးသော ပိုးမွှားများကို တန်ပြန်ဖျက်ဆီးစားသောက်သော ဇီဝသက်ရှိများကို ဂေဟစနစ်မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းပေးခြင်း၊ ဇီဝသက်ရှိများကို သီးသန့်မွေးမြူ၍ စိုက်ပျိုးခင်းများအတွင်းသို့ လွှတ်ပေးခြင်းဖြင့် ပိုးမွှားအန္တရာယ်ကို ကာကွယ်နိုင်ပါသည်။

မကြာသေးမီကပင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနက စပါး၊ ပြောင်း။ ဂျုံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ လက်ဖက်၊ ကော်ဖီ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များတွင် ကျရောက်ဖျက်ဆီးသော ယင်ဖြူ၊ ဆစ်ပိုး၊ ကျိုင်း၊ ဖလံ၊ ဖြုတ်။ ပိုးချည်လောက်ကောင်၊ ပိုးတုံးလုံးစသည့် ဖျက်ပိုးမွှားများကို ဗော့ဗျူရီးယားမှို၊ မက်တာရိုင်ဇီယမ်မှို၊ ဗာတီစီလီယမ်မှိုဖြင့် ကာကွယ်နှိမ်နင်းခြင်း သုတေသနအောင်မြင်မှုရလဒ်ကို တောင်သူလယ်သမားကြီးများအား လက်တွေ့ပြသပွဲပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အလားအလာကောင်းသော သုတေသနရလဒ်တစ်ခုဖြစ်သည်။

အမေရိကန်နိုင်ငံ၊ မစ်စိစိပီတက္ကသိုလ်မှ အင်တိုမိုပက်သိုဂျင်းနစ်မှိုကို အသုံးပြု၍ ဂျုံ၊ ပြောင်း၊ ကြံ။ ပန်းသီး၊ ဆီအုန်း၊ ကော်ဖီသီးနှံတို့တွင် မြေအောင်းပိုးကာကွယ်နှိမ်နင်းရေးတွင် အသုံးပြုခဲ့သည်။ အာဖရိကတွင် ကြံသီးနှံ၊ ဩစတြေးလျတွင် နှံစားသီးနှံ၊ အမေရိကားတွင် အလှစိုက်ပန်းများတွင် ကျရောက်သောပိုးမွှားများ ၁ကွယ်နှိမ်နင်းရန် အသုံးပြုခဲ့သည်။ ၁၉၇၉ခုနှစ်တွင် ဩစတြေးလျနိုင်ငံ Biocase Co.,Ltd မှ Wireworm ဖျက်ပိုး ကာကွယ်နှိမ်နင်းရေးတွင် အသုံးပြုခဲ့သည်။ Bioblast Co.,Ltd မှ အဆိုပါ မှိုကို ခြများ နှိမ်နင်းရာတွင် အသုံးပြုခဲ့ရာ (၄-၁၀)ရက်အတွင်း အားလုံးသေကျေပျက်ဆီးကုန်သည်ဟုဆိုပါသည်။

သီးနှံများတွင် ကျရောက်ဖျက်ဆီးသော ဖြုတ်ပိုး၊ ဘတ်ပိုး၊ စုတ်ပိုး၊ ဆစ်ပိုး၊ ရွက်လိပ်ရွက်ခေါက်ပိုးတို့၏ ခန္ဓာကိုယ်၊ ဥများ၊ လောက်ကောင်များတွင် စွဲကပ်၍ရောဂါဖြစ်စေသော မက်တာရိုက်ဇီယမ်မှို၊ မိုနီလီအေးမှိုနှင့် ပြူဲရီးယားဘတ်စီးယားနာမှို တို့သည် အဆိုပါဖျက်ပိုးမွှားများကာကွယ်နှိမ်နင်းရာတွင် ထိရောက်မှုရှိသည်။ ဆစ်ပိုးများ၊ ရွက်လိပ်ရွက်ခေါက်ပိုးများ၊ ခူမွှေးစုတ်များ၊ ရွက်ဖြတ်ပိုးများ၏ ခန္ဓာကိုယ်တွင် စွဲကပ်၍ ရောဂါရစေသော နမူလီယာရိုင်လီယီးမှိုသည်လည်း ကာကွယ်နှိမ်နင်း ရာတွင်အကျိုးများစေပါသည်။ ခူကောင်များ၊ လောက်ကောင်များ၊ ပိုးတုံးလုံးများကို ရောဂါရစေပြီး သေကျေပျက်စီးစေနိုင်သော နယူကလီးယားပိုလီဟက်ဒရိုး၏ ဗိုင်းရပ်(စ်)နှင့် ဗာလူကိုဗိုင်းရပ်(စ်)ပိုးများသည်လည်း ဖျက်ပိုးမွှားများကာကွယ်နှိမ်နင်းရာတွင် အဓိကကျသော ဇီဝဇာတ်ကောင်များဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါနှင့် ကုလားပဲ သီးလုံးဖောက်ပိုးလောက်ကောင်တွင် ဗိုင်းရပ်(စ်)ရောဂါကျရောက်သေဆုံးပါက ၎င်းအသေကောင်ကို အမှုန့်ကျိတ်၍ ရေနှင့်ဖျော်ပြီး သီးနှံစိုက်ခင်းများကို ပက်ဖျန်းရာ အဆိုပါဖျက်ပိုးမွှားများ နှိမ်နင်းနိုင်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ မှိုများ၊ ဗက်တီးရီးယားများ၊ ဗိုင်းရပ်(စ်)များသည် လူသားတို့အတွက် အန္တရာယ်မရှိဟု ဆိုပါသည်။

သို့ပါ၍ ဓာတုဓာတ်ကြွင်းလည်း ကင်းစင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုလည်းကင်းရှင်း။ လွယ်ကူသက်သာမှုလည်းရှိသည့် ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

# ပြည်တွင်းရှိ ကလေးသူငယ်များအတွက် ပထမဆုံး စာသင်သားအသက်အာမခံ စတင်လုပ်ဆောင်

ပြည်တွင်းရှိ ကျောင်းသား/သူများအတွက် ပညာသင်ကြားစရိတ်နှင့် စပ်လျဉ်း၍ အထောက်အပံ့ဖြစ်စေမည့် စာသင်သားအသက်အာမခံထားရှိခြင်းကို ပထမဆုံးအဖြစ် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း Grand Guardian Life Insurance မှ သိရသည်။

အဆိုပါ စာသင်သားအသက်အာမခံသည် အာမခံထားသူ၏ ပညာရေးစရိတ်အတွက် ကလေးအသက် ၁၇ နှစ်ပြည့်ချိန်မှ စတင်၍ တစ်နှစ်တစ်ကြိမ်နှုန်းဖြင့် အာမခံအကျိုးခံစားခွင့်ကို လေးနှစ်ပေးအပ်သွားမည်ဖြစ်ပြီး အသက်တစ်လမှ ၁၂ နှစ်အရွယ်အထိ ကလေးများအတွက် တက္ကသိုလ်ပညာသင်ကြားနိုင်ရန် တက္ကသိုလ်ပညာရေးစရိတ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခိုကကတော့ သားသမီးတွေရဲ့ အနာဂတ်ပညာရေးကို စိတ်ချသေချာလိုတဲ့ မိဘတွေအတွက် ရည်ရွယ်ပြုလုပ်ပေးတာပါ။ ပြီးတော့ ဒီနိုင်ငံမှာက ကလေးတွေအတွက် အသက်အာမခံ မရှိသေးဘူး။ အဲဒါကြောင့် ဒီအာမခံကို စာသင်သားကလေးတွေအတွက် လုပ်ပေးတာပါ။ အာမခံဝယ်ယူမှုအတွက်ကိုလည်း မတော်တဆ လွဲချော်မှုတွေမဖြစ်အောင် မိဘအရင်းတွေကိုပဲ ခွင့်ပြုထားတာပါ"ဟု Grand Guardian Life Insurance မှ ဒုတိယအမှုဆောင် အရာရှိချုပ် ဒေါ်နှင်းစိန်က ပြောသည်။

အဆိုပါအာမခံအတွက် မိမိမျှော်မှန်းသည့် ပညာရေးစရိတ်နှင့်တွက်ချက်၍ ငွေပေးသွင်းရမည်ဖြစ်ပြီး အနည်းဆုံး ငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၁၀၀၀ အထိ အာမခံထားနိုင်မည်ဖြစ်ကြောင်း၊ ကလေးအသက်ပြည့်မီ၍ တက္ကသိုလ်ပညာသင်ချိန်ရောက်ချိန်တွင် GGI မှ အာမခံဝယ်ယူမှုအတွက် ဘဏ်တိုးနှုန်း ၄ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို အပိုဆောင်း ပေးသွားမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရရှိသည့်ငွေကို လေးကြိမ်ခွဲ၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တစ်နှစ်အရွယ်မှ လေးနှစ်အရွယ်အထိ လည်းကောင်း၊ လေးနှစ်မပြည့်သေးဘဲ အသက်သုံးနှစ်အရွယ်တွင်လည်းကောင်း မမျှော်လင့်သော တစ်စုံတစ်ရာ ဖြစ်ပွားခဲ့ပါက အသက်အာမခံ အကျိုးခံစားခွင့်ကို မိဘများထံ တစ်လုံးတစ်ခဲတည်း ပြန်ပေးမည့်အပြင် ကလေးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် GGI မှ အာမခံငွေကျပ်သိန်း ၁၀၀ ကို ပြန်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။ **ချောစု**

# ကျောင်းသားနှင့် လမ်းကြောင်းဧရိယာ ပေါ်မူတည်၍ ကျောင်းကားသစ်များ ထပ်မံပြေးဆွဲနိုင်ရန် YRTA စီစဉ်နေ

ကျောင်းသားကျောင်းသူအရေအတွက်နှင့် ပြေးဆွဲရမည့် လမ်းဧရိယာပေါ် မူတည်၍ ကျောင်းကားသစ်များကို ထပ်မံပြေးဆွဲပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) က စီစဉ်နေကြောင်း ဇူလိုင် ၃ ရက်တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်ရှိ YRTA ရုံးချုပ်၌ ပြုလုပ်သောမီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မှ ကျောင်းကားသယ်ယူပို့ဆောင်ရေးစနစ်ပေါ် ပေါက်ရန်အတွက် ဝယ်ယူထားသည့် ကျောင်းကားအစီး ၂၀၀ အနက် ၉၈ စီးဖြင့် စာသင်ကျောင်း ၁၂ ကျောင်းမှ ကျောင်းသူကျောင်းသား ၁၈၉၇ ဦးကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

" ဒီနေရာမှာ ကျောင်းကားအရေ အတွက်ကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါတယ်။ လက်ရှိပြေးဆွဲနေတဲ့ ကျောင်း ၁၂ကျောင်း၊ ထပ်မံတောင်းခံလာတဲ့ကျောင်းတွေပေါ် မှာလည်း ညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။ အခုလက်ရှိပြေးဆွဲနေတဲ့ကျောင်းကားကို စာရင်းပေးတဲ့သူ တစ်နေ့ထက်တစ်နေ့ပိုများပြားလာပါတယ်။ အဲဒါကြောင့် ကျောင်းကားရဲ့လမ်းကြောင်းကို မူတည်ပြီးတော့ အစီးရေခွဲပြီး ထပ်မံပြေးဆွဲ ဖို့ရှိသလိုနောက်ထပ်အခြားကျောင်းတွေကလည်း YRTA ဘက်ကို ပြန်ပြီးတော့ ပြောလာတာမျိုးရှိပါတယ်။ သို့ပေမယ့် ကျွန်တော်တို့ဘက်က ကနဦး ကျောင်းမှာ သွားရောက်ဆွေးနွေးပါ့မယ်။ ကျောင်းသားအရေအတွက်၊ ပြေးဆွဲပေးရမယ့် လမ်းကြောင်းဧရိယာ သတ်မှတ်ပေးပြီးတဲ့အခါကျရင် ဒီလုပ်ငန်းကို ရှေ့ဆက် တိုးချဲ့ပြီးတော့ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောသည်။

ကျောင်းကားကို စီးနင်းလိုက်ပါသော ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံရေးအတွက် စမတ်ကတ်နည်းပညာအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ခရီးစဉ်ပိုင်းဖြတ်မှုနှုန်းထား စတေကာ ကပ်ထားမှုမရှိသည့် ယာဉ်များကို ယခုလမှစတင် အရေးယူမည်

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA- Yangon Region Transport Authority) အောက်ရှိ YBS ယာဉ်လိုင်းများတွင် ခရီးစဉ်ပိုင်းဖြတ်မှုနှုန်းထား စတေကာများ ကပ်ထားမှုမရှိပါက ယခုလမှစ၍ စိစစ်အရေးယူသွားမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်တွင် ကျင်းပခဲ့သည့် မီဒီယာတွေ့ဆုံပွဲမှ တစ်ဆင့် သိရသည်။

ခရီးစဉ်ပိုင်းဖြတ်မှု နှုန်းထားစတေကာများကို ဝိုင်ဘီအက်စ် စတင်ပြုပြင် ပြောင်းလဲချိန်မှသာ မြင်တွေ့နေရပြီး ယခုလက်ရှိတွင် စတေကာကပ်ထားမှုမရှိသည့် ယာဉ်လိုင်းများများပြားလာသည့်အတွက် ယာဉ်စီးခနှုန်းထား ပိုထည့်နေရသည့်ဖြစ်စဉ်များကြုံတွေ့နေရကြောင်း၊ ယင်းအတွက်ကြောင့် သတ်မှတ်နှုန်းထားအတိုင်း ဖြစ်စေရန်အတွက် ဝိုင်အာတီအေက အဖွဲ့များဖွဲ့၍ စစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း ဝိုင်အာတီအေ၏ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"တချို့ယာဉ်တွေမှာတော့ ပိုင်းဖြတ်မှုနှုန်းထားအလိုက် ဇယားနဲ့ကပ်ထားတာတွေရှိပါတယ်။ တချို့ယာဉ်အင်အားနည်းတယ်။ ဝန်ဆောင်မှုဖြစ်တဲ့ ကားသစ်လည်းမဟုတ်ဘူး၊ အဲကွန်းလည်းမပေးနိုင်ဘူး အားနည်းတဲ့ ယာဉ်တွေကို ၁၀၀ ကျပ် ပိုင်းဖြတ်စနစ်နဲ့ ပေးပါတယ်။ ဒါ့ပေမဲ့ တချို့ယာဉ်လိုင်းတွေမှာ အပြောင်းအလဲရှိပါတယ်။ သူတို့ယာဉ်တွေကို ပြင်ပြီးပြီ။ ယာဉ်လိုင်းတွေက ပိုင်းဖြတ်မှုစနစ်နဲ့ သွား တဲ့အစားပုံသေပေးပါဆိုတဲ့ တောင်းဆိုမှုတွေရှိတယ်။ ဒါကို ကျွန်တော်တို့ ဘက်က ပိုင်းဖြတ်တဲ့ဇယားတွေ မတွေ့ရဘူး။ ဒါကိုလည်း စစ်ဆေးနေပါတယ်။ သတ်မှတ်နှုန်းထားတွေ ယာဉ်မှာရေးဖို့ ဆောင်ရွက်သွားမယ်။ မလိုက်နာရင် ကျွန်တော်တို့က အရေးယူမှုတွေနဲ့ ဆောင်ရွက်သွားပါ့မယ်။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ယာဉ်စီးခ မဖော်ပြခြင်းအပေါ်မှာ စစ်ဆေးကြပ်မတ် အရေးယူသွားမယ်"ဟု ဦးလှအောင်က ပြောသည်။

လက်ရှိရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်အစီးရေ ၄၄၀၀ ကျော် ပြေးဆွဲနေပြီး နေ့စဉ်ခရီးသည်ဦးရေ ၁ ဒသမ ၈ သန်းကိုသယ်ယူပို့ဆောင်နေရကြောင်း သိရသည်။ **ချောစု**

# စတုတ္ထအကြိမ်ကျင်းပမည့် ဘမ်ရွန်ဂရက် ကျန်းမာရေးပွဲတော် ၂၀၁၉ တွင် ပြည်သူများ အခမဲ့ဝင်ရောက်လေ့လာနိုင်

ပြည်သူများ အခမဲ့ဝင်ရောက်လေ့လာနိုင်မည့် စတုတ္ထအကြိမ် ဘမ်ရွန်ဂရက်ကျန်းမာရေးပွဲတော် ၂၀၁၉ ကို လာမည့်ဩဂုတ် ၁၇ နှင့် ၁၈ ရက်တို့တွင် မြန်မာပလာဇာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ဘမ်ရွန်ဂရက်နိုင်ငံတကာဆေးရုံကြီးနှင့် Yangon International Medical Service တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပွဲတော်၌ ကျန်းမာရေးအထူးကုနယ်ပယ် အသီးသီးဖြစ်သော ပြည်ပနိုင်ငံများမှ ဆရာဝန်ကြီးခြောက်ဦးက ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ အခမဲ့ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတစ်ခေါက်က လေးကြိမ်မြောက်ဖြစ်တဲ့အပြင် လူတိုင်းလာလို့ရတဲ့ မြန်မာပလာဇာမြေညီထပ်မှာ ကျင်းပပေးထားပါတယ်။ အဓိကကတော့ ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးချင်တဲ့အတွက် လုပ်ပေးဖြစ်တာပါ။ အရင်နှစ်နဲ့မတူဘဲ ထူးထူးခြားခြားအနေနဲ့ ပြည်တွင်းမှာအဖြစ်များတဲ့ ရောဂါနဲ့ပတ်သက်တဲ့ ဆရာဝန်တွေကို ခေါ်ဆောင်ပေးထားပါတယ်"ဟု ဘမ်ရွန်ဂရက်ဆေးရုံ (မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်)၏ ဒါရိုက်တာ ဦးမိုးရဲကျော်ကပြောသည်။

ထို့ပြင် ထိုင်းနိုင်ငံသို့ သွားရောက်ဆေးကုသမှုခံယူခြင်းအတွက် လိုအပ်သော ဝန်ဆောင်မှုအားလုံးကို ပွဲတော်တွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ခရီးသွားဝန်ဆောင်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်၌ ဘမ်ရွန်ဂရက်ဆေးရုံ၏ Vitallife အိုမင်းရင့်ရော်မှုကာကွယ်ခြင်းနှင့် ကျန်းမာရေးစင်တာ၊ Esperance အလုံးစုံကင်ဆာကုသမှုဌာန၊ ဘမ်ရွန်ဂရက်ဆေးခန်း ရန်ကုန်တို့နှင့် Yangon International Medical Service တို့မှပါဝင်ပြသသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီစဉ်များနှင့် ပျော်ရွှင်ဖွယ် ကစားနည်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးစစ်ဆေးမှု ပက်ကေ့ချ်များကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# ဘဝအလှနှင့် အောင်မြင်မှု ဟောပြောပွဲ ပြုလုပ်မည်

ဈေးကွက်ရှာဖွေသူ (Marketer) တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည် အချင်း၊ အလှကုန်ပစ္စည်းရောင်းချခြင်းလုပ်ငန်း၏ သဘောတရားများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ကို ရှင်းလင်းပြောကြားမည့် 'ဘဝအလှနှင့် အောင် မြင်မှု' ဟောပြောပွဲကို ဇူလိုင် ၁၃ရက်၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲကို Myanmar Cosmetic Association က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဒေါက်တာထက်ဇံလင်း (CEO of Hub Myanmar Co.,Ltd)၊ ဦးမာသင် (Social Entrepreneur)၊ ဒေါက်တာသီရိသိန်းကျော် (Executive Director of Beauty Diary) တို့က ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အလှကုန်နယ်ပယ်ကိုဝင်ရောက်လိုသူများ၊ အလှကုန်ပစ္စည်းနယ်ပယ်တွင် အလုပ်လုပ်ကိုင်ရန် စိတ်ဝင်စားသူများ၊ Professional Marketer ဖြစ်လို သူများ၊ Digital ရေစီးကြောင်းနှင့်ပတ်သတ်၍ သိလိုသူများ တက်ရောက်သင့်ကြောင်း၊ ပြည်တွင်းအလှကုန်ကုမ္ပဏီများကလည်း အလုပ်အကိုင်အခွင့်အလမ်းများကို ကမ်းလှမ်းမည်ဖြစ်သောကြောင့် တက်ရောက်သူများအနေဖြင့် CV Form များ ယူဆောင်လာနိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူအနေဖြင့် အမည်၊ ဖုန်းနံပါတ်၊ အလုပ်အကိုင်ရာထူး၊ ကုမ္ပဏီ အမည်နဲ့ E-mail လိပ်စာကို ဖော်ပြကာ ဖုန်း- ၀၉၇၈၀၀၈၈၄၅၆ သို့ SMS ဖြင့် အခမဲ့စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉၇၈၀၀၈၈၄၅၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## မောတောင်ကုန်သွယ်ရေးစခန်း ဇွန်ကုန်သွယ်မှု လျာထားချက်အပေါ် ၁၉၄ ဒသမ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်

မောတောင်ကုန်သွယ်ရေးစခန်း၏ ဇွန်လအတွင်း ပို့ကုန် သုည ဒသမ ၅၆၅ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၂၁၄ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏသုည ဒသမ ၇၇၉ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၁၉၄ ဒသမ ၇၅ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၂၁၁ ဒေါ်လာသန်း ပိုမိုခဲ့ပြီးနှင့် သွင်းကုန်ပိုင်းတွင် သုည ဒသမ ၁၈၀ ဒေါ်လာသန်းလျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၀၃၁ ဒေါ်လာသန်းပိုမိုခဲ့ပါသည်။ အနီးစပ်ဆုံးကာလဖြစ်သည့် မေလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၅၂၆ ဒေါ်လာသန်း၊ သွင်းကုန်ပိုင်းတွင် သုည ဒသမ ၂၉၇ ဒေါ်လာ သန်းလျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၈၂၃ ဒေါ်လာသန်းလျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၁၉ ဇွန်လကုန်သွယ်မှုပမာဏမှာ ကာလတူ ၂၀၁၈ ဇွန်လနှင့် နှိုင်းယှဉ်ရာတွင် ကုန်သွယ်မှုပမာဏ ပိုမိုခဲ့ရခြင်းမှာ သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည့် မော်တာများ၊ Electrical Control Panel၊ ဘီလပ်မြေများ၊ ကွန်ကရစ်တိုင်များ၊ ကြွေပြားများ၊ မျက်နှာကြက်များ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်သော သံနှင့် သံမဏိပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သော မော်တော်ဆိုင်ကယ် တင်သွင်းမှုလျော့နည်းခဲ့ခြင်း၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ပုံး၊ ပုစွန်အစာနှင့် ပုစွန်သားပေါက်များ တင်သွင်းမှု လျော့နည်းခဲ့သောကြောင့် သွင်းကုန်တန်ဖိုး လျော့နည်းခဲ့ရသော်လည်း ပို့ကုန်တင်ပို့မှုပိုင်းတွင် ရေထွက်ပစ္စည်း အုပ်စုဖြစ်သော ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ခုံးအရှင်နှင့် အခြား ရေထွက်ပစ္စည်းများ တင်ပို့မှု ပိုမိုခဲ့သောကြောင့် ကာလတူထက်ကုန်သွယ်မှု ပမာဏပိုမိုခဲ့ရခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဇွန်လကုန်သွယ်မှုပမာဏမှာ အနီးစပ်ဆုံးကာလ ၂၀၁၉ ခုနှစ် မေလနှင့်နှိုင်းယှဉ်ရာတွင် ပို့ကုန်အနေဖြင့် ရေထွက်ပစ္စည်းအုပ်စုတွင် ကဏန်းနှင့် ခုံးအရှင်များ တင်ပို့မှုပိုမိုခဲ့သော်လည်း ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်နှင့် အခြားရေထွက်ပစ္စည်းများ တင်ပို့မှုလျော့နည်းခဲ့သည့်အပြင် သစ်တောထွက်ပစ္စည်းအုပ်စုဖြစ်သော ဓနိနှင့် ကြိမ်များ တင်ပို့မှုမရှိခြင်း၊ စက်မှုကုန်ချောပစ္စည်းအုပ်စုဖြစ်သော တံမြက်စည်းများ တင်ပို့မှုမရှိခဲ့ခြင်းကြောင့်လည်းကောင်း၊ သွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သော မော်တာများ၊ Electrical Control Panel၊ ကွန်ကရစ်တိုင်၊ ကြွေပြား၊ မျက်နှာကြက်များ၊ လုပ်ငန်းသုံးပစ္စည်း အုပ်စုတွင် သံနှင့် သံမဏိပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတွင် ပုစွန်အစာနှင့် ပလတ်စတစ်ပုံးများ တင်သွင်းနိုင်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများဖြစ်သော မော်တော်ဆိုင်ကယ်များ တင်သွင်းမှု လျော့နည်းခဲ့ခြင်း၊ Air Conditioner များ တင်သွင်းမှုမရှိခြင်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် ဒီဇယ်ဆီများ၊ သုတ်ဆေးများ၊ ကတ်ထူပြားများ၊ အမိုးပြားများ တင်သွင်းနိုင်မှုမရှိခဲ့သောကြောင့် အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့ရခြင်းဖြစ်သည်။ **နေစိုးထက်(မောတောင်)**

## ပြောင်းဖူးဈေးကောင်းသောကြောင့် တောင်သူများ တွက်ခြေကိုက်နေ

အညာဒေသ၌ ပြောင်းဖူးကို ကျေးရွာများ၌ ပဲတီစိမ်းနှင့် သီးညှပ်စိုက်ကြရာ ယခုတစ်ပတ်ထဲ၌ ပြောင်းဖူးများဝင်ရောက်နေရာ ဈေးကောင်းသောကြောင့်တွက်ခြေကိုက်နေကြောင်း တောင်သူများထံမှ သိရသည်။

“ကျွန်တော်ပြောင်းဖူးနဲ့ပဲတီစိမ်းကို သုံးဧကနီးပါး စိုက်တယ်။ ရေသွင်းစရိတ်၊ မျိုးစေ့မြေဩဇာဖိုးနှင့် စုစုပေါင်း တစ်သိန်းရှစ်သောင်းဝန်းကျင် ကုန်ကျတယ်။ပြောင်းဖူးဈေးအနေနဲ့ ပြောင်းဖူးတစ်ရာလျှင် ကျပ်တစ်သောင်းသုံးထောင်ရတယ်။ စုစုပေါင်းသုံးသိန်းခွဲရတယ်။ တွက်ခြေကိုက်တယ်။ ယခင် ဆောင်းရာသီမတ်လထဲတွင် ပြောင်းဖူးတစ်ရာလျှင် ကျပ် ၈၀၊ ပြောင်းဖူးရိတ်သိမ်းပြီးပါက သီးထပ်အဖြစ် ရေသွင်းပဲတီစိမ်းစိုကလည်း ဆွတ်ခူးရရှိမှာမို့ လက်ရှိပဲတီစိမ်း တစ်တင်းကျပ် ၃၃၀၀၀ ပေါက်ဈေးရှိတဲ့အတွက် အဆင်ပြေတယ်”ဟု ရေနံချောင်းမြို့နယ် တောင်သူဦးလှဝင်းက ပြောသည်။

ရေနံချောင်းမြို့၌ ပြောင်းဖူးကို မိုးသီးနှံအဖြစ် ဧက ၈၄၀၅၊ ဆောင်းသီးနှံအဖြစ် ဧက ၁၉၀၊ စုစုပေါင်းဧက ၈၅၉၅ စိုက်ရန် လျာထားဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ **ဆန်းညွန့်**

## မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးတွင် ရောင်းချနေသော ဆေးဝါးနှင့် အလှကုန်ပစ္စည်း၊ သားငါးနှင့် အခြေခံစားသောက်ကုန်များအား ကွင်းဆင်းစစ်ဆေး



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသိန်းဇော်နှင့်ဝန်ထမ်းများသည် မိတ်ဖက်ဌာနများဖြစ်သော ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဇူလိုင် ၄ ရက်တွင် မြဝတီမြို့အမှတ် (၄)ရပ်ကွက်ရှိဘုရင့်နောင်ဈေးကြီးတွင် ရောင်းချနေသော ကုန်စည်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည် စားသုံးသူများအတွက် ဘေးကင်း လုံခြုံစိတ်ချရသော အစားအစာများ၊ အသုံးအဆောင်များကိုဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး၊ အသုံးပြုနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း FDA က တားမြစ် ထုတ်ပြန်ထားသော ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ၊ သက်တမ်းလွန်ဆေးဝါးများနှင့် ထောက်ခံချက်မပါရှိသောဆေးဝါးများနှင့် ဆေးဆိုင်လုပ်ငန်းရှင်များတွင် ရောင်းချခွင့်လိုင်စင်များရှိ/မရှိစစ်ဆေးခြင်း၊ ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ရောင်းချနေသောကုန်ပစ္စည်းများတွင် ကုန်အညွှန်း အမှတ်အသားဖော်ပြထားသော မြန်မာစာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့) တစ်ခုထက် ပို၍ တွဲလျက်ဖြစ်စေရေးသား ဖော်ပြရန်နှင့် ရေးသားဖော်ပြထားသော ကုန်စည်များကိုသာ ဥပဒေနှင့်အညီ ရွေးချယ်ရောင်းချရန် အထူးသတိပြုဆောင်ရွက်ရန် စားသုံးသူကာကွယ်ရေးအနေဖြင့် အသိပညာပေးခဲ့ကြောင်း၊ ဈေးဆိုင် ၂၅ ဆိုင်ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ အသား၊ ငါးများရောင်းချနေသောဈေးတန်းတွင် ကျန်းမာရေးနှင့် မညီသော မသန့်ရှင်းသည့် အသားများ၊အေးခဲသားများရောင်းချခြင်း ရှိ/မရှိနှင့် အသား၊ ငါးများရောင်းချရာတွင် သတ်မှတ်လိုင်စင်ဈေးနှုန်း ထက်ကျော်လွန်၍ ရောင်းချမှုများရှိ/မရှိ ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ခဲ့သည်။ **မသဇင်(မြဝတီ)**

## ချောင်းသာကမ်းခြေ သာယာလှပရေး ပစ္စည်းလှူဒါန်းပွဲနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆွေးနွေးပွဲ ပြုလုပ်

ဩစတြေးလျကျောင်းသားဟောင်းများအဖွဲ့ မြန်မာက ကြီးမှူးကျင်းပသည့် တတိယအကြိမ် Clean Beach Clean Water Campaign 2019 ချောင်းသာကမ်းခြေသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ပစ္စည်းများပေးအပ်လှူဒါန်းပွဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဒေသခံများနှင့် ပူးပေါင်း၍ အမှိုက်စနစ်တကျ စွန့်ပစ်ရေး ကမ်းခြေဒေသပညာပေးအစီအစဉ်ကို ချောင်းသာကမ်းခြေ Belle Resort ဟိုတယ်တွင် ဇွန် ၂၂ ရက်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဦးကျော်မြင့်၊ ချောင်းသာမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ဌာနဆိုင်ရာများ၊ ဩစတြေး လျ ကျောင်းသားဟောင်းများ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဩစတြေးလျကျောင်းသားဟောင်းများအဖွဲ့မှ ချောင်းသာကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ကျပ်ငွေသိန်း ၁၅၀ တန်ဖိုးရှိ အမှိုက်ပုံး၊ အမှိုက်ကောက်တုတ်ချောင်း၊ လည်ရှည်ဖိနပ်၊ လက်အိတ်၊ မိုးကာ၊ ခြင်ဆေးဖျန်းစက်၊ မြတ်ရိတ်စက်၊ တောင်းနှင့် အမှိုက် သယ်ရန်ဒိန်းဒေါင်းတစ်စီး လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ချောင်းသာကမ်းခြေ၏ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန်နှင့် စနစ်တကျထိန်းသိမ်းတတ်စေရန် အသေးစိတ်ဆွေးနွေး ဟောပြောခဲ့သည်။

ဆက်လက်၍ ချောင်းသာမြို့၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူက ချောင်းသာကမ်းခြေ သာယာလှပရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ကာ ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေး ကော်မတီများ ဖွဲ့စည်း၍ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း အမှိုက်ကောက်ယူမှုများကိုလည်း နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း ယခုလှူဒါန်းထားသော အမှိုက်ပုံး ၂၅ လုံးကို ကမ်းခြေတစ်လျှောက်မှာ ချထား၍ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စောင့်ရှောက်သွားမှာဖြစ်ပြီး အမှိုက်များနှင့် စွန့်ပစ်ပစ္စည်း များပြားခြင်း၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း စသည်တို့ကြောင့် ခရီးသွားဝင်ရောက်မှု လျော့နည်း မှုမရှိစေရေး လက်ရှိကမ်းခြေသာယာလှပရေးအတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ဆောင်ရွက်လျက်ရှိရာ ကမ်းခြေမှာ ၈၀ ရာခိုင်နှုန်းခန့် ပြန်လည်သန့်ရှင်းလာပြီဖြစ်ကြောင်း ပြောကြားသည်။

ဇွန် ၂၃ ရက်တွင် ချောင်းသာမြို့၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ထွေ/အုပ်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဩစတြေးလျကျောင်းသားဟောင်းများအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဒေသခံများပူးပေါင်းပါဝင်၍ နံနက် ၇း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ချောင်းသာကမ်းခြေအမှတ် (၁)ရပ်ကွက်တွင် အမှိုက်ခြင်း၊ အမှိုက်ထည့်ရန် အိတ်များပေးအပ်ပြီး အမှိုက်စနစ်တကျ စွန့်ပစ်ရေး ပညာပေးအစီအစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

## ရေသွင်းနှမ်းစိုက်သူများ အထွက်ကောင်း၍ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီးရေနံချောင်မြို့နယ်တွင်းရှိ ကျေးရွာများတွင် ရေသွင်းနှမ်းကို စိုက်ကြရာ အထွက်ကောင်းသည့်အပြင် ဈေးကောင်းရနေကြောင်း တောင်သူများထံမှ သိရသည်။

“ကိုင်းမြေများမှာ အဝီစိတွင်းရေနဲ့ရေသွင်းစိုက်ကြတာပါ။ နှမ်းတွေ ရိတ်သိမ်းပြီးစီးပါပြီ။ နှမ်းဈေးကလည်းနှမ်းတစ်တင်း ကျပ် ၇၅၀၀၀ ဝန်းကျင်ရောင်းရသည့်အတွက် ယခင်ဆောင်းရာသီ မတ်လက နှမ်းတစ်တင်း ကျပ် ၆၅၀၀၀ သာရောင်းခဲ့ရလို့ အခုတော့ ဈေးကောင်းရနေတယ်”ဟု ဝက်လွတ်ကျေးရွာအုပ်စုမှ တောင်သူဦးအောင်ဌေးက ပြောသည်။

ရေနံချောင်းနယ်တွင် ရေသွင်းနှမ်းကို နှမ်းနက်အဓိကထားပြီး စိုက်ကြရာ တစ်ဧကလျှင် ၁၄ တင်းထွက်သောကြောင့် တွက်ခြေကိုက်ကြောင်း တောင်သူများထံမှ သိရသည်။ **ဆန်းညွန့်**

# ဒဂုံမြို့သစ်မြောက်ပိုင်း အထက (၁) ကျောင်းတွင် စားသုံးသူ ကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူပြည်သူနှင့် ကျောင်းသူ/ ကျောင်းသားများ၏ အကျိုးကိုရှေးရှု၍ ဇူလိုင်လပထမပတ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ အ-ထ-က(၁) ကျောင်းမှ ဆရာ/ ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများနှင့် မုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော ဈေးသူ/ ဈေးသားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဟောပြောပွဲဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒု- ကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းက ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းနှင့် ၎င်းဥပဒေသစ်တွင်ပါဝင်သည့် ဥပဒေအခန်း(၁၈)ပါ ကုန် အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များသည် ဤဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှစတင်ကာ အာဏာတည်စေခြင်း အကြောင်းအရာများအား အကျယ်တဝင့် ရှင်းလင်းပညာပေး ဆွေးနွေးခဲ့ပြီး ဒု-ကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်က ဆိုးဆေးများ၊ တာရှည်ခံဆေးများ၊ ယင်မနားဆေး၊ ပိုးသတ်ဆေး စသည်တို့၏ ဆိုးကျိုးများနှင့် သံသရာလည်ပုံ၊ အန္တရာယ်များအကြောင်း အသေးစိတ် ရှင်းလင်းပညာပေးဟောပြော ဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲအပြီးတွင် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချထားသောမုန့်များတွင် မိမိတို့ နားမလည်သော ဘာသာစကားဖြင့် ရေးသားထားသော မုန့်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှတားမြစ် ပိတ်ပင်ထားသော အစားအသောက်များရောင်းချနေခြင်း ရှိ/မရှိ ၊ ကျောင်းအုပ် ဆရာကြီး/ဆရာမများနှင့် အတူ ပူးပေါင်းစစ်ဆေးခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်မင်း(ရန်ကုန်)**

# စစ်ကိုင်းမြို့(ကိုမိုး)သောက်ရေသန့်အား FDA နှင့် ပူးပေါင်း၍ ရှောင်တခင်စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာထွန်းလင်းအောင်နှင့် အဖွဲ့၊ ခရိုင်ပြည်သူ့ကျန်းမာရေးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်း၍ ရွာထောင်တိုက်နယ်၊ ပန်းဘဲတန်းရပ်ရှိKM(ကိုမိုး) သောက်ရေသန့်လုပ်ငန်းသို့ ဇွန် ၂၄ ရက်တွင် ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

FDAဦးဆောင်သောအဖွဲ့အနေဖြင့် ယခုလိုလာရောက်စစ်ဆေးခြင်းသည် ရေသန့်လုပ်ငန်းအတွက် လိုအပ်သော FDAထောက်ခံချက်၊ စည်ပင်လုပ်ငန်းလိုင်စင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းလိုင်စင်များ ဆောင်ရွက်ထားခြင်းမရှိသည်ကို သိရှိရ၍ဖြစ်ကြောင်း FDA သို့ လျှောက်ထားသည့်အခါ သတ်မှတ်ပုံစံနှင့် ကိုက်ညီမှုရှိ/မရှိလာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း စက်ရုံနှင့် လူနေအိမ်ခွဲခြားထားရန် လိုအပ်ကြောင်း အဝီစိတွင်းနှင့်အိမ်သာပေ (၅၀) အကွာအဝေးတွင် ထားရမည်ဖြစ်ကြောင်း၊ ရေသန့်ဘူးများအား စင်အမြင့်နှင့်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံအား လိုအပ်သည့်ပြုပြင်မှုများ အမြန်ဆုံးပြင်ဆင်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး မုံရွာမြို့သို့ လာရောက်လျှောက်ထားရန် FDA ထောက်ခံချက်မရရှိမီကာလအတွင်း ရောင်းချခွင့် ယာယီရပ်ဆိုင်းထားရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးမှ ဆွေးနွေးပြောကြားပြီး အဖွဲ့စုံရှေ့မှောက်တွင်ပထမအကြိမ် ခေါ်ယူသတိပေးခြင်းကိုသိရှိကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးစေပြီး လိုင်စင်များ မပြည့်စုံလျှင် ဥပဒေအရ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခင်မြတ်မူ (စစ်ကိုင်း)**

# ရွှေဘိုခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၆ ရက်က ရွှေဘိုခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ရုံးခန်းတွင်ကျင်းပခဲ့ရာ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက စားသောက်ကုန်များမှာ ပညာပေးအဆင့်ကျော်လွန်ပြီးဖြစ်၍ သိမ်းဆည်းဖျက်ဆီးသင့်နေပြီဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်ကြားစာများရှိလာပါက တိုင်ကြားသူဘက်က ကျေနပ်အောင်ဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းမုန့်ဈေးတန်းများကို သွားရောက်စစ်ဆေးပါက အစားအသောက်များအပြင် ရောင်းချသူများ၏ သန့်ရှင်းသပ်ရပ်မှုရှိ/မရှိကိုပါ စစ်ဆေးသင့်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ငွေက ယခင် (၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ပြီးစီးမှုများကိုမှတ်တမ်းတင်အတည်ပြုခြင်း၊ စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းရန်နှင့် စားသုံးသူတိုင်ကြားမှု လက်ခံစာတိုက်ပုံးထားရှိရန် သက်ဆိုင်ရာ ဌာနများအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ခင်ဦးမြို့နယ်မှ တိုင်ကြားလာသော အောင်ရတနာ ကားဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ ခေါ်ယူတွေ့ဆုံပြီး ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာကြသော ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်၍ အကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**အေးသိင်္ဂီစိုး(ရွှေဘို)**

# ရွှေညောင်ပင်ရပ်ကွက်ဈေးတွင် လုံခြုံစိတ်ချရမှု မရှိသော ကုန်ပစ္စည်းများအား စစ်ဆေး

စားသောက်ကုန်များနှင့်ပတ်သက်၍ စားသုံးသူများ ဘေးကင်း လုံခြုံစိတ်ချရမှုရှိစေရန် မြစ်ကြီးနားခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးမှူးနှင့် အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ဈေး (ဝက်ကုန်းဈေး)တွင် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကုန်အညွှန်း အမှတ်အသားဖော်ပြရန် ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သံသယရှိသည့် စားသောက်ကုန် ၁၂ မျိုးကို နမူနာ ဝယ်ယူ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်ယာဉ်ဖြင့် ဓာတ်ခွဲစစ်ဆေးခြင်း၊ အသားငါး၊ ကြက်ဥ၊ ဘဲဥအရောင်းဆိုင်များနှင့်အသီးအရွက် အရောင်းဆိုင်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေး ပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**အိုက်ခမ်းတီ (ကချင်)**

# တောင်ငူတက္ကသိုလ်တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

စားသုံးသူရေးရာ ဦးစီးဌာန၊ တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်သည် ဇွန် ၂၁ ရက်က တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ‘မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ စားသုံးသူရေးရာနှင့် ကျန်းမာရေးဆိုင်ရာ အထွေထွေဗဟုသုတ သိကောင်းစရာများ ဟောပြောပွဲ’တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် တောင်ငူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု ၃၆၊ တောင်ငူမှ ရဲအုပ် ဇော်ညီညီလှိုင်က မူးယစ်ဆေးဝါးအန္တရာယ် သိကောင်းစရာများကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တောင်ငူမှ ရဲအုပ်မိုးနောင်က ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တောင်ငူမှ ရဲအုပ်စိုးလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး သိကောင်းစရာများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်က စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တောင်ငူမြို့နယ်ဆရာဝန်ကြီး ဒေါက်တာအိအိမင်းနောင်နှင့် တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သက်သက်ဦးတို့က ကျန်းမာရေးဆိုင်ရာ အထွေထွေဗဟုသုတ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

**စောသန်းထိုက်ကျော်**

# ရေစကြိုမြို့မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များအား ရွေ့လျား ဓာတ်ခွဲယာဉ်ဖြင့် စစ်ဆေး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့ မြို့မဈေးအတွင်း မကွေးတိုင်းဒေကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူး ဦးဆောင်ပြီး ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများမိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဈေးအတွင်းရှိ ကုန်စုံဆိုင်များအား ဇွန်မ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ မှုစ်၊ ပဲပင်ချဉ်၊ ခေါက်ဆွဲခြောက်ထုပ်၊ အသားတုအသေး၊ လက်ဖက်၊ ကွမ်းသီးစိတ်၊ ငါးပိချဉ်၊ မုန့်ဟင်းခါးခြောက်၊ ဆော့ချဉ်၊ ချင်းလက်ဖက်နှပ်၊ နို့ဆီ၊ အလှကုန်ပစ္စည်းများစသည့် နမူနာပစ္စည်းများဝယ်ယူ၍ ဓာတ်ခွဲစမ်းသပ်ခဲ့ရာ ဝမ်းစတားခေါက်ဆွဲခြောက်နှင့် အသားတုအသေးတို့တွင် တာရှည်ခံဆေးများ ပါရှိကြောင်းသိရသည်။ **စိုးမီး(ကြည်ကြည်စိုး) ပခုက္ကူ**

# ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ ရှင်းလင်းပို့ချ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဝန်ထမ်းများအနေဖြင့် စားသုံးသူကာကွယ်ရေး လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်မှ တာဝန်ရှိသူများက စားသုံးသူကာကွယ်ရေး ဥပဒေကိုပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အလှည့်ကျလိုက်လံရှင်းလင်း ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့်အဖွဲ့သည် ဇူလိုင် ၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး အစည်းဝေးခန်းမ၌ ဝန်ထမ်း ၂၇ ဦးတို့အား စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါပြဋ္ဌာန်းချက်များကို ရှင်းလင်း ပို့ချခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ စားသုံးသူကာကွယ် ရေးဥပဒေနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်နှင့် ဦးစီးအရာရှိ ဒေါ်ဟန်နီစိုးက ရှင်းလင်းပို့ချခဲ့ပြီး စားသုံးသူကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းချက်များကို အခန်းအလိုက်တစ်ခုချင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်းနှင့် စားသုံးသူ ကာကွယ်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသည့် ဝန်ထမ်းများ၏ သိရှိလိုသောမေးမြန်းမှုများကို ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်တို့က အကျယ်တဝင့် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**မိုင်သိဂီလင်း (စားသုံးသူ၊ ကယား)**



# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၌ မြို့ပေါ်ရှိစီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များရှင်းလင်း

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ(၁) တွင် မြို့ပေါ်ရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအား စားသုံးသူကာကွယ်ရေးဥပဒေအား သိရှိလိုက်နာရေး စီးပွားရေးကျင့်ဝတ်နှင့်အညီ ဥပဒေ ပြဋ္ဌာန်းချက်ပါကုန်အညွှန်းအမှတ်အသားကို မြန်မာလို ဖော်ပြနိုင်ရေးအသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၇ ရက်တွင် ကျင်းပရာ တိုင်းဦးစီးမှူး ဦးစိုးအောင်နှင့် ဌာနခွဲမှူးများ၊ အသေးစား စက်မှုလက်မှု လုပ်ငန်းလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးနှင့် မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်များ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာနတိုင်းဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပြဋ္ဌာန်းချက်ပါကုန်အညွှန်းအမှတ်အသားကို မြန်မာလိုဖော်ပြနိုင်ရေး ကုန်စည်ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများအကြောင်း ဥပမာပေး ရှင်းလင်း၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတိုင်း ဦးစီးမှူး ဦးစိုးနိုင်ထူးက အသေးစားစက်မှုလက်မှုလုပ်ငန်းဥပဒေအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းအတွင်းစစ်ဆေးရေးအရာရှိ ၂၉ ဦး ခန့်ထားပြီးဖြစ်ကြောင်း၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ပေးနေမှုအခြေအနေ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းပေးခြင်းဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများ မနစ်နာစေရေး ဥပမာပေး ရှင်းလင်းဆွေးနွေးကာ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက စီးပွားရေးလုပ်ငန်းရှင်များအား ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် စံချိန်စံညွှန်းနှင့် ပတ်သက်၍အသေးစိတ်ရှင်းလင်းပြီး တက်ရောက်လာသူများအား (၂၀၁၉) စားသုံး ကာကွယ်ရေးဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ၊ အသိပညာပေး စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စောမိုက်ကယ် (ပုသိမ်)**

# ဝက်လက်မြို့နယ်ရှိ မူလွန်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ပေါက်တောကျေးရွာရှိ မူလွန်ကျောင်း၌ဇူလိုင် ၃ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံဦးမျိုးအောင်သည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဖြင့် ပူးပေါင်း၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဈေးသည်များ စုစုပေါင်း ၂၃၀ တို့အား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့သည်။

ဟောပြောဆောင်ရွက်ရာတွင် မြို့နယ်တာဝန်ခံ ဦးမျိုးအောင်က ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ပေးရေးဥပဒေပါ စားသုံးသူအခွင့်အရေးများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးတင်ပြပြီး အဆိုပါကျောင်းသို့ စားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်းပေးခြင်း၊ စားသုံးသူများအရေးဆို တိုင်ကြားနိုင်ရေးနှင့် အကြံပြုစာများ ထည့်သွင်းအကြံပြုနိုင်ရေးအတွက် စားသုံးသူတိုင်ကြားမှု လက်ခံစာတိုက်ပုံး ထားရှိဆောင်ရွက်ခဲ့ပြီး ကျောင်းစားသုံးသူရေးရာအဖွဲ့ဖြင့် ပူးပေါင်း၍ ကျောင်းဝင်းအတွင်းရှိ မုန့်ဈေးတန်းအား ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် စိစစ်ပညာပေးဆောင်ရွက်ကာ ဟောပြောပွဲတက်ရောက်သူများအား စားသုံးသူရေးရာဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မျိုးအောင်**

# ကမ္ဘာအေးဂမုန်းပွင့်၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဇွန် ၂၇ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိကမ္ဘာအေး ဂမုန်းပွင့်ဈေးဝယ်စင်တာ၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များကို ဟောပြောခြင်း၊ မိမိတို့ဌာနအပါအဝင် ဌာနဆိုင်ရာများ သက်ဆိုင်ရာကဏ္ဍအလိုက်ပြည်သူ့အကျိုးအတွက် အသိပညာပေးခြင်း၊ ကွင်းဆင်း စစ်ဆေးခြင်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်ကြားစာလက်ခံရေးနှင့် အငြင်းပွားမှု ဖြေရှင်းရေးဆောင်ရွက်မှုများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ဂမုန်းပွင့်ဈေးဝယ်စင်တာမှ အုပ်ချုပ်သူများ၊ ကြီးကြပ်ရေးမှူးများနှင့် ဝန်ထမ်းစုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**West doca**

# ပြည် အ•ထ•က (၄) တွင် စားသုံးသူအသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေး

ပြည်ခရိုင်၊ ပြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့များ ပူးပေါင်း၍ အ. ထ. က(၄)ကျောင်း၌ဇူလိုင် ၂ရက်တွင်စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် ကျောင်းမုန့်ဈေးသည်များ အပါအဝင် ၂၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးအေးသိန်းကစားသုံးသူကာကွယ်ရေး ဥပဒေပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ၊ ဥပဒေတွင်ပြဋ္ဌာန်းထားသည့်စားသုံးသူများရရှိမည့်အခွင့်အရေးနှင့်လိုက်နာရမည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည်များ ဝယ်ယူအသုံးပြုရာတွင် သတိထားကြည့်ရှု ဝယ်ယူ အသုံးပြုရမည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များမှ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရန်နှင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်နောက်ပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်ဝန်ဆောင်မှုများ၏ အာမခံချက်နှင့် စပ်လျဉ်း၍ပျက်ကွက်ခဲ့ပါက စားသုံးသူများမှ တောင်းဆိုနိုင်သည့်အခွင့်အရေးများ၊ ဌာနတွင် သတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ထားရှိပြီး ကုန်စည်၊ ဝန်ဆောင်မှုများကြောင့် နစ်နာ ဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်း၊ အနာဂတ်တွင် ကျန်းမာပျော်ရွှင်စွာနေထိုင်သွားနိုင်ရေးအတွက် ဓာတုဆိုးဆေးအန္တရာယ်များအကြောင်း၊ တာရှည်ခံဖော်မလင် ဆေးသုံးစွဲထားသည့် အစားအစာများအကြောင်း ရှင်းလင်းဆွေးနွေး အသိပညာပေး ဆောင်ရွက်ခဲ့သည်။

ထို့နောက်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့တို့သည် အနာဂတ်တိုင်းပြည်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အနာဂတ်ရဲ့ မျိုးဆက်သစ်ကျောင်းသား/သူလေးများ အာဟာရဖြစ်စေရန် သန့်ရှင်းလတ်ဆက်သော အစားအစာများကိုသာ ဈေးသည်များအနေဖြင့် ရောင်းချကြရန်လိုအပ်ကြောင်း၊ သက်တမ်းလွန်မုန့်များ၊ တားမြစ်ထားသည့်စားသုံးရန်မသင့်သောအစားအစာများ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်မရှိသော မုန့်များရောင်းချမှုမရှိစေရေးအတွက် ဈေးသည်များသို့ အသိပညာပေးဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **ဝင်းလှဲ့ဝါ(ပြည်)**

# ဝမ်းတွင်းမြို့ မဈေးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာ၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးက စားသုံးသူပြည်သူများ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းသော အစားအသောက်ပစ္စည်းများ သုံးစွဲနိုင်စေရန် ရည်ရွယ်၍ မိမိတို့ခရိုင်အတွင်းမြို့နယ်များရှိ စည်ပင်ဈေးများသို့ တစ်လတစ်ခါအလှည့်ကျ စစ်ဆေးပေးလျက်ရှိရာ ဇူလိုင် ၂ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနများဖြစ်သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဈေးကော်မတီတို့ပူးပေါင်း၍ ဝမ်းတွင်းမြို့နယ် စည်ပင်ဈေးသို့ သွားရောက်စစ်ဆေးခဲ့သည်။

ဈေးကွက်အတွင်း စည်းကမ်းပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသော အိမ်သုံးပစ္စည်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်းရောင်းချခြင်း မရှိစေရေး စစ်ဆေးခဲ့သည်။ ဝမ်းတွင်းမြို့နယ်တာဝန်ခံ ဒေါ်ခင်စန်းမြင့်က ဈေးအတွင်းရှိ လုပ်ငန်းရှင်များအား စားသုံးသူ ကာကွယ်ရေးဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များနှင့် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်တံဆိပ်ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ လက်ဖက်၊ ငါးပိ၊ အရောင်တင်မှုန့်နှင့် ငရုတ်ဆော့၊ အချိုရည်၊ ဆိုးဆေးပါဝင်မှုများသည့် မုန့်မျိုးစုံစသည့် ကုန်ပစ္စည်းများအား ဈေးကွက်နမူနာ ကောက်ယူ ကာ ကုန်စုံဆိုင် ၁၆ ဆိုင်အား စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**သိမ့်သူဇာမောင် (ထီလာ)**




# မန်စီးတီးအသင်း ရိုဒရီကို ပေါင် ၆၃ သန်းဖြင့် ခေါ်ယူ

မန်စီးတီးအသင်းသည် အက်သလက်တီကိုအသင်းမှ စပိန်လက်ရွေးစင် ကွင်းလယ်ကစားသမား ရိုဒရီကို ပေါင် ၆၃ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ အသက်(၂၃)နှစ်ရှိ ရိုဒရီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်သလက်တီကိုအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သူ ဖြစ်သည်။ မန်စီးတီးအသင်းသည် ၎င်းကစားသမားနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းလည်း ဖြစ်သည်။

'နည်းပြ ဂွါဒီယိုလာရဲ့ လက်အောက်မှာ အသင်းသစ်နဲ့ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပဲ ဖြစ်နေပါပြီ။ မန်စီးတီးအသင်းက ပရီးမီးယားလိဂ်ရဲ့ ထိပ်တန်းအသင်းကြီး တစ်သင်းဖြစ်သလို နည်းပြ ဂွါဒီယိုလာကလည်း ကမ္ဘာ့အကောင်းဆုံး နည်းပြတစ်ဦးပါ။ ဒါကြောင့် ဒီအသင်းမှာ ဒီလိုနည်းပြမျိုးရဲ့လက်အောက်မှာ ကစားခွင့်ရတာက ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါ။ ရာသီသစ်အတွက် ကျွန်တော် အဆင်သင့် ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ အင်္ဂလန်ကစားဟန်နဲ့ အဆင်ပြေနိုင်ပါ့မလားဆိုတာကိုတော့ စိုးရိမ်မိပါတယ်'ဟု ရိုဒရီက ပြောသည်။

ရိုဒရီသည် ဗီလာရီးရဲလ်အသင်းတွင် သုံးရာသီကစားခဲ့ပြီး အက်သလက်တီကိုအသင်းတွင် တစ်ရာသီသာကစားခဲ့သည်။ ၎င်းကစားသမားသည် ၂၀၁၈ ခုနှစ်တွင် စပိန်လက်ရွေးစင် အသင်းကြီး၌ ရွေးချယ်ခြင်းခံခဲ့ရပြီး မန်စီးတီးအသင်းက မခေါ်ယူမီ ဥရောပအသင်းကြီးတချို့၏ စိတ်ဝင်စားခြင်းကိုလည်း ခံခဲ့ရသူဖြစ်သည်။

ကွင်းလယ်ပိုင်းတွင် တိုက်စစ်ကိုသာမကဘဲ ခံစစ်ပိုင်းကိုပါ လိုက်ပါ အားဖြည့်ကစားနိုင်စွမ်း ရှိနေသည့် ရိုဒရီသည် မန်စီးတီးအသင်းတွင် ကျောနံပါတ်(၁၆) ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်သည်။

# လမ်းပတ်ကို ချယ်လ်ဆီး ပရိသတ်များ ဝမ်းမြောက်ဝမ်းသာ ကြိုဆို



အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ၎င်းတို့အသင်း၏ ကစားသမားဟောင်း လမ်းပတ်ကို နည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် လမ်းပတ်ကို တစ်နှစ် လစာ ပေါင် လေးသန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူစာချုပ်လိုက်ခြင်းဖြစ်သည်။

လမ်းပတ်သည် ဒါဘီအသင်းကို ကိုင်တွယ်နေသူ ဖြစ်ခြင်းကြောင့် ချယ်လ်ဆီးအသင်းသည် ၎င်းကိုခေါ်ယူရာတွင် ဒါဘီအသင်းကို နစ်နာကြေး ပေါင်လေးသန်း ပေးခဲ့ရခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းတွင် တစ်နှစ်လစာ ပေါင်လေးသန်းရရှိမည့် လမ်းပတ်သည် ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ပါက အပိုဆုကြေးအဖြစ် နောက်ထပ် ပေါင်တစ်သန်း တပ်မံ ရရှိဦးမည်ဖြစ်သည်။



အသက်(၄၁)နှစ်ရှိ လမ်းပတ်သည် ချယ်လ်ဆီးအသင်းတွင် ကာလရှည်ကြာစွာကစားခဲ့ပြီး ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ထွက်ခွာပြီး မန်စီးတီးအသင်းတွင်ကစားခဲ့သည်။ ထို့နောက်တွင် လမ်းပတ်သည် နယူးယောက်စီးတီးအသင်းတွင် တစ်ရာသီ ကစားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။ အင်္ဂလန်လက်ရွေးစင် ကစားသမားဟောင်း လမ်းပတ်သည် နည်းပြဘဝကို ၂၀၁၈ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပြီး ဒါဘီအသင်းကို ကိုင်တွယ်ခဲ့ရာမှ အသင်းဟောင်း ချယ်လ်ဆီးအသင်းကို နည်းပြဘဝဖြင့် ပြန်လည်ခြေချခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ချယ်လ်ဆီးအသင်းကို နည်းပြဘဝဖြင့် ပြန်ရောက်ရှိလာသည့် ကစားသမားဟောင်း လမ်းပတ်ကို အသင်းပရိသတ်များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ လမ်းပတ်က 'ကျွန်တော် ကံကောင်းခဲ့တာပါ။ အသင်းဟောင်း ချယ်လ်ဆီးကို နည်းပြခွင့်ရတဲ့အတွက် အသင်းကတာဝန်ရှိသူတွေကို ကျေးဇူးတင်ရပါတယ်။ ကျွန်တော့်ကို ယုံကြည်ပေးတဲ့ အသင်းပိုင်ရှင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော် ချယ်လ်ဆီးအသင်းကို အောင်မြင်မှုတွေ ရယူပေးသွားနိုင်အောင် ကြိုးစားသွားမှာပါ။ အသင်းမှာရှိတဲ့ ကစားသမားတွေနဲ့ အသင်းပရိသတ်တွေက ကျွန်တော့်ကို ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုတယ်ဆိုတာကိုသိရတော့ ကျွန်တော် အတိုင်းမသိ ဝမ်းသာရပါတယ်'ဟု ချယ်လ်ဆီးအသင်းနှင့် စာချုပ်ချုပ်ဆိုမှုအပြီးတွင် ပြောဆိုခဲ့သည်။

ဟန်နေသစ် စုစည်းသည်

# ဂိုးသမား ဘတ်ဖွန် ဂျူဗင်တပ်ကို တစ်ကျော့ပြန်ရောက်ရှိ

အသက်(၄၁)နှစ် ရှိပြီဖြစ်သည့် အီတလီလက်ရွေးစင် ဂိုးသမားဟောင်း ဘတ်ဖွန်သည် ပီအက်စ်ဂျီအသင်းမှ အသင်းဟောင်း ဂျူဗင်တပ်အသင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ဂိုးသမား ဘတ်ဖွန်ကိုတစ်နှစ်စာချုပ်ဖြင့် ပြန်လည်ခေါ်ယူခဲ့ခြင်းလည်းဖြစ်သည်။ ဘတ်ဖွန်သည် ပြီးခဲ့သည့်ရာသီက ပီအက်စ်ဂျီ အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၇ ပွဲ ပါဝင်ခွင့် ရရှိခဲ့သည်။ ဘတ်ဖွန်သည် ၂၀၀၁ ခုနှစ်က ပါးမားအသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဂျူဗင်တပ်အသင်းတွင် ကာလရှည် ကစားခဲ့သူဖြစ်သည်။




ဘတ်ဖွန်သည် ပီအက်စ်ဂျီအသင်းသို့ မပြောင်းရွှေ့မီ ဂျူဗင်တပ်အသင်းတွင် ၅၀၉ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး အသင်းနှင့်အတူ ဆုဖလားပေါင်း များစွာကိုလည်း ရယူပေးခဲ့သူ ဖြစ်သည်။ ယခုအချိန်တွင် ဘတ်ဖွန်သည် အသင်းဟောင်း ဂျူဗင်တပ်အသင်းသို့ တစ်ကျော့ပြန် ရောက်ရှိလာခဲ့သော်လည်း ယခင်ကာလများကကဲ့သို့အသင်းတွင် ပထမဂိုးသမားနေရာကို ရရှိနိုင်တော့မည် မဟုတ်ပေ။ လက်ရှိအချိန် ဂျူဗင်တပ်အသင်း၌ ဂိုးသမားနေရာတွင် ဘတ်ဖွန်အပါအဝင် ဆက်ဇီနီ၊ ပင်ဆိုဂလီယိုနှင့် ပီရင်တို့ ရှိနေသည်။ ထို့ကြောင့် ဘတ်ဖွန်မှာ ဂျူဗင်တပ်အသင်းတွင် ဆက်ဇီနီ၏နောက်မှ ဒုတိယဂိုးသမားအဖြစ်ဖြင့်သာ ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

# အယိုဇိုပီရက်ဇ်ကို လက်စတာအသင်း ခေါ်ယူ




အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် လက်စတာအသင်းသည် နယူးကာဆယ်အသင်းမှ တိုက်စစ်မှူး အယိုဇိုပီရက်ဇ်ကို ပေါင်သန်း ၃၀ ဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၅)နှစ်ရှိ စပိန်နိုင်ငံသား အယိုဇိုပီရက်ဇ်သည် နယူးကာဆယ်အသင်းတွင် ငါးနှစ်တာ ကစားခဲ့ပြီး ၁၇၉ ပွဲတွင် ၄၂ ဂိုးသွင်းပေးထားသည်။

'လက်စတာ အသင်းကို ပြောင်းရွှေ့ကစားခွင့်ရတာကို ကျွန်တော် အရမ်းပျော်ရွှင် ကျေနပ်ရပါတယ်။ လက်စတာအသင်းရဲ့ မိသားစုဝင် တစ်ယောက်ဖြစ်ရတာကို ဂုဏ်ယူပါတယ်။ လက်စတာအသင်းမှာ ပထမဦးစားပေး ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိဖို့ကို ကျွန်တော် အစွမ်းကုန်ကြိုးပမ်းသွားမှာပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု အပြည့်အဝရှိနေတာကြောင့် အသင်းအတွက် အကောင်းဆုံး ပေးဆပ်နိုင်မယ်လို့ ထင်ပါတယ်'ဟု LCFC TV နှင့် အင်တာဗျူးတွင် အယိုဇိုပီရက်ဇ်က ဖြေကြားခဲ့သည်။

ထို့အပြင် လက်စတာအသင်း နည်းပြရော့ဒ်ဂျာက' အယိုဇိုမှာ ထူးခြားတဲ့ အစွမ်းတွေ ရှိနေပါတယ်။ သူက လျင်မြန်တယ်။ ဂိုးသွင်းသေချာတယ်။ တစ်ဖက် နောက်တန်းတွေ ထိန်းချုပ်ရခက်တဲ့ တိုက်စစ်မှူးတွေထဲမှာ အယိုဇိုလည်းပါဝင်ပါတယ်။ အယိုဇိုဟာ အသင်းအတွက် အားကိုးအားထားပြုလို့ရမယ့် ကစားသမားတစ်ဦးဖြစ်လာမယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်'ဟု ပြောခဲ့သည်။

စာမျက်နှာ (၈) မြန်မာ့ဝဥ စိုက်ပျိုးထုတ်လုပ်မှု . . . မှအဆက်

## ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် အလားအလာကောင်းများ

မြန်မာနိုင်ငံမှထွက်ရှိသည့် ဝဥများကို ၁၉၇၂ ခုနှစ်မှစတင်၍ ပြည်ပနိုင်ငံများက စိတ်ဝင်စားခဲ့ပြီး ဂျပန်နိုင်ငံမှ ဝဥစိုက်ပျိုးရေးပညာရှင်များက မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာဝဥများကို စစ်ဆေးကြည့်ရှုခဲ့ရာ မြန်မာနိုင်ငံမှ ဝဥသည် အင်ဒိုနီးရှားနိုင်ငံမှ Dry Chip ပြုလုပ်၍ ၎င်းတို့ဝယ်ယူသော ဝဥများထက် အရည်အသွေးကောင်းမွန်ကြောင်း သိရှိခဲ့သည့်အတွက် ဂျပန်နိုင်ငံက ယနေ့တိုင် မြန်မာနိုင်ငံထွက် ဝဥများကို ဝယ်ယူနေကြောင်း သိရှိရသည်။ မြန်မာနိုင်ငံထွက် ဝဥများကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က အဓိကဝယ်ယူနေပြီး တရုတ်နိုင်ငံသို့တင်ပို့သည့် ဝဥများကို မန္တလေးဈေးကွက်သို့လည်းကောင်း၊ ဂျပန်သို့ တင်ပို့မည့်ဝဥများကို ရန်ကုန်ဈေးကွက်သို့လည်းကောင်း တင်ပို့ရောင်းချရကြောင်း သိရှိရသည်။ ဝဥတွင် ကျန်းမာရေးကောင်းကျိုးများနှင့် အသုံးချမှုအများအပြား ရှိသော်လည်း မြန်မာနိုင်ငံ၌ သုံးစွဲမှုမများသေးသည်ကို တွေ့ရှိရသည်။ ပြည်ပတင်ပို့မှုတွင် တရုတ်သို့ ၈၅ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံသို့ ၁၅ ရာခိုင်နှုန်း အသီးသီး တင်ပို့လျက်ရှိသည်။

### ဝဥ (အစို)၊ ဝဥ (အခြောက်) နှင့် ဝဥ (အမှုန့်) များ ပြည်ပတင်ပို့မှုအခြေအနေ

ရေတွက်ပုံ- အမေရိကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ဝဥ (အစို) | | ဝဥ (အခြောက်) | | ဝဥ (အမှုန့်) | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၃-၂၀၁၄ | – | – | ၅၅၈၄.၇၄၅ | ၉.၉၄၄ | ၃၉ | ၀.၀၆၇ | ၅၆၂၃.၇၅ | ၁၀.၀၁၁ |
| ၂ | ၂၀၁၄-၂၀၁၅ | ၄၂.၁ | ၀.၀၁၅ | ၄၂၁၄.၈၅ | ၇.၈၁၃ | ၂၂၉ | ၀.၄၁၄ | ၄၄၈၆.၃၅ | ၈.၂၄၂ |
| ၃ | ၂၀၁၅-၂၀၁၆ | | | ၁၉၀၆.၅၀၅ | ၃.၄၉၈ | ၂၆၁.၀၂ | ၀.၅၁၅ | ၂၁၆၇.၅၃ | ၄.၀၁၃ |
| ၄ | ၂၀၁၆-၂၀၁၇ | ၁၇၃.၀၃ | ၀.၀၄၃ | ၁၄၃၃.၃၀ | ၂.၆၀၆ | ၁၇၈ | ၀.၄၃၂ | ၁၇၈၄.၃၃ | ၃.၀၈၁ |
| ၅ | ၂၀၁၇-၂၀၁၈ | ၁၉၆ | ၀.၀၄၈ | ၁၀၀၁.၃၈ | ၁.၆၉၅ | ၁၃၆၁.၂၅ | ၂.၁၃၅ | ၂၅၅၈.၆၃ | ၃.၈၇၈ |
| ၆ | ၂၀၁၈ (mini Budget) | – | – | ၁၁၀.၃၀ | ၀.၂၀၄ | – | – | ၁၁၀.၃၀ | ၀.၂၀၄ |
| ၇ | ၂၀၁၈-၂၀၁၉ (၇.၆.၂၀၁၉) ထိ | – | – | ၁၂၄၀.၀၅ | ၂.၂၀၈ | – | – | ၁၂၄၀.၀၅ | ၂.၂၀၈ |

ချင်းပြည်နယ်ထွက်ဝဥသည် အခြားဒေသတွင်ထွက်သောဝဥထက် အရည်အသွေး၊ အရသာ ပိုမိုကောင်းမွန်ကြောင်းသိရှိရသည်။ ဝဥများကို မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ တင်ပို့ရောင်းချကြသည့်အပြင် အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့မှ ဝယ်ယူလျက်ရှိသော ဝဥအခြောက်မှုန့်ကို မင်းတပ်မြို့နယ်အတွင်း ကျေးရွာများမှ ကုန်ကြမ်းဝယ်ယူ၍ အမှုန့်ပြုလုပ်တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော ဝဥအမျိုးအစားမှာသုံးမျိုးရှိပြီး အနီ၊ အဝါနှင့် အဖြူရောင်တို့ဖြစ်ကာ အနီရောင်မှာ ပထမတန်းစား၊ အဝါရောင်မှာ ဒုတိယတန်းစားနှင့် အဖြူရောင်မှာ တတိယတန်းစားတို့ဖြစ်ကြောင်း သိရသည်။ ချင်းပြည်နယ်ဒေသတွင်းတွင် ယခင်နှစ်များ၌ ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ကျပ် ၁၀၀၀ သာရရှိကြပြီး ယခုနှစ်တစ်ရာသီလုံး အစိုတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ နှင့် ဝဥအခြောက်တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ကျပ် ၁၂၀၀၀ ရရှိကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံအနေဖြင့် အရည်အသွေးပိုင်းတွင် သေချာစစ်ဆေးပြီး တရုတ်နိုင်ငံထက် ဈေးပိုပေးကြောင်း သိရှိရသည်။ သို့သော် ချင်းပြည်နယ်မှ ဝဥစိုက်တောင်သူများသည် မိရိုးဖလာအတိုင်း သိုလှောင်သိမ်းဆည်းထားသဖြင့် အရည်အသွေးပိုင်းတွင် အားနည်းမှုများဖြစ်ပေါ်ကာ လိုသလောက်မရောင်းချနိုင်ကြောင်းလည်း သိရှိရသည်။ ထို့ကြောင့် အခြောက်ခံသိုလှောင်မှုအား စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် ဝဥအခြောက်ခံပြုပြင်ထုတ်လုပ်သည့် စက်ရုံကို တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါစက်ရုံအား အောက်တိုဘာလမှ မတ်လအထိ ခြောက်လကြာ လည်ပတ်မည်ဖြစ်ပြီး ဝဥတန်ချိန် ၅၀၀ ကျော် အခြောက်ခံနိုင်မည်ဖြစ်သည်။ ဝဥအခြောက်ခံစက်အနေဖြင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် အခြောက်ခံစက်တစ်လုံး၊ ကန်ပက်လက်မြို့နယ်တွင် ဂျာမနီနှင့် တရုတ်နိုင်ငံထုတ် အခြောက်ခံစက်နှစ်လုံး အသီးသီးဆောက်လုပ်၍ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရည်အသွေးပိုင်းကို စနစ်တကျပြုလုပ်၍ ထုတ်လုပ်မှသာလျှင် ရေရှည်ဈေးကွက် ခိုင်မာနိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် ဝဥတင်ပို့မှုအတွက် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့အား မက်ထရစ်တန် ၂၄၀ အထိ အခွန်ကင်းလွတ်ခွင့်ပေးထားပြီး ခွင့်ပြုတန်ချိန်ခွဲတမ်းကျော်သွားပါက တစ်တန်လျှင် ၂၉ ဒေါ်လာအခွန်ကောက်ကြောင်း သိရှိရသည်။ အဆိုပါ လေးနိုင်ငံတွင် မြန်မာနိုင်ငံက ဝဥအထွက်နှုန်းများခြင်းကြောင့် ဈေးကွက်တိုးချဲ့ရန်အလားအလာကောင်းများ ပိုင်ဆိုင်လျက်ရှိနေသည်။

## ဝဥစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းမှ ခိုင်မာသောဈေးကွက်အဖြစ် ဖော်ဆောင်နိုင်စေဖို့ .....

ချင်းပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၉ ရက်၌ အာရုံဦးဝဥစိုက်ပျိုး ထုတ်လုပ်ရေးအစုအဖွဲ့ကို အသင်းသား ၁၅၀ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝဥတုံပြုလုပ်နည်းသင်တန်းကို ဟားခါးမြို့တွင်သင်တန်းသား ၅၀ ဖြင့် တစ်ကြိမ်၊ မင်းတပ်မြို့တွင် သင်တန်းသား ၇၀ ဦးဖြင့် တစ်ကြိမ် စုစုပါင်း နှစ်ကြိမ် သင်တန်းပို့ချပေးပြီးဖြစ်သည်။ ထိုသို့ ဝဥစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ကောင်းမွန်ရန်အတွက် အသင်းအဖွဲ့၊ အစုအဖွဲ့များဖြင့် စုပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပို့ကုန်အလားအလာရှိသော ဝဥ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်လာစေရန်အတွက် ဝဥစိုက်ပျိုး ထုတ်လုပ်မှုနည်းပညာများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ သွင်းအားစုများ၊ စိုက်ဧကတိုးချဲ့နိုင်ရေးဆောင်ရွက်ပေးမည့် အစီအစဉ်များ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းမြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ အကူအညီပေးမှုများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဝဥကိုလက်ရှိအခြေအနေတွင် ဝဥခြောက်ကုန်ကြမ်းအဖြစ်သာ တင်ပို့နိုင်ပြီး အမှုန့်ကြိတ်ခြင်း၊ အဆင့်ခွဲခြားခြင်းတို့ကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။ နည်းပညာအားနည်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ဧကတိုးချဲ့နိုင်မှု အခက်အခဲများကြောင့် အလားအလာကောင်းသော သီးနှံထုတ်လုပ်မှုဖြစ်သော်လည်း ပို့ကုန်မြှင့်တင်နိုင်မှုအနေဖြင့် အားနည်းနေသေးကြောင်း သုံးသပ်ရရှိပါသည်။

ပြည်တွင်းဈေးကွက်ခိုင်မာစေရန် ပြည်တွင်းစားသုံးမှုများပြားလာအောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ပြည်တွင်းစားသုံးမှုများလာခြင်းသည် စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ်ပင်ဖြစ်ရာ စားသုံးမှုများလာအောင် ဆောင်ရွက်ကြရပေမည်။ ဝဥမှုန့်၊ ဝဥတုံ၊ အသားတု၊ yam ship၊ ဆေးဝါး စသည်တို့ကို ထုတ်လုပ်၍ ပြည်တွင်းဈေးကွက် ဖန်တီးရမည်ဖြစ်သည်။ ထို့ပြင် အခြားသော လူသုံးကုန်ပစ္စည်းများ၊ အလှကုန်များ စသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သည်အထိ ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

ဂျပန်နှင့် တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းသော ဝဥ(ခေါ်)ဖျံဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် အစီအစဉ်များချမှတ်ကာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးလာရေးတို့အတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လက်အောက်ရှိ စားသုံးသူရေးရာ Website တွင် ထုတ်ပြန်ပေးရန် စီစဉ်ခြင်း၊ ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သီးနှံအလိုက်အသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဇုန်များ တိုးချဲ့ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ချင်းပြည်နယ်တွင် အာရုံဦးဝဥစိုက်ပျိုးထုတ်လုပ်ရေးအစုအဖွဲ့နှင့် ချိတ်ဆက်ခြင်း၊ ပြည်တွင်းကုန်သွယ်မှု တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ စွန့်ဦးတီထွင် ဆောင်ရွက်လိုသူများကို တိုးချဲ့စည်းရုံးဖွဲ့စည်းပြီး (Private Public Partership)ကို အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ Contract Farming စနစ်များ ဖြစ်ထွန်းအောင်မြင်လာစေရေး စည်းရုံးဆောင်ရွက်ခြင်း၊ ဈေးကွက်ဈေးနှုန်း ပိုမိုရရှိရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) လုပ်ငန်းများ ဆောင်ရွက် နိုင်ရေး အားပေးမြှင့်တင်ခြင်း၊ အသေးစား၊ အလတ်စား (SMEs) စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်လာရေး/အရင်းနှီးရရှိရေး ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အလားအလာ ကောင်းများရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကဏ္ဍအရပ်ရပ်ရှိ အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာ စေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ သင်တန်းပို့ချမှုများကို သက်ဆိုင်ရာဌာနအဖွဲ့ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရမည်ဖြစ်ပါသည်။

## ဈေးကွက်ပိုင်ဆိုင် လာနိုင်မည်

အရည်အသွေးမြှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရန် စက်ကိရိယာအသုံးပြု၍ ဝဥရေဆေးခြင်း၊ အခွံခွာခြင်း၊ အပါးလွှာခြင်း၊ အခြောက်ခံခြင်းများ ဆောင်ရွက်နေပြီဖြစ်သော်လည်း အမှုန့်ကြိတ်ခြင်း၊ အဆင့်ခွဲခြားခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များ၊ ဌာနဆိုင်ရာများ၊ တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းရှင်များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းစသည်တို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပို့ကုန်မြှင့်တင်ရေး အလားအလာကောင်းသော ဈေးကွက်အကြိုက် အရည်အသွေးမီထုတ်ကုန်များ၊ စိုက်ပျိုးသီးနှံထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်သက်ဆိုင်သူများအားလုံးက စုပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် ကမ္ဘာ့ဝဥဈေးကွက်တွင် မြန်မာနိုင်ငံထွက် ဝဥများ နေရာရကာ ဈေးကွက်ပိုင်ဆိုင်လာနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

စာမျက်နှာ (၂၀) မိမိကုန်စည်များကို ကိုယ်ပိုင်အမှတ်တံဆိပ် . . . မှအဆက်

အပြစ်ပေးအရေးယူခြင်းထက်နှစ်ဦးနှစ်ဖက်နစ်နာ ဆုံးရှုံးမှုမရှိစေရန် ဦးတည်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမည့် ကုန်စည်ဝန်ဆောင်မှုများနှင့်ပတ်သက်၍နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းထားသည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေရှိနေပါပြီ။ လာရောက်မှတ်ပုံတင်ခြင်းဖြင့် ဥပဒေမှပေးအပ်မည့် အကာအကွယ်၊ ရရှိမည့်မိမိကုန်အမှတ်တံဆိပ်များကို အခြားသူများက တုပအသုံးပြုမှုကို တားဆီးပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပေးခြင်းစသည့် အခွင့်အရေးများကို ရယူကာ မိမိလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်သို့ ကိုယ် ပိုင်အမှတ်တံဆိပ်ဖြင့် ထိုးဖောက်နိုင်ရေး၊ အလုပ်အကိုင်များဖန်တီးပေးနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖန်တီး ပေးနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်ကြပါရန် စေတနာထားတိုက်တွန်းအပ်သည်။

# ကန့်သတ်ထားသော အမျိုးအစားအသစ်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖွင့်လှစ်ပေးလာသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် အခွင့်အလမ်း ပိုမိုဖွင့်ပေးပြီး အစုရှယ်ယာ အများစု ထိန်းချုပ်ခွင့် သို့မဟုတ် ပိုမိုများပြားသော ကဏ္ဍများတွင် အပြည့်အဝလုပ်ငန်း ပိုင်ဆိုင်မှုရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုပေးသည့် ပြန်လည်သုံးသပ်ထားသော ကန့်သတ်ရင်းနှီးမြှုပ်နှံမှုစာရင်းကို ဇွန် ၃၀ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့၏ အတည်ပြုချက်ဖြင့် အမျိုးသားအဆင့် ဖွံ့ဖြိုးမှုနှင့် ပြုပြင် ပြောင်းလဲရေးကော်မရှင် (NDRC)နှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ၂၀၁၉ ခုနှစ်၏ ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှုစာရင်းကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

၎င်းစာရင်းတွင် အခွင့်အလမ်း ရရှိမှုကို ကန့်သတ်ထားသော စီမံဆောင်ရွက်မှု အနည်းငယ်ပါဝင်ပြီး၊ စမ်းသပ်ဆောင်ရွက်နေဆဲဖြစ်သည့် လွတ်လပ်သောကုန်သွယ်ရေးဇုန်များ (FTZ) အတွက် စာရင်းတစ်ရပ်နှင့် နိုင်ငံ၏ ကျန်နေရာများအတွက် စာရင်းတစ်ရပ် ပါဝင်ပါသည်။ စမ်းသပ်ဆောင်ရွက်နေဆဲဖြစ်သည့် FTZ များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စာရင်းတွင် ပါဝင်ထားသော အမျိုးအစား ၃၇ ခု ရှိပြီး FTZ မဟုတ်သော နယ်ပယ်များတွင် အမျိုးအစား ၄၈ ခုရှိကာ၊ အမျိုးအစား ၄၀ ကိုသာ အကောင်အထည်ဖော်ရန် လိုအပ်တော့သည်။

၎င်းစာရင်းများမှာ ဇူလိုင် ၃၀ ရက်တွင် အသက်ဝင်လာမည်ဖြစ်ပြီး ကန့်သတ်ထားသည့် စာရင်းတွင်ပါဝင်ခြင်းမရှိသည့် ဈေးကွက် အခွင့်အလမ်း ကန့်သတ်မှုများကို ယခုနှစ်မကုန်မီ အပြည့်အဝ ဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း NDRC မှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

၎င်းကန့်သတ်စာရင်းသစ်တွင် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံ၊ ယဉ်ကျေးမှုနှင့် တန်ဖိုးမြင့် ဆက်သွယ်ရေးစသည့် ဝန်ဆောင်မှုကဏ္ဍများ၌ တရုတ်နိုင်ငံက ပိုမိုကျယ်ပြန့်စွာ တံခါးဖွင့်ပေးထားမှုကို မြင်တွေ့ရမည်ဖြစ်သည်။

ပြည်တွင်းသင်္ဘောပို့ဆောင်ရေး အေဂျင်စီများကို တရုတ်ဘက်က ထိန်းချုပ်ရသည့် ကန့်သတ်မှု၊ လူဦးရေ ငါးသိန်းအထက်ရှိသည့် မြို့တော်များတွင် ဓာတ်ငွေ့နှင့် အပူပေးပိုက်လိုင်းများကို တရုတ်ဘက်က ထိန်းချုပ်ရသည့် ကန့်သတ်မှု၊ ရုပ်ရှင်နှင့် ဖျော်ဖြေရေး အနုပညာ ပွဲစားအဖွဲ့အစည်းများကို တရုတ်ဘက်မှ ထိန်းချုပ်ရသည့် ကန့်သတ်မှုနှင့် ပြည်တွင်းကုမ္ပဏီပေါင်းများစွာ ပါဝင်သည့် ဆက်သွယ်ရေး၊ သိမ်းဆည်းခြင်းနှင့် တခြားသူကိုဖြန့်ဝေခြင်းနှင့် ဖြေကြားပေးသည့်ဝန်ဆောင်မှုတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ထားခြင်းတို့ကို ဖြေလျှော့ပယ်ရှားပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်း များတွင် ဈေးကွက်ဝင်ရောက်မှုကို ဖြေလျှော့ပေးသွားမည်ဖြစ်သည်။

တောရိုင်းရင်းမြစ်များ တူးဖော်ရှာဖွေရေးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတားမြစ်ထားခြင်းကို ဖျက်သိမ်းပေးမည်ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်ရေးတွင် တရုတ်ကုမ္ပဏီများနှင့် အစုရှယ်ယာဖက်စပ်ဆောင်ရွက်မှု သို့မဟုတ် အစုရှယ်ယာပုံစံ မဟုတ်သည့် ဖက်စပ်လုပ်ငန်းများတွင် ကန့်သတ်ထားရှိမှုများကို ဖျက်သိမ်းသွားမည်ဖြစ်ကာ သတ္တုတူးဖော်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် တားမြစ်ထားမှုတို့ကို ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

စက်မှုကုန် ထုတ်လုပ်မှုကဏ္ဍ၌ ရွှန်းချိန်ဒေသထွက် အကောင်းစားစက္ကူစာရွက်နှင့် မင်ချောင်းထုတ်လုပ်ရေးတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု တားမြစ်ထားမှုကို ပယ်ရှားပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံအနှံ့ တံခါးဖွင့်ပေးသည့် စီမံဆောင်ရွက်မှုအပေါ် အခြေခံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ၂၀၁၉ ခုနှစ် စမ်းသပ် FTZ ကန့်သတ်စာရင်းတွင် အလှမွေးရေထွက်ပစ္စည်းများ ဖမ်းယူခြင်းနှင့် ထုတ်ဝေမှုများ ပုံနှိပ်ခြင်းစသည်တို့အပေါ် ကန့်သတ်ထားရှိမှုများကို ပယ်ရှားပေးခဲ့ပြီးဖြစ်သည်။

ယခု ပြန်လည်သုံးသပ်၍ ထုတ်ပြန်လိုက်သော ကန့်သတ်လုပ်ငန်းများ၏ အမျိုးအစားမှာ တရုတ်နိုင်ငံ၏ စက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်နှင့် တည်ဆောက်မှုပုံစံဆိုင်ရာ အမြင့်မားဆုံးရရှိစေခြင်းတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို ပိုမိုကောင်းမွန်စွာ အထောက်အကူပြုပေးရန် မျှော်မှန်းထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁၃၈ ဒသမ ၃ ဘီလီယံရရှိခဲ့ကာ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှ အများအပြား လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ပထမ ငါးလအတွင်း ယခင်နှစ်ကထက် ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ငွေစီးဝင်မှု အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၆ ဘီလီယံ ရရှိခဲ့သည်။

**ရင်းမြစ်၊ xinhuanet.com**
**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ဘုံသဘောတူညီ ဆန္ဒရရှိရေး ပူးတွဲတိုးချဲ့သင့်သည့် တရုတ်နှင့် အမေရိကန်




တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် ဇွန် ၃၀ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကာလအတွင်း သီးခြားတွေ့ဆုံ၍စီးပွားရေးနှင့် ကုန်သွယ်ရေးညှိနှိုင်းဆွေးနွေးမှုများကို ပြန်လည်စတင်ရန်သဘောတူထားခဲ့ကြသည်။ တွေ့ဆုံမှုပြုပြီးနောက် အမေရိကန်သည် တရုတ်ကုန်ပစ္စည်းများအပေါ် စည်းကြပ်မှုအသစ်များ ထပ်ဆောင်းပြုလုပ်တော့မည် မဟုတ်ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များအကြား တွေ့ဆုံမှုသည် နှစ်နိုင်ငံ ကုန်သွယ်ရေးတင်းမာမှုများကို အရှိန်မြင့်တက်စေခဲ့သော၊ ကမ္ဘာ့စီးပွားရေးကို ကြီးမားစွာကျဆင်းစေသည့် ဖိအားအောက်တွင်ရှိစေခဲ့သော၊ တစ်လကျော်ခန့်ကြာမြင့်ခဲ့သည့် နှစ်နိုင်ငံ ကုန်သွယ်ရေးပြဿနာရပ်များအပေါ် မတက်သာမဆုတ်သာ ဆက်လက်ဆွေးနွေးရန် ရပ်တန့်နေခဲ့သည့် အနေအထားကို ဖြိုခွဲလိုက်ခြင်းဖြစ်သည်။

ဂျီ-၂၀ အိုဆာကာထိပ်သီး ဆွေးနွေးပွဲမတိုင်မီက ကမ္ဘာ့ဘဏ် အပါအဝင်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။ မြင့်တက်လာသော ကုန်သွယ်ရေးအတားအဆီးများ အပါအဝင်အကျဘက်သို့ ဦးတည်နေမှုများကြောင့် ကမ္ဘာ့ဘဏ်သည် ဇွန်လအစောပိုင်းက ၂၀၁၉ ခုနှစ် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်ကို သုည ဒသမ ၃ ရာခိုင်နှုန်း လျှော့ချခဲ့သည်။

ကုန်သွယ်ရေးပြဿနာများကို ဖြေရှင်းရန်ပြန်လည်ညှိနှိုင်းမှုမှာ ထိုကဲ့သို့သော စိုးရိမ်ပူပန်မှုများကို ပြေလျော့စေပြီး ကမ္ဘာ့ဈေးကွက်ကို အားပေးမြှင့်တင်မည့်အချက်ပြမှုများ ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

အခွန်စည်းကြပ်ကောက်ခံမှုများမှာမည်သည့် ပြဿနာရပ်ကိုမျှ ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း ထင်ရှားနေသည်။ ၎င်းအစား ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုကသာလျှင် ကုန်သွယ်ရေးအငြင်းပွားမှုကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ သို့ရာတွင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများကိုသာ တူညီမျှရှိမှုနှင့် အပြန်အလှန်လေးစားမှု အပေါ် အခြေခံကာ ပြုလုပ်သင့်သည်။ နှစ်ဖက်စလုံးမှတရားဝင်ဖြစ်သည့် စိုးရိမ်ပူပန်မှုများကို ဦးတည်ဖြေရှင်းသွားရမည်။

ပြီးခဲ့သည့်ကာလအတွင်း ကုန်သွယ်ရေး ပဋိပက္ခအရှိန်မြင့်လာမှုအပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်မှုမှာ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် ၎င်း၏အဓိက အကျိုးစီးပွားကို မယိမ်းမယိုင် အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ပြသနေသည်။

တရုတ်ပစ္စည်းများအပေါ် ထပ်ဆောင်းအခွန်စည်းကြပ်မှုမပြုရန် အမေရိကန်က ကတိကဝတ်ပြုခြင်းမှာ စေ့စပ်တိုင်ပင်ဆွေးနွေးမှုများ ပြန်လည်စတင်ရေးအတွက် အခြေအနေများကို အမေရိကန်က ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။

ဘုံသဘောတူညီဆန္ဒတိုးချဲ့ရန်နှင့် မတူညီကွဲပြားမှုများကို ကျဉ်းမြောင်းစေရေးအတွက် အမေရိကန်ဘက်မှ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်း၏ ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းသင့်ပြီး ၎င်းမှာနှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် ရလဒ်များဆီသို့ ရောက်ရှိရေးနှင့် ကုန်သွယ်ရေးပြဿနာရပ်များကို ဦးတည်ဖြေရှင်း ရေးတစ်ခုတည်းသော မှန်ကန်သည့် ရွေးချယ်မှုတစ်ရပ်သာဖြစ်သည်။

**ရင်းမြစ်၊ www.xinhuanet.com**
**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် e-Commerce ဈေးကွက်အား အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ ရရှိရန်မျှော်မှန်း

ထိုင်းနိုင်ငံ၏ e-commerce ဈေးကွက်သည် ယမန်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံရှိရာမှ ထိုင်းကုန်ပစ္စည်းများအပေါ် ကမ္ဘာလုံးဆိုင်ရာဝယ်လိုအားကြောင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ဘီလီယံအထိ တိုးတက်နိုင်သည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံ၏ e-commerce ကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာဝယ်လိုအားများပြားသောကုန်ပစ္စည်း အမည်ပေါင်းများစွာရှိနေကြောင်း၊ ထိုင်းနိုင်ငံ၏ e-commerce ဖြင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွင် အဓိကပို့ကုန်အမည်များမှာ ကျောက်မျက်ရတနာများ၊ နာရီများ၊ ကျန်းမာရေးနှင့် အလှကုန်ပစ္စည်းများ၊ မော်တော်ကားအစိတ်အပိုင်းများ၊ အိမ်နှင့် ပန်းဥယျာဉ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အစားများတို့ ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်Google/Temasek Report တွင် eBay ၏အထွေထွေမန်နေဂျာ Jenny Hui က ပြောကြားခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ထိုင်း e-commerce ဈေးကွက်အနေဖြင့် အထူးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့ပြီးပါက တတိယအဆင့်ရှိကြောင်း ဖော်ပြထားသည်။

၎င်းကဆက်လက်၍ e-commerce မှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ e-commerce ၏ ၂၀ ရာခိုင်နှုန်း ရှိလိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် အာရှ-ပစိဖိတ်ဒေသအနေဖြင့် e-commerce ဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု (ပို့ကုန်နှင့် သွင်းကုန်အပါအဝင်)တွင် အကြီးမားဆုံးဖြစ်လာနိုင်သည်ဟု မျှော်လင့်ကြောင်း၊ အရှေ့တောင်အာရှ၏ e-commerce ဈေးကွက်မှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃ ဘီလီယံရှိခဲ့ကြောင်း၊ ဆက်လက်၍ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၃ ဘီလီယံအထိ ကြီးထွားလာမည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။ **လွင်မျိုးဇော် (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့)**

# စင်ကာပူတွင် ၂၀၂၁ ခုနှစ်မှစ၍ PHOs ပါဝင်သည့်စားသောက်ကုန်များရောင်းချမှုကို တားမြစ်မည်

စင်ကာပူနိုင်ငံတွင် ၂၀၂၁ ခုနှစ်ဇွန်လမှစ၍ စားသောက်ကုန်များတွင်ရောနှော ပါဝင်သော Artificial trans fats ဖြစ်ပေါ်ခြင်း၏ အဓိကရင်းမြစ်ဖြစ်သည့် Partially Hydrogenated Oils (PHOs) များ သုံးစွဲမှုကို တားမြစ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ တားမြစ်သွားမည့် စားသောက်ကုန်များတွင် ပြည်တွင်း၌ထုတ်လုပ်သည်ဖြစ်စေ၊ ပြည်ပ၌ ထုတ်လုပ်သည်ဖြစ်စေ၊ ထုပ်ပိုးထားသည့် စားသောက်ကုန်များဖြစ်သော ကွတ်ကီးများ၊ အားလူးအကြွပ်ကြော်များ၊ အသင့်စားခေါက်ဆွဲ များစသည့် စားသောက်ကုန်များ ပါဝင်ကြောင်း သိရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ Senior Parliamentary Secretary ဖြစ်သူ "Mr. AmrinAmin က ဇွန် ၉ ရက်တွင် Sheng Siong စူပါမားကတ်သို့ သွားရောက်စဉ် ပြောဆိုခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် စင်ကာပူနိုင်ငံသားများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးနိုင်ရန်နှင့် စားသုံးမှုအရည်အသွေး တိုးတက် ကောင်းမွန်လာစေရန်ဖြစ်ကြောင်း၊ ထိုစားသောက်ကုန်များအစား အခြားစားသောက်ကုန်များကို ပြောင်းလဲစားသုံးနိုင်သောကြောင့် ဈေးနှုန်းမြင့်တက်လာမည်ဟုလည်း ခန့်မှန်းထားကြောင်း ပြောကြားခဲ့သည်။ စင်ကာပူတွင် ၂၀၁၃ ခုနှစ်မှစ၍ Artifical trans fats နှင့် ပတ်သက်၍ ကန့်သတ်ချက်တချို့ ပြုလုပ်ခဲ့သည့်နောက်ပိုင်း ယခုကဲ့သို့ တားမြစ်ချက်ပြုလုပ်ရန် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ပြည်တွင်းထုတ်လုပ်သူနှင့် လက်လီရောင်းချသူအများစုသည် ၎င်းတို့ ၏ထုတ်ကုန်များကို ပြန်လည် ပြုပြင်ထုတ်လုပ်နိုင်ရန် လိုအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။

စင်ကာပူရှိစားသောက်ကုန် ထုတ်လုပ်သူများ၊ အစားအသောက်နှင့် အဖျော်ယမကာဆိုင်များသို့ ရောင်းချသည့် ဆီနှင့်အဆီများ၊ လက်လီဈေးကွက်တွင်ရောင်းချသည့် ဆီနှင့် အဆီများတွင် ပြည့်ဝဆီမဟုတ်သည့် အဆီပါဝင်မှုနှုန်းသည် ကုန်ပစ္စည်း တစ်မျိုးလျှင် နှစ်ရာခိုင်နှုန်းထက်မကျော်လွန်ရဟု စည်းမျဉ်းထုတ်ထားပြီးဖြစ်ပါသည်။ အဆိုပါစည်းမျဉ်းအရ စားသောက်ကုန်များတွင် PHOs ပါဝင်မှုရှိပါက ပြည့်ဝဆီ မဟုတ်သည့် ဆီပါဝင်မှုနှုန်းကို ပါဝင်ပစ္စည်းစာရင်းတွင် ဖော်ပြရန်လိုအပ်ပါသည်။ ဤစည်းမျဉ်းကြောင့် သက်ရောက်မှုရှိမည့် ကုန်ပစ္စည်းအများစုမှာ ပြည်ပတွင်ထုတ်လုပ်၍ စင်ကာပူသို့ တင်သွင်းလာသည့် ထုပ်ပိုးထားသော စားသောက် ကုန်များဖြစ်သည်။

စင်ကာပူစားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအသင်းမှ ဒုတိယဥက္ကဋ္ဌ Mr.Jimmy Soh က ဤသို့ တားမြစ်ချက်ပြုလုပ်မည်ကို စင်ကာပူရှိ စားသောက်ကုန်ထုတ်သည့် လုပ်ငန်းများက သိရှိပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများအတွက် ကောင်းမွန်သည့် ပြောင်းလဲမှုတစ်ခုလည်းဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်၊ ကနေဒါနှင့် ထိုင်းစသည့်နိုင်ငံများတွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အစောပိုင်းကာလများ၌ အလားတူ တားမြစ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ ဘရာဇီးတွင် အဆိုပါတားမြစ်မှုနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်၌ ဥပဒေပြဋ္ဌာန်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် စတင်အာဏာသက်ဝင်လာမည်ဖြစ်ကြောင်း သိရှိရသည်။

PHOs ပါဝင်မှုရှိနိုင်သည့် အခြားကုန်စည်များမှာ ကိတ်မုန့်၊ အစာသွပ်၍ မီးဖုတ်ထားသော ဂျုံမုန့်များ၊ မုန့်ကြော်များ၊ အေးခဲပီဇာများ၊ အသင့်စားသုံးနိုင်သော အစားအစာများ၊ ခရင်များ၊ three-in-one ဖျော်ရည်အမှုန့်များ၊ ချောကလက်နှင့် မြေပဲထောပတ်များဖြစ်ကြောင်း၊ စင်ကာပူ Sheng Siong Group ကလည်း မိမိတို့၏ စူပါမားကတ်များတွင် ရောင်းချသည့် စားသောက်ကုန်အမျိုးအစား ၂၀၀၀ ခန့်ရှိသည့်အနက် အမျိုးအစား ၂၀၀ ခန့်သည် PHOs ပါဝင်သည်ဟု ခန့်မှန်းထားကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းစည်းကမ်းအား မလိုက်နာသည့် စားသောက်ကုန်များ ပြည်ပမှတင်သွင်းမှုကို ရပ်ဆိုင်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည့်ဝဆီမဟုတ်သော ဆီများကို စားသောက်ကုန်များ၏ အရသာ၊ အရောင်အဆင်းကောင်းမွန်စေရန်နှင့် ကြာရှည်ခံစေရန်တို့အတွက် လုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်များက အသုံးပြုလျက်ရှိကြောင်း၊ သုတေသနပညာရှင်များက ပြည့်ဝဆီမဟုတ်သော အဆီများကို စားသုံးမှုမြင့်မားခြင်းဖြင့် နှလုံးရောဂါနှင့် သွေးကြောပိတ်ခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း သိရှိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# အိန္ဒိယနိုင်ငံ၌ ပဲမျိုးစုံတင်သွင်းမှုကိုတာ အပြီးသတ်ခွဲဝေ

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ Directorate General of Foreign Trade (DGFT) သည် အိန္ဒိယ အစိုးရက ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာချက် No. S.0.1478-1481(E) အရ ၂၀၁၉ ခုနှစ်အတွင်းတင်သွင်းရန် သတ်မှတ်ထားသည့် ပဲမျိုးစုံတင်ခွင့်ပမာဏအတွက် ပြည်တွင်းရှိပို့ကုန်လုပ်ငန်းရှင်များထံသို့ အပြီးသတ် ကိုတာခွဲဝေချထားမှုကို ဇွန် ၁၂ ရက် တွင် ထုတ်ပြန်ခဲ့သည်။

ပဲတင်သွင်းခွင့်ကိုတာ ခွဲဝေရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ပဲမျိုးစုံတင်သွင်းခွင့် ကိုတာခွဲဝေရေး အပြီးသတ် အစည်းအဝေးကို ဇွန် ၁၂ ရက်တွင် ကျင်းပခဲ့ရာ မေ ၂၈ ရက်၌ ထုတ်ပြန်ခဲ့သည့် ကနဦးခွဲဝေမှုဆုံးဖြတ်ချက်အပေါ် အယူခံ တင်သွင်းလာသော ကုမ္ပဏီ ၃၇၈ ခု၏ လျှောက်လွှာများအပေါ် စိစစ်တွေ့ရှိချက်များအား ဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းတို့ အနက် အချက်အလက် မှန်ကန်ပြည့်စုံ မှုမရှိသည့် လျှောက်ထားမှု ၃၆၉ ခုအား ကော်မတီကပယ်ချခဲ့ပြီး ကိုးခုကိုသာ လက်ခံလျက် ပဲမျိုးစုံတင်သွင်းခွင့်ကိုတာ များခွဲဝေချထားခဲ့ရာ ကုမ္ပဏီ စုစုပေါင်း ၁၂၉၆ ခုက တင်သွင်းခွင့်ရရှိကြောင်း၊ ပဲစင်းငုံတန်ချိန် နှစ်သိန်းအတွက် ကုမ္ပဏီ ၁၁၈၆ ခု၊ မတ်ပဲ တန်ချိန် ၁ ဒသမ ၅ သိန်းအတွက် ကုမ္ပဏီ ၁၁၂၁ ခုနှင့် ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်းအတွက် ကုမ္ပဏီ ၁၀၁၆ ခုတို့က တင်သွင်းခွင့်များရရှိခြင်းဖြစ်ကြောင်း၊ ပဲလုံးတန်ချိန် ၁ ဒသမ ကုမ္ပဏီ ၁၁၂၀ ခုက တင်သွင်းခွင့်လျှောက်ထားသော်လည်း ၎င်းပဲအမျိုးအစားအတွက် အပြီးသတ်ကိုတာခွဲဝေမှုကိုဝန်ကြီးဌာနအဆင့်ကော်မတီအစည်းအဝေးသို့ တင်ပြဆုံးဖြတ်ချက်ရယူပြီးမှသာ အသေးစိတ်စာရင်း ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ကိုတာခွဲဝေရေးကော်မတီသည် ပဲတင်သွင်းရမည့် ကာလသတ်မှတ်ချက်ကို ယခင်က ၂၀၂၀ ခုနှစ် မတ် ၃၁ ရက် အပြီး တင်သွင်းရန် သတ်မှတ်ခဲ့သော်လည်း စားသုံးသူများ၏ ဈေးနှုန်းသက်သာမှုရှိစေရန် အလို့ငှာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက် အတွင်း အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့အရောက် တင်သွင်းရန်ပြင်ဆင်သတ်မှတ်လိုက်ကြောင်း၊ ပဲတင်သွင်းရသည့် ကုမ္ပဏီများသည် ပဲတင်သွင်းမှုလုပ်ငန်း ပြီးစီးကြောင်း အစီရင်ခံစာကို နိုဝင်ဘာ ၇ ရက် နောက်ဆုံးထား တင်ပြကြရမည်ဖြစ်ကြောင်းနှင့် ပဲများတင်သွင်းရန် ဆန္ဒမရှိတော့သည့် ကုမ္ပဏီများအနေဖြင့် ရရှိထားသည့် ကိုတာအား ဇွန် ၃၀ ရက်အတွင်း ပြန်လည် အပ်နှံရမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၌ ပြည်တွင်းပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် ၂၀၁၉ ခုနှစ်အတွင်း ပဲမျိုးစုံတင်သွင်းခွင့်ကိုတာ အပြီးသတ်ခွဲဝေချထားမှုနှင့် အောက်တိုဘာလ ၃၁ ရက်အတွင်း ဆိပ်ကမ်းအရောက် တင်သွင်းရန် ပြည်ပကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာန (DGFT) ၏ သတ်မှတ် ထုတ်ပြန်ချက်အရ သိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# စင်ကာပူနှင့် နယူးဇီလန် နှစ်နိုင်ငံအကြား အကောက်ခွန် ရှင်းလင်းမှုကို မြန်ဆန်စွာ ပြုလုပ်နိုင်တော့မည်

စင်ကာပူအကောက်ခွန်ဌာနနှင့် နယူးဇီလန် အကောက်ခွန်ဌာနတို့အကြား အကောက်ခွန်ရှောင်ရှားနိုင်ခြေနည်းပါး၍ ကုမ္ပဏီများအား တရားဝင်အပြန်အလှန် အသိအမှတ်ပြု၍ အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်တစ်ခုအား ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အပြန်အလှန် အသိအမှတ်ပြုရေး သဘောတူညီမှု အစီအစဉ် (Mutual Recognition Arrangement-MRA) အရ စင်ကာပူ အကောက်ခွန်ဌာနမှ ထောက်ခံချက်ဖြင့် တရားဝင်ထုတ်ပြန်ထားသော စင်ကာပူကုမ္ပဏီများအနေဖြင့် နယူးဇီလန်သို့ပို့ကုန်တင်ပို့သည့်အချိန်တွင် နယူးဇီလန် အကောက်ခွန်ဌာနက အကောက်ခွန်ရှင်းလင်းပေးမှုကို မြန်ဆန်စွာ ပြုလုပ်ပေးမည်ဖြစ်သောကြောင့် ယခင်က စာရွက်စာတမ်း တင်သွင်းရမှုများနှင့် သိုလှောင်ရုံ စစ်ဆေးမှုခံယူရသည့် အဆင့်များကို ဆောင်ရွက်ရခြင်းမှ သက်သာသွားမည်ဖြစ်သည်။ အလားတူပင် နယူးဇီလန် အကောက်ခွန်ဌာနက အသိအမှတ်ပြုသည့် နယူးဇီလန် ကုမ္ပဏီများသည်လည်း အဆိုပါအခွင့်အရေးများကို ခံစားကြရမည်ဖြစ်သည်။

စင်ကာပူသည် နယူးဇီလန်နိုင်ငံ၏ အဓိကကုန်သွယ်ဖက် ၁၀ နိုင်ငံစာရင်းတွင် ပါဝင်ပြီး၊ နယူးဇီလန်မှ စီးပွားရေးလုပ်ငန်းများသည် စင်ကာပူတွင် အခြေစိုက်၍ အရှေ့တောင်နှင့် အရှေ့အာရှနိုင်ငံများ၌ လုပ်ငန်းများဆောင်ရွက်နေကြောင်း၊ ၂၀၁၈ ခုနှစ် စင်ကာပူ- နယူးဇီလန် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ထိ ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း၊ ဤအစီအစဉ်သည် နှစ်နိုင်ငံအကောက်ခွန်ဌာန နှစ်ခုအကြား နီးကပ်စွာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုခိုင်မာ တိုးတက်လာစေရေးတို့အတွက် အထောက်အကူ ပြုမည်ဟု မျှော်မှန်းထားကြောင်း သိရှိရသည်။ **မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# စင်ကာပူတွင် Myanmar Job Expo 2019 ပြုလုပ်

စင်ကာပူမြို့ Novotel Singapore Clarke Quay Hotel တွင် ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာအလုပ်အကိုင်ပြပွဲ ၂၀၁၉ " Myanmar Job Expo 2019" ကို ပြုလုပ်ခဲ့သည်။ ပြပွဲ၏ ရည်ရွယ်ချက်မှာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီသို့ ဦးတည်မောင်းနှင်ရာတွင် ကူညီပေးနိုင်မည့် စင်ကာပူနိုင်ငံရောက် အရည်အသွေးပြည့်ဝသော၊ မြန်မာနိုင်ငံသို့ပြန်ရန် အစီအစဉ်ရှိသော မြန်မာ့ကျွမ်းကျင်လုပ်သားများကို ပြည်တွင်းတွင် ပြန်လည်ခေါ်ယူအသုံးချနိုင်စေရန်ဖြစ်သည်။ ဈေးကွက်အတွင်း အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်မြင့်မားနေခြင်းနှင့် လုပ်ငန်းရှင်တို့၏ တောင်းဆိုချက်များအရ ပြပွဲကိုကျင်းပခြင်းဖြစ်ရာ ယခုပွဲသည် စင်ကာပူတွင် ဒုတိယအကြိမ်အဖြစ် JobNet.com.mm မှ စီစဉ်ကျင်းပခြင်း ဖြစ်သည်။ ပြပွဲတွင် မြန်မာနိုင်ငံရှိ ထိပ်သီး ပြည်တွင်းများနှင့် နိုင်ငံတကာကုမ္ပဏီပေါင်း ၁၆ ခုက ၎င်းတို့လိုအပ်လျက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများကို လာရောက်ပြသကမ်းလှမ်းကြသည်။ ပြပွဲသို့ စင်ကာပူရောက် မြန်မာ့ကျွမ်းကျင်လုပ်သားပေါင်း ၂၀၀၀ ကျော် တက်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ စိတ်ပါဝင်စားစွာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.



**HEAD OFFICE**
L-3, Shwe Zabe Housing, Bayint Naung Rd.,
Kamayut Tsp., Yangon, Myanmar.
Tel : +95-1-535571,+95-9-253663414
Fax : +95-1-1535571
Email : mkkwhalelogistics2012@gmail.com

**BRANCH OFFICE**
No.98, 38 Street, Between Merchant Rd.
and Maha Bandula Rd., Kyauktada Tsp.,
Yangon, Myanmar.
Tel : +95-1-252801

TPL **THURA & PARK**
**Logistic Co.,Ltd**

Air | Sea | Express
Cargo Service



Add : No. 101, Kha Yae Pin Yeik Mon, 1St,
Kha Yae Pin Yeik Mon Housing 1, Mingalardon
Township, Yangon, Myanmar.
Tel : +959-404090050, +959-404090060,
+959-404090070.
Email : info@tpiogis.com

KTD Auto Parts **ခိုင်သမာဓိလီမိတက်**



ထုတ်လုပ်သော စက်ရုံမှ တိုက်ရိုက်မှာယူ ဖြန့်ဖြူးရောင်းချပေးနေပါသည်။

**Auto Body Spare Specialist**

- ❖ နောက်ကြည့်မှန်
- ❖ နှင်းခွဲမီး
- ❖ အရှေ့ဘောနက်
- ❖ ရွှံ့ကာ
- ❖ ဘမ်ပါ
- ❖ ရှဲ
- ❖ အနောက်မီး
- ❖ ဘေးပါးခြမ်း
- ❖ အဲကွန်းရေတိုင်ကီ
- ❖ တံခါးလက်ကိုင်
- ❖ ဘမ်ပါကလစ်
- ❖ အရှေ့မီးကြီး



☎ 01545786 • 09450440999

➲ တိုက်(၃)၊ အခန်း(၀၀၁)၊ ကျိုက္ကဆံအိမ်ရာ၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

WINCOM SOLUTIONS



"GROW Together, WIN Together"

**"တောက်ပတဲ့ အခွင့်အရေးများကို ဖန်တီးလိုက်ပါ"**

- ➢ သင့်လုပ်ငန်းရဲ့စီးပွားရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ တိုင်ပင်ဖို့ လိုအပ်နေလား?
- ➢ ဒါမှမဟုတ် လုပ်ငန်းတိုးတက်ဖို့ အဓိကကျတဲ့ ဝန်ထမ်းတွေ အတွက် လုပ်ငန်းဆိုင်ရာ သင်တန်းတွေ ပေးချင်လား ?
- ➢ များပြားလှတဲ့ လုပ်ငန်းဆောင်တာတွေကြား အချိန်အပိုင်းတွေ အတွက် လက်လွှဲဝန်ဆောင်မှုတွေကိုရော ရှာနေလား။ ဒါမှမဟုတ် ဈေးကွက်ထိုးဖောက်ဖို့ လိုအပ်နေလား ?

ဒီလိုဝန်ဆောင်မှုတွေအားလုံးကို WinCom Solutions မှာ ရနိုင်ပါတယ်။

- ➢ WinCom Solutions ဆိုတာကတော့ လူကြီးမင်းတို့ လုပ်ငန်းအတွက် တိုင်ပင်အကြံပေးခြင်းလုပ်ငန်း (Business Consulting)
- ➢ ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်း (Learning and Development)
- ➢ လက်လွှဲဆောင်ရွက်ခြင်း ဝန်ဆောင်မှု (Payroll Outsourcing Services)
- ➢ ဈေးကွက်ထိုးဖောက်ခြင်းသက်ဆိုင်သော ဝန်ဆောင်မှုများ (Field Marketing Services) တို့ကို လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းဖြစ်ပါတယ်။

အသေးစိတ်ဆက်သွယ်စုံစမ်းလိုပါက -
Website : www.wincomsolutions.com
Phone: 09 262788800
တို့မှတစ်ဆင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

C B BANK

# နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများ

ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက်ဘဏ်ဝန်ဆောင်မှုများ

ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက်ငွေကြေးထောက်ပံ့ခြင်း ဝန်ဆောင်မှုများ

အပြည်ပြည်ဆိုင်ရာငွေလွှဲဝန်ဆောင်မှုများ

နယ်စပ်ကုန်သွယ်မှု(မြန်မာ-တရုတ်)လုပ်ငန်းများအတွက် ငွေလွှဲဝန်ဆောင်မှုများ



Hotline :

Trade Centre (Yangon) - (+95) 1 **378 643/4/5**

Trade Sales (Yangon) - (+95) 1 **2317 698**

Trade Centre (Mandalay)- (+95) 2 **4030 865**

Trade Centre (Muse) - (+95) 82 **525 45**

Website : www.cbbank.com.mm

Email : STU@cbbank.com.mm

COMMERCE INTERNATIONAL

# ဗီယက်နမ်တွင် အိမ်ဝယ်သူများအား ရောင်းပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးရန်စိစဉ်



တိုက်ခန်းစီမံကိန်းများကို ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသူများသည် ဝယ်သူများအားပေးထားသော ကတိအတိုင်း အရည်အသွေးကို ထိန်းသိမ်းပေးရန်လိုကြောင်းကျွမ်းကျင်သူများက ပြောကြားသည်ဟု ဗီယက်နမ်နယူးအေဂျင်စီ၏သတင်းတွင် ဖော်ပြသည်။ ပေးထားသာကတိနှင့် မညီညွတ်ပါက ကာလရှည်ကြာစွာ အငြင်းပွားမှုများ ကြုံတွေ့လေ့ရှိကြောင်း ဒိုင်ဖတ်အိမ်ခြံမြေကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်က ဒိုင်တူခေါ် ရင်နှီးမြှုပ်နှံမှုသတင်းစာကိုပြောသည်။

အိမ်တည်ဆောက်သူသည် အဆောက်အအုံထိန်းသိမ်းမှုအတွက် နှစ်နှစ်တာဝန်ယူရသည်။ သို့သော် ထိုကာလကျော်လွန်ပါကနေထိုင်သူများက စီမံခန့်ခွဲရေးရာဘုတ်အဖွဲ့ကို ရွေးချယ်ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သည်။ သို့သော်လည်း ဘုတ်အဖွဲ့ဝင်များမှာလည်း နေထိုင်သူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူရှားပါးသည်။

တိုက်ခန်းများကဲ့သို့သော လူအများကြီး ပိုင်ဆိုင်သည့် အိမ်ခြံမြေစီမံကိန်းများကို စီမံခန့်ခွဲလည်ပတ်ရေးနှင့်ဆိုင်သော နည်းဥပဒေများကို ပြဋ္ဌာန်းပေးရန် အစိုးရက စဉ်းစားပေးရန် လိုကြောင်း ကျွမ်းကျင်သူတစ်ဦးကပြောသည်။

မြို့ပေါ်ရှိ အိမ်များ၊ ခြံဝန်းများနှင့် ဆင်ခြေဖုံးဒေသရှိတိုက်ခန်းများမှာ အများပြည်သူဆိုင်ရာ အထောက်အကူပြုပေးရမည့် ပစ္စည်းများ များပြားသဖြင့် စီမံခန့်ခွဲမှုကို မှန်မှန်ကန်ကန်ပေးရေးမှာ အဓိကကျသောအချက်ဖြစ်ကြောင်း သူကပြောသည်။

တိုက်ခန်းနေသူများ၏ ဘုတ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများနှင့် စီမံကိန်းအိမ်ရာများတွင် နေထိုင်သူများအကြား အောင်သွယ်တော်သဖွယ်သာ ဆောင်ရွက်ပေးသင့်ကြောင်းနှင့် အဆောက်အအုံပြင်ဆင်ရေးကဲ့သို့သော နည်းပညာဆိုင်ရာ ကိစ္စများအတွက် တာဝန်ယူခိုင်းရန်မသင့်ကြောင်း သူကပြောသည်။

## ယခုနှစ်မှာ စီးပွားရေး ပြန်လည်ဦးမော့လာမည်ဟု အိန္ဒိယခန့်မှန်း

နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုကြောင့် ဝယ်လိုအားနှင့် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာသဖြင့် အိန္ဒိယနိုင်ငံ စီးပွားရေးသည် ငါးနှစ်ကြာ ကျဆင်းနေရာမှ ယခုနှစ်တွင် ပြန်လည်ဦးမော့လာလိမ့်မည်ဟု မျှော်လင့်ကြောင်း သက်ဆိုင်ရာသတင်းရပ်ကွက်များကို ကိုးကား၍ thehindubusinessline ဝက်ဘ်ဆိုက်သတင်းတွင်ဖော်ပြသည်။

ဧပြီ ၁ ရက်တွင်စတင်သော ယခုဘဏ္ဍာနှစ်အတွက် အမှန်စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုးသည် ခုနစ်ရာခိုင်နှုန်း တိုးတက်မည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ ခန့်မှန်း ထားသည်။ မုတ်သုံမိုးရွာသွန်းမှု အခြေအနေကြောင့် စီးပွားရေးဖွံ့ဖြိုးမှုကျဆင်းမည့် အလားအလာနှင့် တိုးတက်မည့်အလားအလာတို့မှာ တူညီနေကြောင်း အဆိုပါသတင်းရပ်ကွက်မှပြောသည်။

စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ယခင်နှစ်က ၆ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သည့်အတွက် ယခုနှစ်ခန့်မှန်းချက်မှာ ထိုခန့်မှန်းချက်ထက်မြင့်တက်ပြီး အိန္ဒိယဗဟိုဘဏ်၏ခန့်မှန်းချက်နှင့်လည်း ကိုက်ညီနေသည်။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အိန္ဒိယ ဗဟိုဘဏ်က ၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မည်ဟု ဇွန်လအတွင်းက ခန့်မှန်းခဲ့ရာမှ ယခုနှုန်းသို့ ပြန်လည်လျှော့ချခဲ့ခြင်းဖြစ်သည်။

ရေနံစိမ်းဈေးနှုန်းများ ၂၀၁၈ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနှုန်းအောက် များစွာကျဆင်းနေခြင်းကလည်း ပြည်တွင်း စားသုံးမှုအတွက် ကောင်းသောအလားအလာဖြစ်ကြောင်းနှင့် စားသုံးမှုသည် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းအထိရှိနေကြောင်း သူတို့ကပြောသည်။

## အဆင့်မြင့်နည်းပညာတင်ပို့မှုကို ထိန်းချုပ်သည့်အတွက် ဂျပန်နိုင်ငံကို တောင်ကိုရီးယားပြစ်တင်

အဆင့်မြင့်နည်းပညာ ပစ္စည်းများတင်ပို့မှုကို ထိန်းချုပ်သည့်စည်းမျဉ်းများကို တင်းကျပ်လိုက်သည့် မူဝါဒကို ဂျပန်နိုင်ငံက ရုပ်သိမ်းပေးအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန် တောင်ကိုရီးယားအစိုးရအရေးပေါ် အစည်းအဝေးကို ကျင်းပခဲ့ကြောင်း NHK သတင်းဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

တစ်ပိုင်းလျှပ်ကူး ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေးပါသော ကုန်ပစ္စည်းအမယ် သုံးမျိုးအား တောင်ကိုရီးယားနိုင်ငံသို့တင်ပို့ပါက ခွင့်ပြုချက်ရယူရန်ဂျပန်အစိုးရက ဇူလိုင် ၄ ရက်က သတ်မှတ်ခဲ့သည်။

ထိုပစ္စည်းသုံးခုမှာ ဖလူအိုရိုက် ပိုလီမိုက်၊ အဆင့်မြင့် ဟိုက်ဒရိုဂျင်ဖလူအိုရိုက်နှင့် လျှပ်စစ်ဒဏ်ခံပစ္စည်းတို့ဖြစ်သည်။ တောင်ကိုရီးယားသို့ ပို့ကုန်မူဝါဒကိုပြောင်းလဲရခြင်းမှာ မကြာသေးမီကာလအတွင်းက အပြန်အလှန် ယုံကြည်မှုများ ယိုယွင်းခဲ့ရသောကြောင့် ဖြစ်ကြောင်းဂျပန်အစိုးရကပြောသည်။

တောင်ကိုရီးယားနိုင်ငံ တစ်ခုတည်းကိုသာ ပစ်မှတ်ထားသော ဂျပန်နိုင်ငံ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ချမှတ်သော စည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်ကြောင်း တောင်ကိုရီးယားနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းမှ အမျိုးသမီးအရာရှိတစ်ဦးက ပြောသည်။

အိုဆာကာတွင် ယခင်သီတင်းပတ်ကကျင်းပသော ဂျီ ၂၀ ထိပ်သီး အစည်းအဝေး သဘောတူညီထားခဲ့သောစိတ်ဓာတ်ကို ဂျပန်နိုင်ငံကမဆန့်ကျင်သင့်ကြောင်း သူကပြောသည်။



## စင်ကာပူအိုင်တီဘွဲ့ရတို့ စီးပွားရေးနှင့် အင်ဂျင်နီယာဘွဲ့ရတို့ထက် လစာပိုမို

စင်ကာပူကျောင်းသားအကြားမျှော်မှန်းလစာမြင့်မားလျက်ရှိရာ အိုင်တီဘွဲ့ရများမှာ တစ်လကိုဒေါ်လာ ၄၅၀၀ အထိရနိုင်ကြောင်း Universum ခေါ် အလုပ်ရှင်များကိုကောက်ယူသော နှစ်ပတ်လည်စစ်တမ်း ကိုကိုးကား၍ စထရိတ်တိုင်းသတင်းစာတွင်ဖော်ပြသည်။ အထူးသဖြင့် အိုင်တီဘွဲ့ရများအတွက် မျှော်မှန်းလစာမှာ စီးပွားရေးနှင့် အင်ဂျင်နီယာကျောင်းသားတို့ရ သောလစာနှင့်နှိုင်းယှဉ်ပါက ထူးထူးခြားခြားမြင့်မားနေပြီး ဤအခြေအနေက စင်ကာပူနိုင်ငံတွင် နည်းပညာနှင့် ဒစ်ဂျစ်တယ်ပညာရှင်များ လိုအပ်ချက် တိုးတက်မြင့်မားနေသည်ကို ပြသလျက်ရှိကြောင်း အစီရင် ခံစာတွင် ဖော်ပြသည်။

ပျမ်းမျှအားဖြင့် အိုင်တီဘွဲ့ရတို့ မျှော်မှန်းနိုင်သောလစာမှာ တစ်နှစ်ကို ၅၃၇၂ ဒေါ်လာဖြစ်သည်။ ဤနှုန်းအတိုင်းဆိုပါက လစဉ်ရငွေမှာ ဒေါ်လာ ၄၅၀၀ ဖြစ်သဖြင့် စီးပွားရေးနှင့် အင်ဂျင်နီယာဘွဲ့ရတို့ရရှိသော လစာထက် ရာခိုင်နှုန်း ၂၀ ပိုမိုမြင့်မားသည်။ စီးပွားရေး/ကူးသန်းရောင်းဝယ်ရေး ကျောင်းသားများအတွက် မျှော်မှန်းလစာမှာ တစ်နှစ် ၄၄၄၅၉ ဒေါ်လာဖြစ်ပြီး အင်ဂျင်နီယာ/သဘာဝသိပ္ပံကျောင်းသားများက ၄၄၆၆၁ ဒေါ်လာရှိကြောင်း စစ်တမ်းအရသိရသည်။

ထို့အပြင် ယခုနှစ်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကျောင်းသားများအနက် ၄၄ ရာခိုင်နှုန်းက ဘဏ်လုပ်ငန်းကို အနှစ်သက်ဆုံးလုပ်ငန်းအဖြစ်ရွေးချယ်ကြသည်။ဘဏ်အများစုမှာ အဆင့်သတ်မှတ်ချက် သိသိသာသာ မြင့်တက်ခဲ့သည်။ အဆင့်သတ်မှတ်ချက်မြင့်ခဲ့သော ဘဏ်များတွင် Credit Suisse (+ 35 ), Goldman Sachs (+7), DBS (+4) နဲ့ JPMorgan (+2) အသီးသီးမြင့်တက်ခဲ့သည်။

အိုင်တီကဏ္ဍကို နှစ်သက်မှု ပိုမိုမြင့်တက်ခဲ့ရခြင်းမှာ ကျောင်းသားများက ဘွဲ့ရပြီးစတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၌ အလုပ်လုပ်လိုသော ဆန္ဒပြင်းပြမှုကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျောင်းသားများအနက် ရာခိုင်နှုန်း ၅၀ ကျော်က အပြည်ပြည်ဆိုင်ရာကုမ္ပဏီတစ်ခုတွင် အသက်မွေးဝမ်းကျောင်း စတင်လိုသည်မှာထူးခြားကြောင်း၊ ဤအခြေအနေကို ထိပ်တန်းစီးပွားရေးလုပ်ငန်း ၁၀၀ စာရင်းတွင် ထင်ရှားစွာတွေ့ရကြောင်းနှင့် စင်ကာပူရှိကုမ္ပဏီ ၁၀ ခုအနက် ခုနစ်ခုမှာအပြည်ပြည်ဆိုင် ရာ ကုမ္ပဏီတွေဖြစ်ကြောင်း Universum အစီရင်ခံစာတွင် ဖော်ပြသည်။

**If you can't reuse it,refuse it**

**ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။**

စံမီအောင် စုစည်းသည်